# မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၂၆၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

၂၀၁၃ ခုနှစ်၊ ဇွန် ၂၅ ရက်၊ အင်္ဂါနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခရိုအေးရှားနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၃ ခုနှစ် ဇွန်၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာ အိုင်ဗို ဂျိုဆီပိုဗစ်ချ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆလိုဗေးနီးယားနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၃ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ ဘိုရွတ် ပါဟော် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# နှစ်နိုင်ငံနယ်စပ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ကူညီပူးပေါင်းဆောင်ရွက်မည် ကျောက်ဖြူအထူးစီးပွားရေးဇုန် ထူထောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ ရန်ကျဲချီအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ ရန်ကျဲချီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်က ပြောကြားရာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုဖွံ့ဖြိုးရန် ပိုမိုနက်နဲစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မြဲမှုသည် ခေါင်းဆောင်အဆက်ဆက်နှင့် ပြည်သူများ၏ ကြိုးစားမှုကြောင့်ဖြစ်ပါကြောင်း၊ ထိုသို့ ချစ်ခင်ရင်းနှီးမှုကို ပိုမိုတန်ဖိုးထားရမှာဖြစ်ပါကြောင်း၊ သမ္မတကြီး၏ ဂရုစိုက်ဆောင်ရွက်မှုကြောင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများမှာ တိုးတက်လာပါကြောင်း။

မြန်မာနှင့် KIA အဖွဲ့တို့ မြန်မာနိုင်ငံအတွင်း ဆွေးနွေးပွဲများ ကျင်းပနိုင်ခြင်းသည် ရလဒ်ကောင်းများ ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ဝမ်းသာပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်တံ့ခိုင်မြဲမှုကို လေးစားပါကြောင်း၊ တရုတ်-မြန်မာ နယ်စပ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

ကျောက်ဖြူစက်မှုဇုန်စီမံကိန်း အမြန်အကောင်အထည်ဖော်ရန် မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အနောက်တောင်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်လိုပါကြောင်း၊ (၂၇)ကြိမ်မြောက် SEA Game ကျင်းပနိုင်ရေးအတွက်လည်း စာမျက်နှာ ၃ ကော်လံ ၁ ●

## မာတိကာ


ယနေ့ မာတိကာ

တိုက်ဆောက်ရန် မြေတူးရာမှ ရွှေများတွေ့ရှိ ပြန်မအပ်သည့် မြေတူးသူများကို စစ်ဆေးလျက်ရှိ — စာမျက်နှာ - ၂

အမေရိကန် လုံခြုံရေးသတင်းများ ဖွင့်ချခဲ့သူ စနိုးဒန်း အီကွေဒေါက ခိုလှုံခွင့်ပေးရန် စဉ်းစားနေ — စာမျက်နှာ - ၄

ဥရောပအာကာသအေဂျင်စီ နေကို အနီးကပ် လေ့လာမည် — စာမျက်နှာ - ၅

တစ်ခေတ်တစ်ခါက စံပြလူမှုဝန်ထမ်းသမား မြန်မာအမျိုးသမီးများ

ဆောင်းပါး — စာမျက်နှာ - ၆


# မြန်မာနှင့်ဗီယက်နမ် အပြန်အလှန် ကုန်သွယ်မှုတိုးမြှင့်မည်

သတင်းမှတ်စု - မောင်သစ္စာ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၄

**မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းနယ်ပယ်ကဏ္ဍအသီးသီးတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်မှုများ တဖြည်းဖြည်း တိုးတက်မြင့်မားလာလျက်ရှိရာ ဗီယက်နမ်နိုင်ငံက နယ်ပယ်ကဏ္ဍအချို့တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။**

ဗီယက်နမ်နိုင်ငံသည် မွေးမြူရေး၊ ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ရှိနေခြင်းဖြစ်သည်။ ဗီယက်နမ်နှင့် မြန်မာနှစ်နိုင်ငံတို့သည် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုငွေကြေးပမာဏကို လာမည့် ၂၀၁၅ ခုနှစ်၌ အမေရိကန်ဒေါ်လာ သန်း ၅၀၀ အထိ ရောက်ရှိရန် ရည်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် သဘာဝဓာတ်ငွေ့နှင့်ရေနံလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ဆောင်ရွက်နေလျက်ရှိသည်။ တစ်ဖန်သစ်တောရေးရာကဏ္ဍနှင့်လုံခြုံရေး၊ ကာကွယ်ရေးရာကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီများဖြစ်သော ဟောင်အင်ဂါလီကုမ္ပဏီ၊ ဆီဗွန်ဒေါင်ဒါကုမ္ပဏီဘဏ်လုပ်ငန်းများနှင့် ဗီယက်နမ်နိုင်ငံမှ ဆောက်လုပ်ရေးကုမ္ပဏီများကလည်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ကြမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၅ ❍




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### သွေးလွန်တုပ်ကွေးရောဂါ ဝိုင်းဝန်းနှိမ်နင်းမှာ

ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာမှာ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးကိုလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထု ပါဝင်ပူးပေါင်းပြီး ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ယခုရာသီအချိန်တွင် အဖြစ်များပြီး အချို့တိုင်းဒေသကြီးများနှင့် ပြည်နယ်အချို့တွင် စတင်ဖြစ်ပွားလျက်ရှိသည်။ ယင်းရောဂါသည် မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှနိုင်ငံများတွင် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အနေဖြင့် ရှိနေသောရောဂါဖြစ်သည်။ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းအနေဖြင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကုသရေးအပိုင်းတွင်လည်း ရောဂါဖြစ်ပွားမှုလျော့ကျစေရေးနှင့် ရောဂါဖြစ်ပွားသူများ သေဆုံးမှုမရှိစေရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ရောဂါဖြစ်ပွားမှကုသခြင်းထက် မဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးသော ဆေးတစ်မျိုးဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုးလေးမျိုးကြောင့်ဖြစ်ပြီး ရောဂါပိုးသယ်ဆောင်လာသော ခြင်ကျား၊ ခြင်ပုန်းဟုခေါ်သည့် အေဒီးစ်ခြင်ကိုက်ခြင်းမှတစ်ဆင့် ကူးစက်ခံရသည့် ရောဂါတစ်မျိုးဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် တစ်ကြိမ်ဖြစ်ပြီးလျှင် နောက်ထပ်လည်းဖြစ်နိုင်ပြီး နောက်တစ်ကြိမ်ထပ်ဖြစ်ပါက ပိုပြီးပြင်းထန်တတ်သည်။ များသောအားဖြင့် အသက် ၁၅ နှစ်အောက်အဖြစ်များသော်လည်း ၁၅ နှစ်အထက်များလည်း ဖြစ်တတ်လာသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ဆင်းရဲချမ်းသာမရွေး၊ လူမျိုးဘာသာမရွေးဖြစ်တတ်သဖြင့် ယင်းရောဂါမဖြစ်ပွားရန် ခြင်ကျား၊ ခြင်ပုန်းအကိုက်မခံရန် ဆောင်ရွက်ထားကြရမည် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါ သယ်ဆောင်လာသော ခြင်ကျား၊ ခြင်ပုန်းခေါ်သည့် အေဒီးစ်ခြင်သည် ရေကြည်၊ ရေသန့်မှာပေါက်သည့် အလေ့အထရှိသဖြင့် အိမ်တွင်း၊ အိမ်ပြင်၌ ရေဝပ်နေသည့်နေရာ၊ ရေကြည်၊ ရေသန့်ထည့်ထားသည့် ဘုရားပန်းအိုး၊ ညောင်ရေအိုး၊ ရေပုံး၊ ရေအိုး၊ ရေကန်၊ အိမ်အပြင်တွင် စွန့်ပစ်ထားသည့် မိုးရေတင်ကျန်နိုင်သည့် ဘူးများ၊ ပုံးခွံ၊ အိုးခြမ်းပဲ့ စသည့်နေရာများတွင် အေဒီးစ်ခြင်၏ ပိုးလောက်လမ်းများကို တွေ့နိုင်သည်။

ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းအနေဖြင့် ရောဂါမဖြစ်ပွားမီ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ(ဖုံး၊ သွန်၊ လဲ၊ စစ်)တို့ကို ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ လူတိုင်းသည် မိမိတို့၏ အိမ်တွင်း၊ အိမ်ပြင်နှင့် ပတ်ဝန်းကျင်တွင် ခြင်မပေါက်ပွားနိုင်ရန် သန့်ရှင်းသပ်ရပ်မှုသည် အဓိကကျပါသည်။ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ မိသားစု၊ ရပ်ကွက်သန့်ရှင်းပါမှ ရောဂါပိုးသည်လည်း မကူးစက်နိုင်ပေ။ ခြင်ကျား၊ ခြင်ပုန်းများ၏ ပိုးလောက်လမ်းများ လျော့နည်းစေရန် ရပ်ကွက်၊ ကျေးရွာတို့တွင် ပိုးလောက်လမ်းသေစေနိုင်သည့် အဘိတ်ဆေးခတ်ခြင်းကို ရေကန်၊ ရေအိုးတို့တွင် ထည့်ရမည်ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် အချိန်မီကုသခြင်းမပြုပါက အသက်အန္တရာယ်ကို ထိခိုက်နိုင်ပါသဖြင့် ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံး သွားရောက်ကြရမည် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများကပါ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# လှိုင်းတက်မြို့ မင်းရဲရွှေဂူ ရွှေဘုန်းတော်ပွင့်စေတီတော်မြတ်ကြီး၏ ရွှေထီးတော်သစ်တင်လှူ

နေပြည်တော် ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ထောင်ပြုမြို့ဟောင်းဖြစ်ခဲ့သည့် လှိုင်းတက်မြို့တွင် ပုဂံခေတ်ကပင် တည်ထားကိုးကွယ်တော်မူခဲ့သော မင်းရဲရွှေဂူ ရွှေဘုန်းတော်ပွင့် စေတီတော်မြတ်ကြီး၏ ရွှေထီးတော် သစ်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို ဇွန် ၂၃ ရက် နံနက်ပိုင်းက အဆိုပါ စေတီတော်မြတ်ကြီး၏ ဝတ္တကံ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်ဇနီး ဒေါ်နန်းဖြူဖြူအေးတို့ တက်ရောက်ကြည်ညိုကြသည်။ ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးမိသားစု၊ တာဝန်ရှိသူများသည် လှိုင်းတက်ဘုရားကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဝိသာရအား သွားရောက်ဖူးမြော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများနှင့် စာသင်သား ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဇွန် ၂၃ ရက်က ၂၀၁၃ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် မြက်ခင်းတု ဟော်ကီအားကစားကွင်း၌ မျိုးဆက်သစ်အမျိုးသားလူငယ် ဟော်ကီပြိုင်ပွဲ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပထမဆုရရှိသွားသည့် မင်္ဂလာတောင်ညွန့် လူငယ်(က)အသင်းအား ဂုဏ်ပြုဖလားပေးအပ်စဉ်။

သန်းဆွေ (ပန်းဘဲတန်း)

# သတ္တသတ္တာဟမဟာဗောဓိစေတီသို့ဘုရားဖူးများ သွားလာမှု အဆင်ပြေစေရေးယာဉ်လိုင်းများပြေးဆွဲပေး

နေပြည်တော် ဇွန် ၂၄

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥဒယရံသီကုန်းတော်တွင် တည်ထားကိုးကွယ်လျက်ရှိသော သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်လိုသည့် ပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ (မြို့တွင်း)မှ အားမာန်သစ်အမှတ် (၈) ယာဉ်လိုင်းဖြင့် ဘောဂသီရိ၊ ပျဉ်းမနား၊ မြို့မဈေး၊ ပုဗ္ဗသီရိ၊ သတ္တသတ္တာဟ စေတီခရီးစဉ်အား လည်းကောင်း၊ ရွှေမြို့တော်အမှတ် (၂) ယာဉ်လိုင်းဖြင့် ဘောဂသီရိ၊ ပျဉ်းမနား၊ မြို့မဈေး၊ ချင်းရွာ သတ္တသတ္တာဟ စေတီခရီးစဉ်အားလည်းကောင်း၊ တော်ဝင်ယာဉ်လိုင်းများဖြင့် တပ်ကုန်း၊ သတ္တသတ္တာဟစေတီ ခရီးစဉ်နှင့် လယ်ဝေး၊ ပျဉ်းမနား၊ သတ္တသတ္တာဟ စေတီခရီးစဉ်တို့အား လည်းကောင်း နေ့စဉ် ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# တိုက်ဆောက်ရန် မြေတူးရာမှ ရွှေများတွေ့ရှိ ပြန်မအပ်သည့်မြေတူးသူများကို စစ်ဆေးလျက်ရှိ

ရန်ကုန် ဇွန် ၂၄

ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ တိုက်ဆောက်ရန် မြေတူးကြရာမှရရှိခဲ့သော ရွှေထည်ပစ္စည်းများကို အိမ်ပိုင်ရှင်ဖြစ်သူသို့ အပ်နှံခြင်းမပြုဘဲ ယူ၍ ရောင်းချသုံးစွဲသူနှင့်ဆက်နွှယ်သူများအား ကြည့်မြင်တိုင်မြို့နယ် မြို့မရဲစခန်းမှ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက် အောင်သပြေ (၁) လမ်းတွင်နေထိုင်သူ သိန်းလွင်(၄၁နှစ်)သည် လုပ်ငန်းအတည်တကျမရှိဘဲ ငွေကြေးများ လွန်ကဲစွာ အသုံးပြုနေကြောင်း သတင်းအရ ဇွန် ၁၅ ရက်က မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ ဒုရဲအုပ်ထွန်းလှိုင်နှင့်အဖွဲ့က လှိုင်သာယာမြို့နယ် မြို့မရဲစခန်း၌ ဖော်ထုတ်စစ်ဆေးခဲ့ရာမှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

သိန်းလွင်သည် မေလအတွင်းက ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ဗားကရာလမ်း အမှတ်(၅၁)ရှိ နေရာကို တိုက်ဆောက်ရန် မြေအငှားတူးဖော်ခြင်း အလုပ်ရခဲ့ရာမှ ဟောလစ်ပုလင်းဖြင့် ထည့်ထားသော

ရွှေထည်ပစ္စည်းများကို ရရှိခဲ့ကြောင်း ထုတ်ဖော်ခဲ့သည်ဟု ဆိုသည်။

သိန်းလွင်၏ ထုတ်ဖော်ပြောကြားချက်အရ လှိုင်မြို့နယ်ရှိ ကမ္ဘာကျော် အုတ်သဲကျောက်ရောင်းဝယ်ရေးတွင် အပ်ထားသော တန်ဖိုးငွေကျပ် ၆၃ သိန်းကျော်ခန့် ရွှေထည်များကို ပြန်လည် သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

အမှုအား လှိုင်သာယာမြို့နယ် မြို့မရဲစခန်းမှ ကြည့်မြင်တိုင်မြို့နယ် မြို့မရဲစခန်းသို့ လွှဲပြောင်းပေးသည့်အတွက် ကြည့်မြင်တိုင်မြို့နယ် မြို့မရဲစခန်းမှ လက်ခံ၍ ဆက်လက်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၎င်းအား ဆက်လက်စစ်ဆေးထုတ်ဖော်ချက်အရ ပထမအပ်နှံထားသော ရွှေထည်များအပြင် မအပ်ဘဲ ဝှက်ယူထားသည့် ရွှေများကို သယ်န်းကျွန်းမြို့နယ်အတွင်းရှိ--------- ရွှေရောင်းဝယ်ရေးဆိုင်မှ ပုံပျက်ရွှေ ၁၂ ကျပ်သားကျော်ကို ဇွန် ၂၀ ရက်က ဒုရဲအုပ်နိုင်ဝင်းနှင့်အဖွဲ့က ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

သတင်းအခြေတည်ရာသို့ မြန်မာ့အလင်းသတင်းထောက်အနေဖြင့် ထပ်မံရောက်ရှိခဲ့ပြီး တိုက်ပြန်လည်တည်ဆောက်နေသည့် ဦးခွေး(ခ) ဦးကိုခွေး(ကွယ်လွန်)၏ သမီးဖြစ်သူ ဒေါ်ခင်ကြည်နှင့် တွေ့ဆုံခဲ့ရာ ၎င်းက "မိဘတွေရဲ့ အမွေအနှစ်ပါ၊ အမေ့လက်ထက်ကတည်းက မြှုပ်ထားတာပါ။ အဲဒီတုန်းက မြေတူးပေးခဲ့တဲ့သူတောင် အခုသက်ရှိထင်ရှားရှိနေပါသေးတယ်။ နာဂစ်ဖြစ်ပြီး အိမ်ပြိုသွားတုန်းက အိမ်ပြန်ဆောက်ဖို့ တစ်ခါပြန်ရှာပါသေးတယ်။ အဲဒီတုန်းက မတွေ့ခဲ့ဘူး၊ တစ်အိမ်လုံးလည်း မြေမလှန်နိုင်ဘူးလေ၊ ရွှေထည်ပစ္စည်းက မြေမှာမြှုပ်ဝှက်ထားရင် နေရာရွေ့တယ်လို့ လူကြီးတွေက ပြောဖူးပါတယ်။ အဲဒါကြောင့်ဖြစ်မယ်ထင်ပါတယ်။ အခုတိုက်ဆောက်ဖို့မြေတူးတော့ ကျွန်မကိုယ်တိုင် နေ့တိုင်းပဲ လာလာစောင့်ပါတယ်။ သူတို့ကိုတော့ ဘာမှမပြောခဲ့ဘူး၊ လက်ထဲမှာ ကင်မရာလေးအမြဲဆောင်ထားတယ်။ အကယ်၍ ပြန်တွေ့တဲ့မြေတူးသမားကို ထိုက်ထိုက်တန်တန်ပြန်ပေးပြီး မှတ်တမ်းတင်ဖို့ပါ။ ဘယ်လိုလွတ်ထွက်သွားတယ် မသိတော့ပါဘူး" ဟု ပြောပြသည်။

၎င်းအမှုနှင့်ပတ်သက်၍ ရွှေထည်ပစ္စည်းများပြည့်စုံစွာ ပြန်လည်ရရှိရေးအတွက် ကြည့်မြင်တိုင်မြို့နယ် မြို့မရဲမှူးစိုးသင်၊ စခန်းမှူး ဒုရဲမှူးတိုးရွှေတို့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အမှုလိုက်ဒုရဲအုပ်နိုင်ဝင်းနှင့် အဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်ဝင်းလေး (ကြည့်မြင်တိုင်)**

● **ရှေ့ဖုံးမှ**

ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် ကီလိုမီတာ ၂၀၀၀ ကျော် ဆက်စပ်လျက်ရှိပြီး ပြည်နယ်နှစ်ခုမှ ပြည်သူများ နေ့စဉ်ကူးလူးဆက်ဆံမှုများရှိပါကြောင်း၊ နှစ်နိုင်ငံသမိုင်းကြောင်းအရ ပူးပေါင်းဆောင်ရွက်မှု များစွာရှိပါကြောင်း၊ ၂၀၁၁ ခုနှစ် မိမိ၏ခရီးစဉ်မှစတင်၍ နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာဆက်ဆံရေးကိစ္စ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါကြောင်း။

မိမိတို့ အစိုးရသစ်တာဝန်ယူပြီးနောက် ပြုပြင်ပြောင်းလဲမှု များစွာပြုလုပ်ခဲ့ပါကြောင်း၊ တရုတ်နိုင်ငံသည် နှစ်ပေါင်း ၃၀ အတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကို နမူနာယူရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေအများစုမှာ ကျေးလက်နေပြည်သူများဖြစ်ပါကြောင်း၊ အဓိကလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးစေရန် ချေးငွေများ ကူညီဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန် ထူထောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ၂၀၁၄ တွင် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့်ကိစ္စနှင့် SEA Game ဖွင့်ပွဲ ပိတ်ပွဲများ ခမ်းနားစေရန် ဝိုင်းဝန်းကူညီပေးမည်ကိုသိရ၍ များစွာကျေးဇူးတင်ပါကြောင်း၊ ထို့ပြင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ပူဇော်ရန် စွယ်တော်သုံးဆူလှူဒါန်းသည့်အတွက် ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ အေးချမ်းတည်ငြိမ်ရေးနှင့် နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာဆက်ဆံရေး ပိုမိုခိုင်မြဲရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့်အတူ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Yang Houlan နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့်စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၄

**လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ကော်မတီအနေဖြင့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဒေသခံလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ရေး၊ နယ်ပယ်ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာစေရန် ကော်မတီနှင့်အတူ သတ္တုတွင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာဝမ်ပေါင်ကုမ္ပဏီ အပါအဝင် တာဝန်ရှိသူများအားလုံး ဒေသခံပြည်သူလူထုနှင့် ပိုမိုထိတွေ့၍ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိရေးကိစ္စရပ်များအပေါ် ပွင့်လင်းမြင်သာမှုရှိရှိဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများ ဥပဒေများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ **(အပေါ်ယာပုံ)**

ထို့နောက် စီမံကိန်းနှင့် ပတ်သက်၍ နိုင်ငံတော်၏ စီးပွားရေးအရ ရရှိသည့် အကျိုးအမြတ်ကို ယခုထက်ပိုမိုပြည့်ဝစွာ ရရှိစေရန်အတွက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဝမ်ပေါင်ကုမ္ပဏီနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့က တည်ဆဲဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်များကို အသေးစိတ် ညှိနှိုင်းတိုင်ပင်ကြကာ လေ့လာတွေ့ရှိသောအားနည်းချက်များကိုပြုပြင်ပြီး ဆောင်ရွက်ကြမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ အကဲဖြတ်မှုများ (ESIA)၊ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု (EMP)၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး (OHSAS) တို့ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အသေးစိတ် ဆွေးနွေးခဲ့ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်း ဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာဝမ်ပေါင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ Mr.Geng Yi နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုကြိုဆို သပြေကုန်းနှင့် ကုံးကော်အဝိုင်းအနီးတို့တွင် ဆိုင်းဘုတ်တင်ပွဲများကျင်းပ

နေပြည်တော် ဇွန် ၂၄

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး၌ မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီက ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများနှင့် ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်၊ ဒေါ်မြသီဂီနှင့်ဒေါ်ခင်မိမိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

အလားတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကုံးကော်အဝိုင်းအနီး၌လည်း နံနက် ၇ နာရီတွင် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အသက်ကယ်ဝတ်စုံ ဆောင်ထားကြရန်နှိုးဆော်

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်/ ချောင်းကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ရေနစ်မြုပ်မှုဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်/ချောင်းများတွင် သွားလာနေသော ရေယာဉ်များလည်း ရေယာဉ်နစ်မြုပ်မှု ကြုံတွေ့နိုင်သဖြင့် အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) လုံလောက်စွာ ဆောင်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

**မီးသတ်ဦးစီးဌာန**

## သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

## ပြည်တွင်းသတင်း

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခရိုအေးရှားနိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၃ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဒေါက်တာ ဗက်စ်နာ ပူစစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆလိုဗေးနီးယားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၃ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာလ်အာရ်ဂျဗက်စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဇွန် ၂၄

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"အေးချမ်းသာယာပြည်မြန်မာ"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ၊ ရိုးရာပွဲတော်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စည်းကမ်းများမှာ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀×၁၄) လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသောဓာတ်ပုံများမဖြစ်ရပါ။ ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။ ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ မိမိတို့၏ ပြိုင်ပွဲဓာတ်ပုံများအား Kodak စက္ကူဖြင့်သာ ကူးယူပေးပို့ ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား **ပထမဆု** ကျပ်သုံးသိန်း၊ **ဒုတိယဆု** ကျပ်နှစ်သိန်း၊ **တတိယဆု** ကျပ်တစ်သိန်းငါးသောင်းနှင့် **အထူးဆု** ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါဆုရရှိသူများအား Myanmar Golden Rock ကုမ္ပဏီက ပထမဆုရရှိသူအား (Cannon SLR ကင်မရာEOS-1000D with 18-55 mm II lens) အားလည်းကောင်း၊ ဒုတိယဆုရရှိသူအား (Cannon Compact Digital ကင်မရာ IXUS-132)အားလည်းကောင်း၊ တတိယဆုရရှိသူအား (Cannon Compact Digital ကင်မရာ Power Shot A-2500) အားလည်းကောင်း၊ အထူးဆုရရှိသူများအား ငွေသား ၅၀၀၀၀ ကျပ်တန် Cannon Showroom တွင် ဈေးဝယ်ခွင့်ကူပွန်များအားလည်းကောင်း ဆုများပါဝင်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၄င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည် မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်မည်

နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း(၃/၂၀၁၃)ကို ဇူလိုင် ၁ ရက်မှ စတင်၍ နှစ်လကြာ သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ အရိုးကုန်းရပ်ကွက် ကျိုက္ကဆံလမ်း တာမွေမြို့နယ် အလုပ်သမားဆေးရုံဝင်း၌ သင်ကြားပို့ချမည်ဖြစ်ကြောင်း သင်တန်းသူ ဦးရေ ၂၀ သာလက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို အရိုးကုန်းရပ်ကွက် ကျိုက္ကဆံလမ်း တာမွေမြို့နယ် အလုပ်သမားဆေးရုံဝင်းတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းယူ၍ ဇွန် ၃၀ ရက် နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ဖုန်း - ၀၉-၄၂၅၂၈၂၀၆၀ သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တရုတ်သမ္မတရှီကျင့်ဖျင် ဇွန် ၂၄ ရက်က အာကာသယာဉ်မှူးသုံးဦးသို့ ဖုန်းမှတစ်ဆင့် ၄င်း၏ ကြိုဆိုနှုတ်ခွန်းဆက်စကားကို ပြောကြားစဉ်။

# သမ္မတရှီကျင့်ဖျင် တရုတ်အာကာသယာဉ်မှူးများနှင့် ဆွေးနွေးစဉ် အာကာသစူးစမ်းလေ့လာမှု၌ မြန်ဆန်သောခြေလှမ်းများအတွက် သန္နိဋ္ဌာန်ပြု

**ပေကျင်း ဇွန် ၂၄**

တရုတ်ပြည်သူများ အနေဖြင့် အာကာသစူးစမ်းလေ့လာမှုတွင် ပိုမိုမြန်ဆန်သောခြေလှမ်းများ ရယူလိမ့်မည်ဖြစ်ကြောင်း ဇွန် ၂၄ ရက်က Tiangong -1 အာကာသယာဉ်ပေါ်ရှိ အာကာသယာဉ်မှူးများထံ ဖုန်းဖြင့် ဆွေးနွေးစဉ်အတွင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

အာကာသအိပ်မက်သည် တရုတ်နိုင်ငံ၏ အဓိကအိပ်မက်အစိတ်အပိုင်းဖြစ်ကြောင်း၊ အာကာသအစီအစဉ်များဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တရုတ်ပြည်သူများသည် အာကာသအတွင်းသို့ ထပ်မံစူးစမ်းလေ့လာရန် ပိုမိုမြန်ဆန်သည့် ခြေလှမ်းများကို ယူဆောင်လာလိမ့်မည်ဖြစ်ကြောင်း ပေကျင်းအာကာသ ထိန်းချုပ်ရေးဌာန၌ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

သမ္မတရှီက လူလိုက်ပါသည့် ရှန်ကျိုး-၁၀ အာကာသယာဉ်ပေါ်တွင် ဇွန် ၁၁ ရက်က အာကာသခရီးစဉ်အဖြစ်လိုက်ပါသွားသည့် အာကာသယာဉ်မှူးသုံးဦးသို့ ကြိုဆိုနှုတ်ခွန်းဆက်သခဲ့သည်။

"ခင်ဗျားတို့ဟာ အာကာသအတွင်း ၁၃ ရက်ကြာ နေထိုင်ပြီး အလုပ်လုပ်ခဲ့ကြသူများဖြစ်ပါတယ်။ ကျွန်တော်တို့ အားလုံးဟာ ခင်ဗျားတို့နှင့်ပတ်သက်ပြီး အများကြီး ဂရုစိုက်လျက်ရှိပါတယ်" ဟု အာကာသယာဉ်မှူးများအား သမ္မတရှီက ပြောကြားခဲ့သည်။

၄င်းတို့အနေဖြင့်လည်း ကျန်းမာရေးအခြေအနေကောင်းကောင်းမွန်မွန်လျက်ရှိကြောင်းနှင့် စီစဉ်ထားသည့်အတိုင်း လုပ်ဆောင်နိုင်ကြောင်း အဖွဲ့ခေါင်းဆောင်နေးက ပြောကြားခဲ့သည်။ တရုတ်လူမျိုးတို့၏ အာကာသအိပ်မက်ကို အမှန်တကယ်ဖြစ်ပေါ်လာရန် ပါဝင်ဖြည့်ဆည်းပေးနိုင်မှုအပေါ် မိမိတို့အနေဖြင့် ဂုဏ်ယူမိပါကြောင်း နေးက ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

**မောင်မွေး-ရေးသားသည်**

# တံတားပေါ်မှ ဘတ်စ်ကားထိုးကျ၊ ၁၆ ဦးသေဆုံး

**ပေါ့ဂိုရီကာ ဇွန် ၂၄**

မွန်တီနီဂရိုးအလယ်ပိုင်း မိုရာကာမြစ်တံတားပေါ်မှ ဘတ်စ်ကားတစ်စီး မြစ်ထဲထိုးကျသွားရာ လူ ၁၆ ဦးသေဆုံးပြီး ၃၀ ထက်မနည်း ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဘတ်စ်ကားသည် ပေါ့ဂိုရီကာမြို့မြောက်ဘက် ၁၈ မိုင်အကွာနေရာ၌ အမြင့် မီတာ ၄၀ မှ ပြုတ်ကျသွားခြင်းဖြစ်သည်ဟု သတင်းတွင်ဖော်ပြထားသည်။ ဒေသဆိုင်ရာတာဝန်ရှိသူများ၏ အဆိုအရ ယင်းဘတ်စ်ကားပေါ်တွင် လူဦးရေ ၅၀ ခန့်ပါလာပြီး အားလုံးသည် ရိုမေးနီးယားလူမျိုးများဖြစ်သည်ဟု ဆိုသည်။ အဆိုပါ မတော်တဆမှုသည် မိုးသက်မုန်တိုင်းကျရောက်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်ကို စုံစမ်းနေဆဲဖြစ်သည်ဟု ဖြည့်စွက်ပြောကြားထားသည်။

မွန်တီနီဂရိုးပြည်ထဲရေးဝန်ကြီးက အဆိုပါမတော်တဆမှုနှင့်ပတ်သက်၍ ဆိုးရွားသော မတော်တဆမှု တစ်ခုဖြစ်သည်ဟု မှတ်ချက်ပေးသည်။ ဒဏ်ရာရရှိသူများအား ပေါ့ဂိုရီကာမြို့ဆေးရုံတွင် တင်ပို့ကုသပေးနေသည်ဟု သိရသည်။

မွန်တီနီဂရိုးနိုင်ငံဆိုင်ရာ ရိုမေးနီးယားသံအမတ်ကြီးသည် ဆေးရုံသို့ ဒဏ်ရာရကုသမှုခံယူနေသူများအား လာရောက်ကြည့်ရှုအားပေးပြီး အလွန်ကြီးမားသော အဖြစ်ဆိုးကြီးတစ်ခုဟု အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါ မတော်တဆမှုဖြစ်ရာ တောင်ကြောတစ်ဝိုက်ရှိ တောင်ပတ်လမ်းများသည် မတော်တဆမှု အများဆုံးဖြစ်လေ့ရှိရာနေရာအဖြစ် နာမည်ကြီးသော နေရာများဖြစ်သည်ဟု သိရသည်။ **(ဘီဘီစီ)**

# အီဂျစ်နိုင်ငံ ချောက်ထဲကျမည့်အရေး လက်ပိုက်မကြည့်နိုင်ဟု ဗိုလ်ချုပ်ကြီးစီစီပြော

**ကိုင်ရို ဇွန် ၂၄**

**အီဂျစ်နိုင်ငံ၌ဖြစ်ပွားနေသော ပဋိပက္ခများရပ်တန့်ရေး ကြားဝင်ရန်အသင့်ရှိကြောင်း၊ နိုင်ငံကိုမထိန်းချုပ်နိုင်သည့်အခြေအနေသို့ အရောက်မခံနိုင်ကြောင်း အီဂျစ်ဗိုလ်ချုပ်ကြီးက သတိပေးလိုက်သည်။**

အီဂျစ်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး အဗ္ဗဒယ်ဖက်တက်ချ်အယ်လ်စီစီ။

အီဂျစ်သမ္မတ မိုဟာမက်မော်စီအား အကြီးအကျယ်ဆန္ဒပြပွဲကြီး ပြုလုပ်သွားရန် စီစဉ်နေစဉ် သီတင်းတစ်ပတ်အလို ဗိုလ်ချုပ်ကြီး အဗ္ဗဒယ်ဖက်တက်ချ်အယ်လ်စီစီက အထက်ပါအတိုင်း မှတ်ချက်ပြုပြောဆိုလိုက်ခြင်းဖြစ်သည်။

အီဂျစ်စစ်တပ်အနေဖြင့် အီဂျစ်နိုင်ငံအား ချောက်ကမ်းပါးထဲအကျမခံနိုင်ကြောင်း၊ ယင်းကိစ္စအတွက် အချိန်မီတားဆီးရလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဤမှတ်ချက်သည် စစ်တပ်က အီဂျစ်သမ္မတမော်စီကို ပြီးခဲ့သည့်နှစ်က အာဏာလွှဲပြောင်းပေးလိုက်ပြီးနောက် အပြင်းထန်ဆုံး ဝေဖန်စွက်ဖက်ပြောဆိုလိုက်ခြင်းဖြစ်သည်။

နိုင်ငံချောက်ကမ်းပါးထဲကျရောက်မည့်အရေးကို အီဂျစ်စစ်တပ်အနေဖြင့် လက်ပိုက်ကြည့်နေမည်မဟုတ်ကြောင်း အီဂျစ်ကာကွယ်ရေးဝန်ကြီးလည်းဖြစ်သည့် ဗိုလ်ချုပ်ကြီးစီစီက ဇွန် ၂၃ ရက်တွင် တပ်ဖွဲ့ဝင်များအစည်းအဝေး၌ ပြောကြားလိုက်ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

# အမေရိကန်လုံခြုံရေးသတင်းများဖွင့်ချခဲ့သူ စနိုးဒန်း အီကွေဒေါက ခိုလှုံခွင့်ပေးရန် စဉ်းစားနေ

**မော်စကို ဇွန် ၂၄**

အမေရိကန်လုံခြုံရေးအဆင့် သတင်းများဖွင့်ချခဲ့သူ ဖော်ကောင်အက်ဒ်ဝပ်စနိုးဒန်းသည် ဟောင်ကောင်မှတစ်ဆင့် ရုရှားနိုင်ငံမော်စကိုသို့ လေယာဉ်ဖြင့် ခရီးတစ်ထောက်သွားရောက်ခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၂၃ ရက်တွင် ပြောကြားသည်။ အသက် ၂၉ နှစ်အရွယ်ရှိ စနိုးဒန်းသည် ဟောင်ကောင်၊ မော်စကိုမှတစ်ဆင့် တတိယနိုင်ငံတစ်ခုသို့ ထွက်ပြေးသွားဖွယ်ရှိကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

အမေရိကန်အမျိုးသားလုံခြုံရေး အေဂျင်စီ NSA ၏ ဖုန်းသတင်းမှတ်တမ်းများရယူမှုနှင့် အင်တာနက်သုံးသူများ၏ ကိုယ်ရေးအချက်အလက်များ ရယူမှုတို့ကို ဖွင့်ချခဲ့သူ စနိုးဒန်းသည် မေ ၂၀ ရက်က ဟောင်ကောင်သို့ ထွက်ပြေးခဲ့သည်။ ၄င်းပြစ်မှုပြစ်ဒဏ်အတွက် စနိုးဒန်းသည် ထောင်ဒဏ်နှစ် ၃၀ ချမှတ်ခံရနိုင်သည်။ တခြားသော သတင်းမီဒီယာများတွင် စနိုးဒန်း တစ်ယောက် မော်စကိုသို့ ခရီးထွက်သွားခဲ့ရာတွင် ဆာရာဟာရီဆင်ဟု အတည်ပြုနိုင်သည့် အမျိုးသမီးတစ်ဦးလည်း လိုက်ပါသွားခဲ့သည်ဟု ဖော်ပြသည်။ စနိုးဒန်းသည် ဇွန် ၂၄ ရက် မော်စကိုစံတော်ချိန် နံနက် ၂ နာရီတွင် ဟားဗားနားသို့ထွက်ခွာသည့် လေယာဉ်ဖြင့် လိုက်ပါသွားကြောင်း ရုရှားရုပ်သံတစ်ခုက ထုတ်လွှင့်သွားပြီး အခြားသတင်းများကမူ ၎င်းသည် အိုက်စလန်နှင့် အီကွေဒေါသို့ သွားရောက်ဖွယ်ရှိကြောင်း ဖော်ပြခဲ့ကြသည်။ သို့ရာတွင် အီကွေဒေါနိုင်ငံခြားရေးဝန်ကြီး ရီကာဒိုပတ်တင်နိုက မစ္စတာ စနိုးဒန်းအား ခိုလှုံခွင့်ပေးရန် စဉ်းစားနေကြောင်း ပြောကြားသည်။ **(ဆင်ဟွာ)**

# ကိုလံဘီယာ၌ ရွှေတွင်းပြိုကျ ငါးဦးသေဆုံး ငါးဦးဒဏ်ရာရရှိ

**ဘိုဂိုတာ ဇွန် ၂၄**

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်း အင်တီယိုဂွာဒေသတွင် ဇွန် ၂၃ ရက်က တရားမဝင်ရွှေတွင်းတစ်တွင်း ပြိုကျမှုဖြစ်ပွားပြီးနောက် အနည်းဆုံး ငါးဦးသေဆုံးပြီး အခြား ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းနေရာတွင် ပိတ်မိနေသော အလုပ်သမားအား ရှာဖွေနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်ကို ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

**ပြောကြားခဲ့**

အဆိုပါ မတော်တဆမှုသည် အင်တီယိုဂွာဒေသ ဇာရာဂိုဇာမြို့ရှိ ကျေးလက်ဒေသ ရိယာတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူလေးဦးကို ဒေသတွင်း ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အခြားတစ်ဦးကို နိုင်ငံအနောက်မြောက်ပိုင်း ကူကာစီယာမြို့ရှိ ဆေးရုံတစ်ရုံသို့ ပြောင်းရွှေ့ပို့ဆောင်ပေးခဲ့ရကြောင်း ယင်းဒေသရှိ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးရုံး ညွှန်ကြားရေးမှူး ဆီဆာဟာနန်ဒက်ဇ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

**ဆောင်ရွက်လျက်ရှိ**

အဆိုပါရွှေတွင်း ပြိုကျမှုဖြစ်ပွားရသည့် အကြောင်းအရင်းကို အာဏာပိုင်များအနေဖြင့် စုံစမ်းမှုတစ်ခု ဆောင်ရွက်လျက်ရှိကြောင်း ဟာနန်ဒက်ဇ်၏ ပြောကြားချက်အရ သိရသည်။

**(ဆင်ဟွာ)**

# မလေးရှားတောင်ပိုင်းခရိုင်နှစ်ခု မီးခိုးမြူကြောင့် အရေးပေါ်အခြေအနေကြေညာ

**ကွာလာလမ်ပူ ဇွန် ၂၄**

အင်ဒိုနီးရှားနိုင်ငံ၌ လောင်ကျွမ်းနေသော တောမီးများကြောင့် မီးခိုးမြူများ အန္တရာယ်ရှိအဆင့်သို့ ရောက်ရှိလာသဖြင့် မလေးရှားနိုင်ငံက တောင်ပိုင်းခရိုင်နှစ်ခုကို အရေးပေါ်အခြေအနေကြေညာလိုက်သည်။

မူယာနှင့်လီဒန်းကမ်းရိုးတန်းနှစ်မြို့ကိုလည်း မီးခိုးများလွှမ်းနေ၍ ပိတ်လိုက်ရသည်။ ဒေသခံပြည်သူများ ကို နေအိမ်အပြင်မထွက်ကြရန် သက်ဆိုင်ရာအာဏာပိုင်များက သတိပေးထားသည်။ လေထုညစ်ညမ်းမှုသည် မြို့တော်ကွာလာလမ်ပူတွင် ပိုမိုဆိုးရွားလာသည်။ နာမည်ကြီးပီထရိုနယ်မျှော်စင်အမြွှာမှာလည်း မီးခိုးမြူများအောက်တွင် မှုန်ဝါးလျက်ရှိသည်။

မလေးရှားပတ်ဝန်းကျင်ဝန်ကြီးက အင်ဒိုနီးရှားပတ်ဝန်းကျင်ဝန်ကြီးကို အဆိုပါ ပြဿနာဆွေးနွေးရန် ဇွန် ၂၆ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ မီးခိုးမြူသည် မလေးရှားနိုင်ငံတွင် နှစ်စဉ်ကျရောက်လေ့ရှိသော ပြဿနာဖြစ်သည်။ သို့ရာတွင် ယခုအကြိမ်သည် ရှစ်နှစ်တာအတွင်း ပထမဆုံးအကြိမ်အဖြစ် အရေးပေါ်အခြေအနေကြေညာခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။ **(ဘီဘီစီ)**

ကမ္ဘာ့ရတနာဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သောကုမ္ပဏီ)
GLOBAL TREASURE BANK Ltd (PUBLIC COMPANY)
(ယခင်)
မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်
အမှတ်(၆၅၃/၆၉၉)၊ ကုန်သည်လမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဤဘဏ်၏ (၁၈)ကြိမ်မြောက်နှစ်ပတ်လည်စုံညီအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

(က) နေ့ရက် - ၁၅-၇-၂၀၁၃ (တနင်္လာနေ့)
(ခ) အချိန် - ၁၃း၀၀ နာရီ (မွန်းလွဲ ၁နာရီ)
(၁၂း၅၀ အချိန်နေရာယူပေးနိုင်ပါရန်)
(ဂ) နေရာ - ယုဇနဂါးဒင်းဟိုတယ် (Ball Room)
အမှတ်(၄၄)၊ အလံပြဘုရားလမ်း၊ (သမ္မတရုပ်ရှင်ရုံအနီး)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ယင်းအစည်းအဝေးအတွက် အစုရှယ်ယာရှင်များထံသို့ ဖိတ်ကြားစာများပေးပို့ထားပြီးဖြစ်သော်လည်း အချိန်မှီမရောက်ရှိပါက ဤကြော်ငြာကိုအကြောင်းပြု၍ အစည်းအဝေးသို့ စုံညီစွာအချိန်မှီတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစုရှယ်ယာများလွှဲပြောင်းမှတ်တမ်းကို နှစ်ပတ်လည်စုံညီအစည်းအဝေးကြီးပြီးစီးသည်အထိ ယာယီရပ်ဆိုင်းထားမည်ဖြစ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး

နိုင်ငံတကာသတင်း

# လူဦးရေ ၁၁ ဘီလီယံရှိလာတော့မယ့် ဤကမ္ဘာ

မောင်မဟာ

**ကမ္ဘာတစ်ဝန်းမှာ စစ်ဘေးစစ်ဒဏ်ကြုံတွေ့ခံစားရမှု၊ စားနပ်ရိက္ခာပြတ်လပ်မှုနဲ့ သဘာဝဘေးဒဏ်တွေ ရင်ဆိုင်ကြုံတွေ့ရမှုတွေနဲ့ နေ့စဉ်ရင်ဆိုင်နေရပေမယ့် ကမ္ဘာ့လူဦးရေဟာ တိုးတက်မြဲတိုးတက်နေတယ်လို့ ကုလသမဂ္ဂက ထုတ်ပြန်တဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။**

ကုလသမဂ္ဂရဲ့ သုတေသနပြု လေ့လာထားခဲ့တဲ့ စာရင်းဇယားတွေအပေါ် အခြေခံပြီး ထုတ်ပြန်ချက်အရ လာမယ့် ၂၁၀၀ ပြည့်နှစ်မှာ ကမ္ဘာ့လူဦးရေဟာ ၁၁ ဘီလီယံအထိ တိုးတက်လာနိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဒီလိုကမ္ဘာ့လူဦးရေ တိုးတက်မှုမြင့်မားလာတဲ့အနေအထားကို တွက်ချက်သုံးသပ်မှုဟာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်က ကုလသမဂ္ဂရဲ့ တွက်ချက်ထုတ်ပြန်ထားတဲ့ ကမ္ဘာ့လူဦးရေတိုးတက်မှုဖြစ်တဲ့ ၁၀ ဒသမ ၁ ဘီလီယံကို သန်း ၈၀၀ လောက်အထိ ပိုမိုများပြားလာတဲ့ အနေအထား ရှိနေပါတယ်။

ဒီလို ကမ္ဘာ့လူဦးရေ တိုးတက်မှု အရင်ခန့်မှန်းထားတာထက် ပိုမိုများပြားလာတာဟာ အာဖရိကတိုက်ရဲ့ လူဦးရေတိုးတက်မှုနှုန်း အရင်ကထက် ပိုမိုများပြားလာလို့ဖြစ်ပါတယ်။ အခုနှစ်ပိုင်းအတွင်း အာဖရိကရဲ့ ကလေးမွေးဖွားနှုန်း သိသိသာသာ မြင့်တက်လာနေလို့ပဲ ဖြစ်ပါတယ်။

အာဖရိကရဲ့ ကလေးမွေးဖွားနှုန်းဟာ ထိန်းချုပ်ဖို့ကြိုးစားပေမယ့် ခက်ခဲနေဆဲဖြစ်ပြီး လက်ရှိအာဖရိက လူဦးရေဟာ ၁ ဒသမ ၁ ဘီလီယံ ရှိနေပေမယ့် လာမယ့် ၂၁၀၀ ပြည့်နှစ်မှာတော့ ၄ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိလာမှာ သေချာပါတယ်လို့ ဝါရှင်တန်မှာရှိတဲ့ တက္ကသိုလ် ပါမောက္ခတစ်ဦးဖြစ်တဲ့ အက်ဒရင် ရပ်တာရီက ထုတ်ဖော်ပြောကြားပါတယ်။

ပါမောက္ခ အက်ဒရင်ရပ်တာရီဟာ ကမ္ဘာ့လူဦးရေဆိုင်ရာသုတေသနပြုမှုနဲ့ လေ့လာမှုတွေ ပြုလုပ်နေတဲ့ ဌာနအကြီးအကဲ တစ်ဦးဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက အာဖရိကရဲ့ လူဦးရေဟာ တိုးတက်မှုနှုန်း မြင့်တက်လာခဲ့တယ်လို့ သူက ဆိုပါတယ်။

အခြား ကမ္ဘာ့ဒေသတွေမှာတော့ လူဦးရေတိုးတက်မှုနှုန်းတွေက နိမ့်ကျမှုတွေရှိနေတယ်လို့ ပြောကြားနေပြီး ဥရောပနိုင်ငံတွေမှာ လူဦးရေ တိုးနှုန်းဟာ သိသာစွာနည်းပါးနေသလို တောင်အမေရိကမှာလည်း လူဦးရေတိုးမှု လျော့နည်းကျဆင်းနေတယ်လို့ ဆိုပါတယ်။

### ပြောင်းလဲ

ဆင်းရဲနွမ်းပါးမှုနဲ့ ရာသီဥတုပြောင်းလဲမှုတွေက လူဦးရေတိုးနှုန်းကို လျော့နည်းစေတယ်ဆိုပေမယ့် အာဖရိကမှာတော့ အဲဒီလိုမဟုတ်ဘဲ တိုးမြဲတိုင်းတိုးနေတာဟာ လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်းအလိုက် ထိန်းသိမ်းမှုမရှိလို့ဘဲ ဖြစ်တယ်လို့ ဆိုပါတယ်။

### ထိန်းချုပ်မှုပြုလုပ်

အာရှဘက်မှာဆိုရင်တော့ တရုတ်နိုင်ငံရဲ့လူဦးရေ တိုးတက်မှုကနှေးကွေးနေပေမယ့် အိန္ဒိယရဲ့ လူဦးရေ တိုးနှုန်းကတော့ တိုးတက်များပြားမှု ရှိနေတယ်လို့ ဆိုပါတယ်။ တရုတ်၊ အိန္ဒိယနဲ့ ဘရာဇီးနိုင်ငံတွေကတော့ လူဦးရေများပြားတဲ့ နိုင်ငံတွေဖြစ်ပြီး ထိန်းချုပ်မှုတွေ ပြုလုပ်နိုင်တဲ့ နိုင်ငံတွေဖြစ်ပါတယ်။

ကမ္ဘာ့လူဦးရေ တိုးတက်မှုနှုန်းကို ကမ္ဘာ့နိုင်ငံပေါင်း ၂၃၃ နိုင်ငံက အချက်အလက်တွေအရ ခန့်မှန်းတွက်ချက်ထားတာမို့ လာမည့် ၂၁၀၀ ပြည့်နှစ်မှာ ၁၁ ဘီလီယံအထိ ရှိလာမှာဖြစ်တာကြောင့် ကြိုတင်တွက်ချက်မှုတွေ ပြုလုပ်ရတော့မှာ ဖြစ်ပါတယ်။

# ဥရောပအာကာသ အေဂျင်စီ နေကို အနီးကပ်လေ့လာမည်

ဥရောပအာကာသ အေဂျင်စီက လာမည့် ၂၀၁၇ ခုနှစ်တွင် နေကို အနီးကပ်ပျံသန်းလေ့လာမည့် ခရီးစဉ်တစ်ရပ်ကို စေလွှတ်ရန် စီစဉ်ထားကြောင်း ဥရောပအာကာသ အေဂျင်စီက သတင်းထုတ်ပြန်သည်။

ဥရောပ အာကာသအေဂျင်စီသည် နေအနီးသို့ ပျံသန်းလေ့လာမည့် အာကာသယာဉ်အတွက် မည်သည့်အမျိုးအစားအာကာသယာဉ် ကိုယ်ထည်ကို တည်ဆောက်မည်၊ မည်သည့် စွမ်းအင်အမျိုးအစားကို အသုံးပြုမည်ဆိုသည်ကို လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိသည်။

နာဆာကလည်း နေကိုအနီးကပ်လေ့လာမည့် ဥရောပအာကာသ အေဂျင်စီ၏ အစီအစဉ်အတွက် ကူညီဖြည့်ဆည်းမှုများ ပြုလုပ်ပေးရန် စီစဉ်နေသည်။ နာဆာက နေနှင့်အနီးကပ်ဆုံးနေရာသို့ ရောက်ရှိနိုင်သည့် အာကာသဒုံးပျံကို ကူညီပေးမည်ဖြစ်ပြီး ယင်းနေရာသို့ ဥရောပ အာကာသအေဂျင်စီမှ လေ့လာရေးယာဉ်ကို ပို့ဆောင်ပေးမည်ဖြစ်သည်။

နေနှင့်အနီးဆုံးနေရာသည် ကမ္ဘာဂြိုဟ်မှ ၂၆ မိုင် သန်းအကွာအဝေး အထိသာဖြစ်ပြီး ယင်းနေရာအထိသာ ပျံသန်းလေ့လာနိုင်မည့် အခြေအနေရှိသည်။ အဆိုပါနေရာမှ ပျံသန်းလေ့လာမည့် အာကာသယာဉ်အတွက် ယူရိုငွေ တစ်ဘီလီယံခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

နေအနီးသို့ လေ့လာမည့် အာကာသယာဉ်သည် နေမှ အလင်းရောင်တန်းများကြောင့် ဓာတ်ပုံကောင်းများ ရရှိနိုင်ဖွယ်မရှိကြောင်း၊ နေအနီးဖြစ်ပေါ်နေသည့် အနေအထားများကိုသာ သိရှိနိုင်မည်ဖြစ်ကြောင်း ဥပရောပ အာကာသအေဂျင်စီမှ ပညာရှင်များက ပြောကြားသည်။

**အာကာဟိန်း-ရေးသည်**

# ပါလက်စတိုင်းဝန်ကြီးချုပ်သစ် ရာထူးမှနုတ်ထွက်

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ဝန်ကြီးချုပ်ဖြစ်လာပြီး သက်တမ်းတစ်လပင်မရှိသေးသည့် ဝန်ကြီးချုပ် ရာမီဟမ်ဒယ်လာ၏ နုတ်ထွက်လွှာကို လက်ခံလိုက်သည်။ ဝန်ကြီးချုပ် ရာမီသည် အစိုးရအဖွဲ့အတွင်း အာဏာလုပွဲဖြစ်နေခြင်းကြောင့် ဇွန် ၂၀ ရက်က ၎င်း၏ နုတ်ထွက်လွှာကို သမ္မတထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် သမ္မတအဘတ်စ်နှင့် ကာလကြာရှည်စွာ အဆင်မပြေဖြစ်ပြီး ရာထူးမှ နုတ်ထွက်သွားသည့် ဆလမ်ဖေးရပ်၏ နေရာတွင် ဇွန် ၆ ရက်က စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ ဟမ်ဒယ်လာ၏ နုတ်ထွက်လွှာကို ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် ပါလက်စတိုင်း အာဏာပိုင်အဖွဲ့သို့ ပေးအပ်ခဲ့သည်။

လက်ရှိသမ္မတ အဘတ်စ်သည် ဝန်ကြီးချုပ် နုတ်ထွက်သွားပြီဖြစ်သဖြင့် အနောက်နိုင်ငံများက သဘောကျလက်ခံနိုင်သော ဝန်ကြီးချုပ်သစ် ရွေးချယ်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလိမ့်မည်ဟု ဆိုသည်။

•••••••••••••••••••••

# အိန္ဒိယရေကြီးမှု သေဆုံးသူ ၅၀၀၀ ကျော်

အိန္ဒိယမြောက်ပိုင်းတွင် မိုးသည်းထန်ပြီးရေကြီး မြေပြိုမှုကြောင့် သေဆုံးသူ ၅၀၀၀ အထိ ရှိသွားပြီဖြစ်ကြောင်း ဇွန် ၂၄ ရက် ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ ဥတ္တရာခန်းပြည်နယ် တောင်ပေါ်ဒေသများ၌ လူပေါင်း ၁၉၀၀၀ ကျော် သောင်တင်နေကြဆဲဖြစ်သည်။ ယင်းဒေသသည် ရေကြီးမှု အဆိုးရွားဆုံးဒေသဖြစ်သည်။

စစ်တပ်နှင့် ကယ်ဆယ်ရေးအဖွဲ့က ကေးဒါနက်တောင်ကြားဒေသမှ ဟိန္ဒူဘုရားဖူးများကို ကယ်ဆယ်ခဲ့ကြသည်။ ရာနှင့်ချီသောနေအိမ်များ ရေကြီးနစ်မြုပ်ခဲ့ပြီးနောက် သေဆုံးမှုသည်လည်း တစ်ဟုန်ထိုးများပြားလာကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

•••••••••••••••••••••

# ကာတာဘုရင် သားဖြစ်သူကို ထီးနန်းလွှဲရန်စီစဉ်

ကာတာဘုရင် ရှိတ်ဟာမက်ဘင်ခါလီဖာအယ်လ်တာနီသည် သားဖြစ်သူကို ထီးနန်းလွှဲပြောင်းပေးရန် ဘုရင့်တော်ဝင်မိသားစုများ၊ အကြံပေးများနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း ဇွန် ၂၄ ရက် ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ အမေရိကန် ကျောထောက်နောက်ခံ ကာတာဘုရင်သည် အသက် ၃၃ နှစ်ရှိ သားဖြစ်သူ ရှိတ်တာမင်ဘင်ဟာမက်ကို ထီးနန်းလွှဲပြောင်းပေးရန် တော်ဝင်မိသားစုများ၊ အနီးကပ်အကြံပေးများနှင့် ဇွန် ၂၃ ရက်တွင် ဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဇွန် ၂၃ ရက်ထုတ် သတင်းများတွင် ဖော်ပြသည်။ ရှိတ်တာမင်သည် ကာတာဘုရင်၏ ဒုတိယသားဖြစ်သည်။ ဒုတိယဇနီး ရှီခါမိုဇက်၏ သားဖြစ်သည်။ ၎င်းသည် လက်ရှိကာတာတပ်မတော်၏ ပူးတွဲတပ်မှူးဖြစ်သည်။ ထို့အပြင် အိုလံပစ်ကော်မတီ အကြီးအကဲလည်းဖြစ်သည်။ ကာတာဘုရင်က သားဖြစ်သူနှင့် လိုက်ဖက်မည့် အသက်ငယ်ရွယ်သည့် ဝန်ကြီးများနှင့်လည်း ဝန်ကြီးအဖွဲ့ကို အပြောင်းအလဲလုပ်ရန် စီစဉ်လျက်ရှိသည်။ အသက် ၆၁ နှစ်ရှိ ကာတာဘုရင်သည် ၁၉၉၅ ခုနှစ်က ဖခင်ဖြစ်သူထံမှ အာဏာသိမ်းခဲ့သူဖြစ်သည်။

**မြင့်မောင်စိုး-စုစည်းသည်**

# စိတ်ကျဝေဒနာရှင်မိခင်များ၏ကလေးငယ်များ စိတ်ပိုင်းဆိုင်ရာအတွက် နေ့ကလေးထိန်းကျောင်း ထားရှိပေးသင့်ဟုဆို

စိတ်ကျဝေဒနာ ခံစားနေရသော မိခင်များ၏ ကလေးများသည်လည်း စိတ်ကျဝေဒနာနှင့် မူမမှန်တုံ့ပြန်တတ်သော ရောဂါများရရှိနိုင်သည်။ ထိုကလေးများကို နေ့ကလေးထိန်းကျောင်းသို့ ဆောလျင်စွာထားရှိခဲ့ပါက စိတ်ပိုင်းဆိုင်ရာ ပြဿနာများဖြစ်ပေါ်နိုင်ခြေနည်းပါးနိုင်ကြောင်း ကနေဒါသုတေသနအဖွဲ့က အကြံပြုသည်။

စိတ်ကျဝေဒနာသည် မိခင်များ၏ ကလေးငယ်များသည် စိတ်ဓာတ်ကျမှုနှင့်မူမမှန်တုံ့ပြန်မှုတို့ကို ဆယ်ကျော်သက်အရွယ်ထိတိုင်အောင် ခံစားရကြောင်း၊ အသက်ငါးနှစ်အရွယ်မှာ စိတ်ကျန်းမာရေးချို့တဲ့မှု နှစ်ဆမျှ အန္တရာယ်များကြောင်း ကွိဘက်တက္ကသိုလ်မှ ပညာရှင် ကက်သရင်းဟာဘာက ဆိုသည်။

### လျော့ပါး

သို့သော် ကလေးငယ်ကို သေချာစွာ ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ပါက ယင်းအကျိုးသက်ရောက်မှုကို လျော့ပါးစေနိုင်သည်။ ဆွေမျိုးရင်းချာတစ်ဦးဦး သို့မဟုတ် ကလေးထိန်းဖြင့် သေချာစွာစောင့်ရှောက်ပေးခြင်းသည် ကလေးတွင် စိတ်ဓာတ်ကျဆင်းခြင်းနှင့် မူမမှန်တုံ့ပြန်မှုတို့ကို နည်းပါးစေနိုင်သည်ဟု သိရသည်။

### ဖော်ပြ

စိတ်ကျဝေဒနာ ခံစားနေရသူမိခင်များ၏ သားသမီးများတွင် နေ့ကလေးထိန်းကျောင်း ပို့ထားသော ကလေးများသည် ဝေဒနာသည်မိခင်နှင့်အတူ အိမ်၌နေသော ကလေးများထက် စိတ်ပိုင်းဆိုင်ရာပြဿနာ ၇၉ရာခိုင်နှုန်း လျော့နည်းသည်ကို သုတေသနပြုတွေ့ရှိကြောင်း သုတေသနပညာရှင် ဟာဘာနှင့်အဖွဲ့က JAMA စိတ္တဗေဒဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။

**မောင်သံဆင့်-ရေးသည်**

၂၀၁၃ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အကြိုဂုဏ်ပြုဆောင်းပါး(၃-၇-၂၀၁၃)

# တစ်ခေတ်တစ်ခါက စံပြုလူမှုဝန်ထမ်းသမား မြန်မာအမျိုးသမီးများ

**ကြည်ထွန်း(လူမှုဝန်ထမ်း)**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းသည့် ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ရက်ကို **“မြန်မာအမျိုးသမီးများနေ့”**ဟူ၍ သတ်မှတ်ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် ၁၇နှစ်ရှိလာပြီ။ မြန်မာမှုနယ်ပယ်၌ ကြက်ဖတွန်မှ မိုးလင်းသည်၊ ကြက်မ တွန်၍ မိုးမလင်း၊ မိန်းမဖျက် ပြည်ပျက်ဟူသော ဆိုရိုးစကားများရှိပါသည်။ ယင်းအဆိုတို့ကို ချေဖျက်ကာ ခေတ်သမိုင်းတစ်လျှောက် ရဲရဲတောက် ထူးချွန်ပြောင်မြောက်သော အမျိုးသမီးများစွာ ပေါ်ထွန်းခဲ့ဖူးပါသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် အောင်မြင်ကျော်ကြားလူသိများသော အမျိုးသမီးများစွာအနက် တစ်ခေတ်တစ်ခါက ကိုယ်ကျိုးမဖက်၊ အများအကျိုးသက်သက်ကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော လူမှုဝန်ထမ်းပရဟိတသမား မြန်မာအမျိုးသမီးကြီးအချို့ကို ကောက်နုတ်တင်ပြလိုပါသည်။

**တိုင်းကျိုးပြည်ကျိုးဆောင် TPS ဘွဲ့ရ**
**မေတ္တာ၊ စေတနာ၊ ကရုဏာရှင် ဘွားဦးဇွန်း(၁၈၆၈-၁၉၄၄)**

ပထမဆုံးသော လူမှုဝန်ထမ်းအာဇာနည် အမျိုးသမီးကြီး ဘွားဦးဇွန်းကို မြန်မာမှာသာမက ကမ္ဘာကပင် သိကြပါသည်။ ပတ္တမြားအုတ်ကျောင်းအမကြီး ဒေါ်ဦးဇွန်းဟုလည်း ခေါ်ကြသည်။ မိဘနှစ်ပါး ကွယ်လွန်သွားပြီးနောက် အပျိုကြီးဘဝဖြင့် မိဘလုပ်ငန်းကိုဦးစီးသည်။ သက်ကြီးရွယ်အိုများအပေါ် စာနာဆပွား အလေးထားသော စိတ်ရင်းစေတနာဖြင့် ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းကြီးနှင့် မင်းကွန်းစေတီကြား၌ မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံကို စတင်တည်ထောင်သည်။ ဘွားဦးဇွန်း၏ စေတနာသဒ္ဓါတရားကို အားပေးဖြည့်ကျင့်သူများကား ကျားဆေးတိုက်ကိုယ်စားလှယ် ဦးဘိုးကျင်၊ ဘီအိုင်အေ ဦးမောင်ကြီး၊ ဦးဘကျန်း၊ ဦးလှကျော်နှင့် ဦးဘိုးရင်တို့ဖြစ်သည်။

မင်းကွန်းလူအိုရုံ၏ ဂုဏ်သတင်း ပျံ့နှံ့လာသည်နှင့်အမျှ အမြို့မြို့ကရဟန်းရှင်လူများ၏ တောင်းပန်မှုကြောင့် သထုံမြို့ သုဝဏ္ဏဘူမိ(၁၉၁၅)၊ ပေါင်းတည်မြို့ (၁၉၂၉)၊ ရန်ကုန်မြို့နှင်းဆီကုန်း (၁၉၃၃)၊ ပခုက္ကူမြို့ (၁၉၃၇)တို့တွင် ဘိုးဘွားရိပ်သာများကို မမောနိုင်မပန်းနိုင် တည်ထောင်ပေးခဲ့သူဖြစ်သည်။ အသက် ၆၀ပြည့်ပြီးနောက် သီလရှင်ဘဝသို့ ကူးပြောင်းကာ ဒေါ်သုမာလာဘွဲ့ကို ခံယူသည်။ အသက် ၇၆နှစ်အရွယ်တွင် ၎င်းစတင်တည်ထောင်သောမင်းကွန်းဘိုးဘွားရိပ်သာ၌ပင် ကွယ်လွန်သွားခဲ့သည်။

ထိုခေတ် ထိုအချိန်က ဥစ္စာခနဲ ကြွယ်ဝသူတို့သည် ဘုရားတည်၊ ကျောင်းဆောက်စသော အလုပ်မျိုးကိုသာ ကုသိုလ်ရသည်ဟု ထင်မှတ်နေချိန်တွင် ဒေါ်ဦးဇွန်းသည် အလွန်မွန်မြတ်သော ပရဟိတလူမှုရေးလုပ်ငန်းများကို အစဦးဆုံး နမူနာပြုလုပ်ကိုင်သွားသော အာဇာနည်အမျိုးသမီးကြီးဖြစ်သည်”ဟု ပခုက္ကူဦးအုံးဖေက သူ၏ဆောင်းပါးပေါင်းချုပ်စာအုပ်တွင် ဖော်ကျူးထားသည်။ ယခုအခါ မြန်ပြည်တစ်ဝန်း အမြို့မြို့အနယ်နယ်တွင် ဘိုးဘွားရိပ်သာပေါင်း ၈၆ ခုရှိလာပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ဂေဟာထူထောင်၍ သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်းစနစ်ကို ပထမဆုံးမျိုးစေ့ချပေးခဲ့သော မေတ္တာ၊ စေတနာ၊ ကရုဏာရှင် ဘွားဦးဇွန်းကား မြန်မာတစ်မျိုးသားလုံး၏ သောက်ရှူးကြယ်ဟု ဆိုရသော် မှားအံ့မထင်ပေ။

**လမ်းပျော်ကလေးများ၏ အနာဂတ်ဘဝအလှဖန်တီးရှင် ဒေါ်တီတီလုစ်**
**(၁၈၉၅-၁၉၇၆)**

ဒေါ်တီတီလုစ်ကို မသိကြသူများက အင်္ဂလိပ်အမျိုးသမီးဟု ထင်ကြသည်။ ရန်ကုန်တက္ကသိုလ်ပရော်ဖက်ဆာဆရာကြီး ဂျီအိပ်ချ်လုစ်နှင့် အကြောင်းပါသဖြင့် အမည်ရင်း ဒေါ်တီတီမှ ဒေါ်တီတီလုစ်ဖြစ်လာသည်။ အင်္ဂလိပ်-မြန်မာအဘိဓာန်ပြုစုသူ ဦးထွန်းငြိမ်း၏တူမ၊ ပါဠိ- မြန်မာဘာသာ၊ ရှေးဟောင်းရာဇဝင် ကျမ်းဂန်၊ ယဉ်ကျေးမှုကျွမ်းကျင်သော ဆရာကြီး ဦးဖေမောင်တင်၏ ညီမအရင်းဖြစ်သည်။

ကိုလိုနီခေတ်က ရန်ကုန်မြို့ပေါ်တွင် အိုးမဲ့အိမ်မဲ့၊ အိမ်ပြေးကလေးများသည် ညအခါ လမ်းကြိုလမ်းကြား၊ ရုပ်ရှင်ရုံဘေး ပလက်ဖောင်းများကို အခြေစိုက်ကာ မြို့ရွာညစ်ညမ်းအောင်ပြုခဲ့ကြသည်။ ထိုကလေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အလို့ငှာ ရန်ကုန်ရာဇဝတ်ဝန်ကြီး မေဂျာဝဲ့လ်ဖုန်း၏ သဘောတူညီချက်အရ ၁၉၂၇ ခုနှစ်တွင် ကလေးများကူညီရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (Children's Aid and Protection Society) ကို ဖွဲ့စည်းကာ ရန်ကုန်မြို့ အင်းလျားလမ်း အမှတ်(၁၁၄)တွင် လေလွင့်ကလေးများဂေဟာကို တည်ထောင်သည်။ ၎င်းကိုယ်တိုင် ယောက်ျားလေးအသွင် ဘောင်းဘီဝတ်၍ ရန်ကုန်မြို့ညခင်းကို လျှောက်လေ့လာကာ အခြေအနေမဲ့လူငယ်ကလေးများကို ဂေဟာသို့ ခေါ်ဆောင်လာသည်။ ဂေဟာထိန်းမိခင်အဖြစ် တာဝန်ယူကာ စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးသည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံး လမ်းပျော်ကလေးများကို သိမ်းသွင်းအုပ်ချုပ်သူဖြစ်ကာ သမာဓိမြို့ဝန်အဖြစ် ခန့်ထားခြင်းခံရသည်။ ၎င်း၏ စွမ်းဆောင်မှုအပေါ် အစိုးရဝန်ထမ်းမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံအသီးသီးမှ ထူးချွန်သူများကိုသာ ချီးမြှင့်သည့် ကွယ်လွန်သူ ဖိလစ်ပိုင်သမ္မတ၏ မက်ဆေးဆေးဆုနှင့် ဆုငွေများ ချီးမြှင့်ခြင်းခံရသည်။

၎င်းဂေဟာကို ၂၉-၂-၁၉၆၄မှစ၍ အင်းလျားလူငယ်သင်တန်းကျောင်းအမည်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနက ဆက်လက်ဖွင့်လှစ်ခဲ့သည်။ ဒေါ်တီတီလုစ် မျိုးစေ့ချပေးခဲ့သော ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံအတွက် အထူးလိုအပ်သော လုပ်ငန်းဖြစ်သည့်အလျောက် လူမှုဝန်ထမ်းဦးစီးဌာနက တစ်ပြည်လုံးတွင် လူငယ်သင်တန်းကျောင်း ၁၀ ကျောင်း ဖွင့်လှစ်ထားရှိနိုင်ပြီဖြစ်သည်။

မြန်မာအမျိုးသမီးတစ်ယောက်က အများနှင့်မတူ တစ်မူထူးသော စေတနာ့ဝန်ထမ်းလုပ်ငန်းကို အပင်ပန်းအဆင်းရဲခံ၍ စတင်လုပ်ကိုင်ခဲ့သည်မှာ ဂုဏ်ယူစရာကောင်းလှသည်။

**ကင်းထောက် ဒေါ်ကြည်ကြည်(လူထုပညာရေး)(၁၉၀၉-၁၉၇၀)**

အသက်ထက်ဆုံး အနားမနေဘဲ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့သူကား ဒေါ်ကြည်ကြည်ပင်ဖြစ်သည်။ ၁၉၂၅ ခုနှစ်မှစ၍ ကျောင်းဆရာမ၊ အမျိုးသားယူနက်စကိုကော်မရှင်လူကြီး၊ ရောဝတီတိုင်း၊ ပညာအုပ်၊ လူထုပညာရေးကောင်စီ၏ ဒုတိယသင်တန်းမှူး၊ မြန်မာမှုကထိက၊ လူမှုဝန်ထမ်းအရာရှိစသည့် ဘဝအဖုံဖုံကို ဖြတ်သန်းကြိုးပမ်းခဲ့သူဖြစ်သည်။ ကင်းထောက် နည်းပြသင်တန်း(ကာလကတ္တား)၊ ဆရာမများ အရည်အချင်း တိုးတက်ရေးဘာသာရပ် ပညာတော်သင်(အမေရိကန်)၊ အိမ်တွင်းမှုသိပ္ပံပညာရပ် (လန်ဒန်)တို့ကို သင်ကြားတတ်မြောက်ခဲ့သည်။ ၁၉၅၈ ခုနှစ်နှင့် ၁၉၆၀ခုနှစ်တွင် ဆွစ်ဇာလန်၊ အမေရိကန်နှင့်အိန္ဒိယနိုင်ငံတို့၌ ကျင်းပသော ကမ္ဘာ့စာရိတ္တမြှင့်တင်ရေးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ အသက် ၇-၁၁နှစ်အရွယ် ငှက်ပြာကင်းထောက်မယ်လေးများကို လေ့ကျင့်မွေးထုတ်ပေးသည်။

တောင်တန်းဒေသ နာဂနယ် ကျေးလက်တောရွာများအရောက် မြင်းစီးခရီးဆန့်ကာ စည်းရုံးလှုပ်ရှားခဲ့သည်။ ဝင်းဝင်းရုံ၌ပြသော“မြေကြီးမှရွှေသီး”၊ ပုသိမ်မြို့တပ်မတော်ရန်ပုံငွေရှာဖွေပွဲ၌ “ခင်တာဝန်နှင့် မောင်မယ်တာဝန်”၊ စာပေဗိမာန်ဖွင့်ပွဲ၌ “ထွန်တုံးမှ ထိပ်ဆုံး”စသည့် ပြဇာတ်များမှာ ဒေါ်ကြည်ကြည်၏ တင်ဆက်စီမံမှုများပင်ဖြစ်သည်။ အမျိုးသမီးလက်ရုံး၊ ကင်းထောက်မယ်၊ ချစ်ကြွေးမပြေ၊ မရောက်လိုသောကမ္ဘာ၊ အိမ်တွင်းစီးပွားရေးနည်းပြ၊ ကမ္ဘာ့အစားအစာ ချက်ပြုတ်နည်း၊ ကလေးပညာပေးသရုပ်ဖော်စာအုပ်များမှာ ဒေါ်ကြည်ကြည်၏ ကလောင်လက်ရာများဖြစ်သည်။ ကာယပညာ၊ အချုပ်အလုပ်၊ အိမ်တွင်းမှုသိပ္ပံနှင့်ကျောင်းအုပ်ချုပ်မှုပညာများကို အပတ်တကုတ်ကိုယ်တိုင်လေ့လာဆည်းပူးဖြန့်ဝေခဲ့သူတစ်ဦးဖြစ်၍လည်း လူမှုဝန်ထမ်းလောကတွင် သူ၏ ဂုဏ်သတင်းမှာ ကြိုင်သင်းမွှေးပျံ့ခဲ့သည်။ ဘယ်ဘက်က စမ်းစမ်း အံ့မခန်းဖွယ်သော သူ့စွမ်းပကားကို မြန်မာအမျိုးသမီးတိုင်း အားကျအတုယူသင့်ကြပေသည်။

**မြန်မာနိုင်ငံလူမှုဝန်ထမ်းလုပ်ငန်းများကို တစ်ခေတ်ဆန်းစေသော မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်(၁၉၁၂-၁၉၈၈)**

ဂျပန်ခေတ်က တစ်ခုတည်းသော ရန်ကုန်ဆေးရုံကြီးဝယ် စက်သေနတ်ဗုံးဆန်များအကြား အသက်ကို ပဓာနမထားဘဲ ဆေးဝါးရှားပါးသည့်အခိုက် လူနာများကို မငြီးမငြင် အနစ်နာခံပြုစုပေးခဲ့သူကား သူနာပြု ဆရာမ ဒေါ်ခင်ကြည်ပင်ဖြစ်သည်။ ပြည်သူ့ရဲဘော်ဌာနချုပ်တွင် ပြည်သူ့ရဲမေ ဌာနကြီးမှူးအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ကွယ်လွန်သွားသော ခင်ပွန်းဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏ မဲဆန္ဒနယ်တွင် အမျိုးသမီးအမတ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ထို့နောက် လူမှုဝန်ထမ်းလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်ခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မိခင်နှင့်ကလေးများစောင့်ရှောက်ရေး အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အမျိုးသမီးသူနာပြုတာဝန်ခံချုပ်၊ လူမှုဝန်ထမ်းစီမံကိန်းကော်မရှင် ဥက္ကဋ္ဌ(၁၉၅၂)၊ ပြည်ထောင်စု လူမှုဝန်ထမ်းကောင်စီဥက္ကဋ္ဌ (၁၉၅၃၊ ၁၉၅၈) မြန်မာနိုင်ငံကင်းထောက်အသင်း၏ မင်းကြီးချုပ်၊ ကလေးများ ကူညီရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းနာယက၊ မြန်မာနိုင်ငံ အမျိုးသမီးအသင်းများ ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုအမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ တာဝန်များကို မရပ်မနား ထမ်းဆောင်ခဲ့သူဖြစ်သည်။

၁၉၆၀ ခုနှစ်တွင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ နီပေါနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်း ပူးတွဲတာဝန်ယူရသည်။ အမေရိကန်နိုင်ငံက ချီးမြှင့်သော မြန်မာ့မိခင်ဘွဲ့ (၁၉၅၀)၊ မဟာသီရိသုဓမ္မဘွဲ့(၁၉၅၁)၊ မာရှယ်တီးတိုး ယူဂိုဆလပ်ကြယ် (ဒုတိယအဆင့်) နှင့် ထိုင်းနိုင်ငံ ဦးသျှောင်အဖွဲ့၏ အမြင့်မြတ်ဆုံးတံဆိပ် (၁၉၅၅)တို့ကို ရရှိခဲ့သူဖြစ်သည်။ ၎င်းသည် မုဆိုးမဘဝသို့ ရောက်ခဲ့ရလင့်ကစား လူမှုရေးရာတို့ဝန်တာဟူသော ဆောင်ပုဒ်ကိုလက်ကိုင်ပြု၍ လူမှုဝန်ထမ်းလုပ်ငန်းများကို စိုက်လိုက်မတ်တတ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံလူမှုဝန်ထမ်းလုပ်ငန်းများကို တစ်ခေတ်ဆန်းစေခဲ့သော အမျိုးသမီးကြီးတစ်ဦးဖြစ်သည်။

**စေတနာ့ဝန်ထမ်း လူမှုရေးခေါင်းဆောင်၊ နိုင်ငံ့အကျိုးပြု အမျိုးသမီးကြီး ဒေါ်ရီကြိန်(ဘီအေဘီအီးဒီ)(၁၉၁၇-၂၀၀၇)**

တစ်ခေတ်တစ်ခါက ရေဒီယိုပရိသတ်ကြားတွင် အထူးရေပန်းစားခဲ့သူကား ဒေါ်ရီကြိန်ပင်ဖြစ်သည်။ အစိုးရစစ် (၁၀)တန်း စာမေးပွဲကို မြန်မာစာ၊ ရာဇဝင်ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ အရှေ့ပိုင်းရာဇဝင်ဖြင့် ဂျပ်ဆင်ကောလိပ်မှ ဘီအေဘွဲ့ရရှိခဲ့သည်။ ၁၉၃၇ ခုနှစ်မှစ၍ စစ်ကိုင်းမြို့ အမျိုးသားကျောင်း၌ စေတနာ့ဝန်ထမ်း အထက်တန်းပြ ဆရာလုပ်ရင်း ဘီအီးဒီတက်ရောက်စဉ် ဒုတိယကမ္ဘာစစ်ဖြစ်သည်။ အာရှလူငယ်အစည်းအရုံးတွင် အမျိုးသားဌာနအတွင်းရေးမှူး (၁၉၄၃-၁၉၄၅)၊ တာဝန်ထမ်းဆောင်သည်။ တစ်နိုင်ငံလုံးသို့ လှည့်လည်ပြီး ဗလငါးတန်ဖွံ့ဖြိုးရေး၊ တိုင်းချစ်ပြည်ချစ်ထက်သန်ရေးအတွက် လှည့်လည်စည်းရုံးသည်။ ၁၉၄၇ ခုနှစ်တွင် ဘီအီးဒီဘွဲ့ရရှိပြီး ရန်ကုန်တိုင်း အမျိုးသမီးပညာအုပ်၊ ဘာသာပြန်စာပေအသင်း (ယခုစာပေဗိမာန်) လက်ထောက်စာတည်းမှူးတာဝန်များကို ထမ်းဆောင်သည်။

၁၉၅၀ပြည့်နှစ်မှ ၁၉၅၈ ခုနှစ်အတွင်း ရှမ်းပြည်နယ် လူထုပညာရေးကောင်စီအတွင်းရေးမှူးအဖြစ် လူထုပညာရေးမှူး ၄၀ကို ဦးဆောင်ကာ လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထိုဒေသများက သက်ကြီး ၈၀၀၀ ခန့် အသုံးလုံး ပညာတတ်မြောက်ခဲ့ကာ မူလတန်းကျောင်း ၂၀ ကျော် တိုးပွားလာအောင် ဆောင်ကြဉ်းခဲ့သည်။ လူထုပညာရေးကောင်စီ ဖျက်သိမ်းလိုက်သောအခါ ကာကွယ်ရေးဝန်ကြီးဌာန၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)တွင် အဖွဲ့ဝင်အယ်ဒီတာအဖြစ် ထမ်းရွက်သည်။ မြန်မာ့အသံလေလှိုင်းသံမှ ထုတ်လွှင့်ခဲ့သော သမီးအလိမ္မာ(၁၉၄၆-၁၉၄၉)၊ အိမ်ထောင်ရေး ပြဿနာအဖြေလွှာ(၁၉၅၆-၁၉၆၁)၊ ပြောပါရစေရှင်(၁၉၆၄-၁၉၆၅) တို့မှာ ထိုစဉ်က သောတရှင်များ တကူးတကစောင့်မျှော်နားဆင်ရသော အစီအစဉ်ကောင်းတစ်ခုဖြစ်သည်။ သားကောင်းမိခင်(ပ-ဒု)၊ မြန်မာ့သားကောင်း၊ ခေတ်သစ်မယ်၊ သားသမီးရတနာစသည့် ဆောင်းပါးဝတ္ထုများစွာကိုလည်း ရေးသားပြုစုခဲ့သည်။ အဟောကောင်း အပြောကောင်း စွယ်စုံပညာရှင်တစ်ဦးဖြစ်သော ဒေါ်ရီကြိန်၏ ဝါသနာ၊ စေတနာအားထုတ်လှုပ်ရှားမှုများကို လေးစားအတုယူသင့်ပေသည်။

တစ်ခေတ်တစ်ခါက လူမှုဝန်ထမ်းစိတ်ဓာတ်မြင့်မားစွာ တိုင်းကျိုးဆောင်၍ ပြည်ကျိုးပြုခဲ့သော အမျိုးသမီးများစွာအနက် အထက်ပါပုဂ္ဂိုလ်ကျော် ငါးဦး၏ စွမ်းဆောင်မှုအကျဉ်းကို ဖော်ကျူးတင်ပြခြင်းဖြင့် (၁၇)နှစ်မြောက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသတည်း။ ။

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဝင်

**ရန်ကုန် ဇွန် ၂၄**

၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်၊ မြို့နယ်တွင်း ကျောင်းပေါင်းစုံ စာစီစာကုံးအရေးပြိုင်ပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃)ကျောင်း၌ ကျင်းပသည်။ အခြေခံပညာအထက်တန်းကျောင်းခြောက်ကျောင်းနှင့် အလယ်တန်းကျောင်းနှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၁ဦးသည် အထက်တန်းအဆင့်တွင် “မြန်မာအမျိုးသမီးတို့၏ စီးပွားရေးစွမ်းဆောင်မှု” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်တွင် “ယဉ်ကျေးလှပလုံခြုံစွာ ဝတ်စားဆင်ယင်ပါသမီးကညာ” ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ဖြေဆိုကြပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွန့်နှင့် အထက(၃) ကျောင်းအုပ် ဆရာမကြီး ဒေါ်သီဂီအေးတို့က လှည့်လည်အားပေးကြည့်ရှုကြသည်။

**အောင်သန်း(သတင်းထောက်)**

## ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ဝန်ထမ်းသားသမီးများအား ထောက်ပံ့ပေးအပ်ခြင်းနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် Microfinance လုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် မြန်မာ့စီးပွားရေး ဘဏ်ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ခြင်းကို ဇွန် ၂၀ ရက်က နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာ့စီးပွားရေးဘဏ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ် ငွေကျပ် ၁၁၇၅၀၀၀နှင့် စာရေးကိရိယာငွေကျပ် သုံးသိန်းကျော်ဖိုး ပေးအပ်လှူဒါန်းခဲ့ပြီး ကျောက်ပန်းတောင်းမြို့နယ်၊ ကလောမြို့နယ်များ၌ Microfinance လုပ်ငန်းကို အကောင်းဆုံးပါဝင်ဆောင်ရွက်နိုင်ခဲ့သည့် ဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြ **(အောက်ပုံ)** နှင့် တာဝန်ရှိသူများ တက်ရောက်ဆုချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မြန်မာ့စီးပွားရေးဘဏ်**

# မြန်မာနိုင်ငံအပေါ် ကျန်ရှိနေတဲ့ တားမြစ်ကန့်သတ်ချက်နှစ်ချက်ကို လုံးဝရုပ်သိမ်းဖို့ဆုံးဖြတ်ချက်အတည်ပြု နိုင်ငံနှင့် ပြည်သူများ၏အကျိုး၊ အလုပ်သမားများ၏အကျိုးအတွက် ညီညွတ်စွာဖြင့် ကြိုးပမ်းခဲ့သည့်ရလဒ်ဖြစ်

မေး/ရေး - ဆွေဆွေနိုင်၊ ရီရီမြင့်၊ ဥမ္မာသန့်၊ နန္ဒာဝင်း၊ နေလင်း

ဓာတ်ပုံ-လှမိုး၊ ရဲထွဋ်

ရန်ကုန် ဇွန် ၂၄

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇွန် ၅ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ အောင်မြင်စွာ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ယမန်နေ့ညနေပိုင်းတွင် ပြန်လည်ရောက်ရှိလာသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်တို့ကိုလည်းကောင်း၊ ဇွန်၂၂ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပြန်လည်ရောက်ရှိလာသော နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးထင်လင်း (အစိုးရကိုယ်စားလှယ်)၊ ဒေါ်သန်းသန်းဌေး (အလုပ်သမားကိုယ်စားလှယ်)၊ ဒေါက်တာစိုင်းခိုင်မျိုးထွန်း (အလုပ်သမားကိုယ်စားလှယ်၏ အကြံပေး)နှင့် ဒေါ်ခိုင်ခိုင်နွယ်(အလုပ်ရှင်ကိုယ်စားလှယ်)တို့ကိုလည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

*(ယမန်နေ့ကအဆက်)*

**နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးထင်လင်း (အစိုးရကိုယ်စားလှယ်)**

**မေး။ ။ အခုလို ကန့်သတ်ချက်တွေ ရုပ်သိမ်းတာနဲ့ပတ်သက်ပြီး နိုင်ငံနဲ့ ပြည်သူတွေအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်မလဲဆိုတာကို နိုင်ငံရေးရှုထောင့်ကနေ ဆွေးနွေးပေးစေလိုပါတယ်ရှင်။**

ဖြေ။ ။ မြန်မာနိုင်ငံက ၁၉၅၅ ခုနှစ်မှာ အဓမ္မစေခိုင်းမှုပပျောက်ရေးကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီအချိန်ကနေစခဲ့ပြီးတော့ အခုအချိန်မှာတော့ ဒီကန့်သတ်ချက်တွေအားလုံးရုပ်သိမ်းတဲ့အဆင့်ကို ရောက်လာတာပါ။ အဲဒီလို ကန့်သတ်ချက်တွေအားလုံးရုပ်သိမ်းပြီဆိုတာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ပုံရိပ်ပေါ့။ Political Image အများကြီး တက်လာပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေနဲ့လည်း နိုင်ငံရေး၊ လူမှုစီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေလုပ်တဲ့အခါမှာ သိသာထင်ရှားတဲ့ ရလဒ်တွေရလာတယ်။ အဲဒီလိုရတဲ့အထဲမှာ အခုလိုကန့်သတ်ချက်တွေ ရုပ်သိမ်းအောင် မြန်မာနိုင်ငံက ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ အင်မတန်မှ မင်္ဂလာရှိတဲ့ ကိစ္စတစ်ရပ်ပါ။ ပြည်သူပြည်သားတွေအားလုံး ဝမ်းသာရမယ့်ကိစ္စပါ။

**မေး။ ။အခုလို ဆုံးဖြတ်ချက်တွေ ရအောင် နိုင်ငံအတွင်းမှ သက်ဆိုင်သူတွေအနေနဲ့ ဘယ်လို ကြိုးပမ်းဆောင်ရွက်ခဲ့တယ်ဆိုတာ အနည်းငယ်ရှင်းပြပေးစေလိုပါတယ်ရှင်။**

ဖြေ။ ။ သက်ဆိုင်သူဆိုတဲ့ အထဲမှာ ပြည်တွင်းကပါသလို ILO အဖွဲ့အစည်းကလည်း ပါပါတယ်။ ပြည်တွင်းမှာဆိုရင် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးစတဲ့ ဌာနတွေပါဝင်ပါတယ်။ ပထမဦးဆုံး အဓမ္မစေခိုင်းမှု ပပျောက်ရေးနဲ့ဆိုင်တဲ့ ပြည်တွင်း ဥပဒေတွေထဲက မဆီလျော်တာတွေကိုဖျက်သိမ်းတယ်။ မရှိသေးတာတွေကိုလည်း ပြန်ပြီးအသစ်ရေးဆွဲတယ်၊ တစ်ပြိုင်နက်တည်းမှာ ဒီဥပဒေတွေကိုလည်း Reinforcement လုပ်တယ်။ တစ်ပြိုင်နက်တည်းမှာပဲ အခြားသော ILO နဲ့ သဘောတူထားတဲ့ အကောင်အထည်ဖော်စရာကိစ္စတွေကိုလည်း အကောင်အထည်ဖော်ပါတယ်။ အဲဒီလိုလုပ်ဆောင်မှုတွေမှာ ထင်ရှားတဲ့ အောင်မြင်မှုတွေရတဲ့အတွက် ILO က အသိအမှတ်ပြုတယ်။ International Community ကလည်း အသိအမှတ်ပြုတယ်။ အဲဒီလို အသိအမှတ်ပြုတဲ့အတွက် ဒီလိုရလဒ်ကောင်းတွေကို ရရှိလာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နောက်တစ်ခါမြန်မာကိုယ်စားလှယ် အဖွဲ့ရုံး(ဂျီနီဗာ)အနေနဲ့လည်း ဆယ်စုနှစ်တစ်ခုကျော်ကြာ များစွာသောကဏ္ဍတွေကနေ သံရေး တမန်ရေး (Diplomacy) နည်းနဲ့ ကြိုးပမ်းခဲ့ရတယ်ဆိုတာကို ထည့်သွင်းပြောကြားချင်ပါတယ်။

**ဒေါက်တာစိုင်းခိုင်မျိုးထွန်း (အလုပ်သမားကိုယ်စားလှယ်၏အကြံပေး)**

**မေး။ ။ ILO ကနေ အရင်ချမှတ်ခဲ့တဲ့ တားမြစ်ကန့်သတ်ချက်တွေထဲက ကျန်ရှိနေတဲ့ ကန့်သတ်ချက်တွေကို ၁၀၂ ကြိမ်မြောက် ILC ညီလာခံမှာ ရုပ်သိမ်းနိုင်ဖို့အတွက် အလုပ်သမားကိုယ်စားလှယ်အနေနဲ့ ဘယ်လိုကြိုးပမ်းဆောင်ရွက်ခဲ့ပါသလဲရှင်။**

ဖြေ။ ။ ကျွန်တော်တို့ကတော့ ဒီအလုပ်သမားတွေကို ကိုယ်စားပြုပြီး သွားတဲ့အခါ ILO အဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်ကိုယ်စားလှယ်တွေနဲ့ သုံးပွင့်ဆိုင်တွေ့ဆုံပြီးတော့ နိုင်ငံအတွက် အကျိုးရှိမယ့်အကြောင်းအရာတွေ ပြောကြဆိုကြပါတယ်။ နောက်ပြီး ကိုယ့်နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံအောင်ဆိုပြီး ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံတကာအဆင့်အနေနဲ့ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေကို ပြောကြဆိုကြတော့ သူတို့အနေနဲ့ နဂိုကတည်းက လုပ်ပြီးသားပါ။ ဒါတွေက စီစဉ်ပြီးသားပါ။ ပြည်တွင်းပြုပြင်ပြောင်းလဲမှုကိစ္စတွေပေါ့၊ တစ်ခုတော့ရှိတာပေါ့၊ ကျွန်တော်တို့ အလုပ်သမားအရေးတွေကို လုပ်စရာတွေအများကြီး ရှိပါတယ်။

**မေး။ ။ ဘယ်လို အကျိုးရလဒ်တွေ ရလာမလဲလို့ သုံးသပ်ပါသလဲရှင်။**

ဖြေ။ ။ အဓိက ကတော့ ရင်းနှီးမြှုပ်နှံမှုပေါ့၊ နောက်တစ်ခုက ကိုယ့်ရဲ့နိုင်ငံ ဂုဏ်သိက္ခာ Identity လည်း အများကြီးတက်တာပေါ့၊ ရင်းနှီးမြှုပ်နှံမှုရလာတဲ့အတွက်ကြောင့် အလုပ်သမားတွေရဲ့ အခွင့်အရေးတွေကို ပြန်ထိန်းသိမ်းလာနိုင်မယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုဆိုတာစံနှုန်းတွေ ဘာတွေနဲ့ လုပ်ရကိုင်ရတဲ့သဘောရှိတယ်။ လုပ်တဲ့အခါမှာ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့လည်း ထိန်းညှိပြီး လုပ်ကိုင် ရပါတယ်။

**မေး။ ။ ညီလာခံတက်ရောက်ခဲ့တဲ့ အတွေ့အကြုံလေးတွေကိုလည်း ပြောပြပေးပါဦးရှင်။**

ဖြေ။ ။ ကျွန်တော်တို့ရတဲ့အတွေ့အကြုံကတော့ နိုင်ငံတကာအဆင့်ပွဲ အတွေ့အကြုံတွေမှာ ကျွန်တော်တို့ လူအင်အား နည်းသေးတယ်။ ပိုပြီးတော့ လူငယ်၊ လူကြီးအင်အားကောင်းကောင်းနဲ့ တက်ရောက်နိုင်ရင် တစ်ချိန်ကျရင် ကိုယ့်နိုင်ငံအတွက် ပိုပြီးအကျိုးရှိမယ့်အနေအထားရှိတာကို တွေ့ရတာပေါ့။ အခုကျတော့ ကျွန်တော်ကိုယ်တိုင် သွားတော့လည်း ပထမဆုံး အတွေ့အကြုံလည်း ဖြစ်တယ်။ ရှေ့ပိုင်းက လူတွေရဲ့ လုပ်ပုံကိုင်ပုံတွေလည်း လေ့လာရတဲ့အပိုင်းလည်း ရှိတယ်။ ဘာသွားတွေ့ရလဲဆိုတော့ ကျွန်တော်တို့တတ်နိုင်ရင် ကိုယ့်နိုင်ငံ ဒီဘက်က အလုပ်သမား ကိုယ်စားလှယ်ဖြစ်ဖြစ်၊ အစိုးရရဲ့ ကိုယ်စားလှယ်တွေဖြစ်ဖြစ်၊ အလုပ်ရှင်ဖြစ်ဖြစ် အတတ်နိုင်ဆုံး လူဦးရေများများနဲ့ဆိုင်ရာကဏ္ဍအားလုံးကိုပါ နိုင်အောင် လူအင်အားတိုးပြီး ဆောင်ရွက်မယ်ဆိုရင် နိုင်ငံအတွက် ပိုအကျိုးရှိမယ်လို့ ယူဆပါတယ်။

**ဒေါ်သန်းသန်းဌေး (အလုပ်သမားကိုယ်စားလှယ်)**

**မေး။ ။ တားမြစ်ကန့်သတ်ချက်တွေ ရုပ်သိမ်းလိုက်ပြီဆိုတော့ အလုပ်သမားအဖွဲ့အစည်းတွေအနေနဲ့ ရှေ့ဆက်လုပ်ဆောင်မယ့် လုပ်ငန်းများကို သိရှိလိုပါတယ်ရှင်။**

ဖြေ။ ။ရှေ့ဆက်ပြီး လုပ်ဆောင်ရမယ့်ကိစ္စတွေကတော့ အခု ပြည်ပမှာလည်း ကျွန်မတို့အဖွဲ့အစည်းတွေ၊ အခြားသမဂ္ဂအဖွဲ့အစည်းတွေ တော်တော်များများနဲ့လည်း တွေ့ခဲ့တယ်။

ဒေါ်သန်းသန်းဌေး (အလုပ်သမားကိုယ်စားလှယ်)ပြန်လည်ဖြေကြားစဉ်။

သူတို့ ဖိတ်ကြားတဲ့ပွဲတွေကိုလည်း တက်ခဲ့တယ်။ ညစာစားပွဲလို ပွဲမျိုးပါသလို အလုပ်ကိစ္စဆွေးနွေးတဲ့ ရုံးတွေမှာသွားပြီး ဆွေးနွေးတဲ့ပွဲတွေလည်းပါတယ်။ အဓိကပြောဖြစ်တာကတော့ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့နေရာမှာ လူ့ဂုဏ်သိက္ခာကို တိုးတက်မြင့်မားစေမယ့်၊ အလုပ်သမားတွေဂုဏ်သိက္ခာကို မထိခိုက်ဘဲ တိုးတက်မြင့်မားစေမယ့် ရင်းနှီးမြှုပ်နှံမှုမျိုး၊ လုပ်ငန်းမျိုး၊ နောက်တစ်ခုက ကုန်စည်စက်မှုလုပ်ငန်းပေါ့၊ စက်ပစ္စည်းကို အဓိကမထားဘဲ လူတွေရဲ့လုပ်အားကို အဓိကထားတဲ့ အထည်ချုပ်လုပ်ငန်းမျိုး၊ အဲဒီလို ရင်းနှီးမြှုပ်နှံမှုမျိုး၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ အဲဒါမျိုးတွေ ကျွန်မတို့ ပိုပြီးလိုလာတယ်။ ပို့ဆောင်ရေး၊ အဲဒီလိုကိစ္စတွေကိုလည်း အဖွဲ့ခေါင်းဆောင်တွေနဲ့စကားပြောခဲ့တယ်။ နိုင်ငံတကာကတက်လာတဲ့ ခေါင်းဆောင်တွေနဲ့ စကားပြောပြီး ဖိတ်ခေါ်ခဲ့တယ်။ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေးပညာရှင်တွေကိုလည်း ဖိတ်ခေါ်ခဲ့ပါတယ်။ လယ်သမားအတွက်ရော အလုပ်သမားအတွက်ရော ကြိုတင်ပြင်ဆင်ထားတာရှိပါတယ်။

**မေး။ ။ ညီလာခံအပြီး ဘယ်လို အကျိုးရလဒ်တွေ ရရှိလာပါသလဲရှင်။**

ဖြေ။ ။ ရင်းနှီးမြှုပ်နှံမှုမျိုးတွေဝင်လာပြီဆိုရင် ကျွန်မတို့ ဥပဒေတွင်း ကနေ အလုပ်ရှင်၊ အလုပ်သမားနဲ့ အစိုးရနဲ့ ညီညီညွတ်ညွတ်နဲ့ပူးပေါင်းပြီး တိုင်တိုင်ပင်ပင် အလုပ်လုပ်ကြဖို့ စဉ်းစားထားပါတယ်။ နောက်တစ်ခုက အဲဒီလို အလုပ်လုပ်တဲ့ ကျွန်မတို့ အလုပ်သမား ကိုယ်စားလှယ်အနေနဲ့ အထူးသဖြင့် အလုပ်သမားတွေ အခွင့်အရေးနဲ့ ပတ်သက်ပြီး ဘောင်အတွင်းကနေ တိတိကျကျအကာအကွယ်ပေးဖို့လည်း စဉ်းစားထားပါတယ်။ လိုအပ်တဲ့အချက်တွေလည်း အများကြီးရှိသေးတယ်။ တချို့ကိစ္စတွေဆိုရင် အဓမ္မလုပ်အားပေးကိစ္စတို့၊ ကလေးလုပ်သား ကိစ္စမျိုးက တော်တော်ကြီးပပျောက်သွားပြီဆိုပေမယ့် လုံးဝကြီး ပျောက်ကွယ်သွားတဲ့ အဆင့်မဟုတ်သေးပါဘူး။ အဲဒီကိစ္စမျိုးတွေကိုလည်း လုံးဝပပျောက်သွားအောင် ကြိုးစားရပါမယ်။ နောက်တစ်ခုက အလုပ်သမားတွေအခွင့်အရေးပေါ့၊ သက်ကြီး အလုပ်သမားတွေဆိုရင် အသက်ကြီးသွားတဲ့အချိန်မှ သူတို့လုပ်ခလစာကိုလုပ်သက် သက်တမ်းအရ တိုးမြှင့်ပြီးသွားဖို့အထိ အနေအထားမျိုး စဉ်းစားထားပါတယ်။ မျှော်လည်း မျှော်လင့်ထားပါတယ်။ ဒီ့ထက်လည်း အလုပ်သမားတွေရဲ့ဘဝ အခြေခံအလုပ်သမားတွေပေါ့။ စီးပွားရေးပိတ်ဆို့မှုက အထိခိုက်ဆုံးက အခြေခံအလုပ်သမားလူတန်းစားတွေကို ပိုပြီးထိခိုက်တယ်။ အဲဒီတော့ ဒီကိစ္စက ရပ်တန့်သွားပြီဆိုရင် ဒီလူတန်းစားတွေ ဘဝမြင့်မားလာဖို့ မျှော်လင့်တယ်။

**မေး။ ။ ဆွေးနွေးခဲ့တဲ့အကြောင်းအရာတွေအပေါ် အတွေ့အကြုံလေး ပြောပြပေးပါရှင်။**

ဖြေ။ ။ကျွန်မတို့ အတွေ့အကြုံကတော့ ပထမဆုံးအတွေ့အကြုံဆိုတော့တော်တော်လေးလည်းအံ့ဩရပါတယ်။ ဘာလို့လဲဆိုတော့ တော်တော်ကြိုးစားပမ်းစားအမီလိုက်ရတဲ့ အနေအထားမျိုးပါ။ ဒီစီးပွားရေးပိတ်ဆို့မှု အခန်းကဏ္ဍ ရပ်တန့်သွားတယ်ဆိုတဲ့အပိုင်းကလည်း ကျွန်မတို့သွားလို့ ဒီအခေါက်မှ ဒီလိုပြောလိုက်လုပ်လိုက်လို့ ရပ်တန့်သွားတာမျိုး မဟုတ်ပါဘူး။ အရင့်အရင်ကတည်းက ကျွန်မတို့ မြန်မာနိုင်ငံက အစိုးရအဖွဲ့ကိုယ်စားလှယ်တွေသွားပြီး နှစ်တိုင်းနှစ်တိုင်း တောင်းဆိုမှုတွေ ရှိခဲ့တယ်လေ။ အဲဒီလို နိုင်ငံတကာကနေ အားပေးထောက်ခံတယ်။ ဒီနှစ်ဆိုရင် နိုင်ငံတကာ အားပေးထောက်ခံတယ်။ရပ်တန့်ပေးဖို့လေ။ ပြည်တွင်းက အပြောင်းအလဲတွေကလည်း အများကြီး အထောက်အကူပြုတယ်။ အပြောင်းအလဲတွေကလည်း အပြုသဘောဆောင်တယ်ဆိုတဲ့သဘောရှိတယ်။ အဲဒါတွေနဲ့ အားလုံးစုပေါင်းလိုက်လို့လည်း ဒီကိစ္စ ဒီလိုပြီးဆုံးသွားတဲ့သဘောပါပါတယ်။

**မေး။ ။ဖြည့်စွက် ပြောချင်တဲ့ အကြောင်းအရာရှိရင်လည်း ပြောပြပေးပါရှင်။**

ဖြေ။ ။ ဖြည့်စွက်ပြောမယ်ဆိုရင် ကျွန်မမျှော်လင့်တာက အခုနက ဒေါက်တာစိုင်းခိုင်မျိုးထွန်း ပြောသွားသလိုပါပဲ။ တချို့နိုင်ငံ နိုင်ငံတော်တော်များက လာကြတာလေ။ အဖွဲ့ဝင်အင်အား ၁၀၀ တို့၊ ၈၀ တို့၊ ၅၀ တို့။ အဲဒါတွေမြင်တော့ ကျွန်မတို့ တော်တော့်ကို အားမရဖြစ်ခဲ့တယ်။ ဖြစ်ချင်တာကတော့ ကျွန်မတို့ အလုပ်သမားတွေ၊ လယ်သမားတွေ ကဏ္ဍအလိုက် အဖွဲ့ချုပ်ကြီးတွေ မြန်မြန်ဖွဲ့နိုင်ပြီးတော့ နောက်နှစ်တွေမှာကဏ္ဍအလိုက်ခေါင်းဆောင် အလုပ်သမားကိုယ်စားလှယ်တွေ တစ်ဦးချင်း၊ အဖွဲ့လိုက်၊ အစုလိုက် သွားချင်ပါတယ်။ မျှော်လည်း မျှော်လင့်ပါတယ်။

**ဒေါ်ခိုင်ခိုင်နွယ်(အလုပ်ရှင် ကိုယ်စားလှယ်)**

**မေး။ ။ ILO က ချမှတ်ထားတဲ့ ကန့်သတ်ချက်တွေကနေ ကင်းလွတ်သွားတဲ့အတွက် နိုင်ငံအတွင်းမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေပိုပြီး ဝင်ရောက်လာနိုင်ပါသလား။ ဘယ်လိုလုပ်ငန်းတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ်လို့ ထင်ပါသလဲရှင်။**

ဖြေ။ ။ FDI ကတော့ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ဝင်လာဖို့အများကြီး စိတ်ဝင်စားကြပါတယ်။ အခု ILO ရဲ့ နောက်ဆုံးကျန်ခဲ့တဲ့ ကန့်သတ်ချက်နှစ်ခုကတော့ လွတ်လွတ်ကင်းကင်းကြီး ပြီးသွားပြီပေါ့။ ထပ်ပြီးတော့ ရှေ့မဆက်တော့ဘူးလို့ (၁၀၂) ကြိမ်မြောက် ILC ညီလာခံမှာ ဆုံးဖြတ်ခဲ့တဲ့အတွက် မြန်မာနိုင်ငံကို ဝင်ရောက်ပြီးတော့ စီးပွားရေးလုပ်ကိုင်မယ့်သူတွေ၊ ရင်းနှီးမြှုပ်နှံမယ့် သူတွေအတွက်ကတော့

ဒေါ်ခိုင်ခိုင်နွယ် (အလုပ်ရှင်ကိုယ်စားလှယ်၏အကြံပေး) ပြန်လည်ပြောကြားစဉ်။

ပိုပြီးတော့ လာနိုင်ဖို့အတွက် တွန်းအားပေးတဲ့ အချက်တစ်ခုလို့ မြင်ပါတယ်။

**မေး။ ။ ဘယ်လိုလုပ်ငန်းတွေ ပိုပြီးတော့ဝင်လာနိုင်ပါသလဲရှင်။**

ဖြေ။ ။ကျွန်မတို့ မြန်မာနိုင်ငံအတွင်းမှာလုပ်မယ့် လုပ်ငန်းတွေ အများကြီးရှိပါတယ်။ အလုပ်သမားတွေရှိတယ်၊ သယံဇာတကိုအခြေခံတဲ့ လုပ်ငန်းမျိုးတွေ၊ ပြီးတော့ လူဦးရေများပြားတဲ့ လုပ်ငန်းမျိုးတွေ၊ လုပ်သားအခြေပြုလုပ်ငန်းမျိုးတွေ၊ သယံဇာတအခြေပြု လုပ်ငန်းမျိုးတွေ၊ အထူးသဖြင့် ခရီးသွားလုပ်ငန်းတွေ အကုန်လုံးက မြန်မာနိုင်ငံမှာ အခွင့်အလမ်းတွေရှိတဲ့အတွက် ဘက်စုံကတော့ ဝင်လာမယ်လို့ ထင်ပါတယ်။ ကိုယ့်နိုင်ငံမှာ ဘာတွေ အဓိကထားလိုလဲဆိုတော့ ဦးစားပေးအနေနဲ့ ကိုယ့်မှာ Plan လေးရှိတယ်ဆိုရင်တော့ လာတဲ့သူတွေနဲ့ပြောတဲ့အခါမှာ ပိုပြီး ထိရောက်တယ်လို့ပြောနိုင်မယ်လို့ ကျွန်မထင်တယ်။ လုပ်ငန်းကဏ္ဍပေါင်းစုံဝင်လာနိုင်ပါတယ်။

**မေး။ ။FDI တွေ ပိုမိုဝင်ရောက်လာရင် ဘယ်လိုကဏ္ဍတွေမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုတိုးတက်လာမယ်လို့ ထင်ပါသလဲရှင်။**

ဖြေ။ ။အဓိက ကတော့ ကျွန်မတို့ လုပ်သားအခြေပြု လုပ်ငန်းတွေကိုတော့ ပိုပြီးတော့ အားထားတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံက LDC နိုင်ငံဖြစ်တယ်။ လက်ရှိ ဆင်းရဲနွမ်းပါးမှုကို ၂၆% မှ ၂၀၁၅ မှာ ၁၆% အထိလျှော့ချဖို့ ကျွန်မတို့နိုင်ငံမှာ လုပ်နေတယ်။ အဲဒီလို လျှော့ချဖို့အတွက်က ကျွန်မတို့က အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးဖို့ လိုပါတယ်။ လုပ်သားအခြေပြုလုပ်ငန်းတွေကို အများကြီးဝင်လာရင်လည်း ကောင်းပါတယ်။ ဒီတစ်ခုထဲကိုလည်း ပြောလို့မရဘူးပေါ့၊ အလုပ်အကိုင်အသစ်တစ်ခု ဖြစ်လာရင် ဒီအလုပ်အကိုင်မှာ လိုအပ်မယ့် အလုပ်လုပ်မယ့်သူတွေကတော့ လိုအပ်လာမှာပါ။ အဲဒီတော့ ဘယ်သူမဆိုပေါ့ ရင်းနှီးမြှုပ်နှံမှုတွေအားလုံးကို ကျွန်မတို့ ဖိတ်ခေါ်ပါတယ်။

**မေး။ ။ ညီလာခံကို တက်ရောက်ခဲ့တဲ့ ကိုယ်စားလှယ်တစ်ဦးအနေနဲ့ အလုပ်ရှင်တွေကိုယ်စား ဘယ်လိုကြိုးပမ်းဆောင်ရွက်ခဲ့ပါသလဲ။ အနည်းငယ်ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ကျွန်မတို့ အမှန်အတိုင်းပြောရရင်တော့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ကို သိပ်ကျေးဇူးတင်ပါတယ်။ ဒါဝန်ကြီးဦးအောင်ကြည်ရဲ့ အရင့်အရင်နှစ်တွေက ကြိုးပမ်းဆောင်ရွက်ချက်ရဲ့ နောက်ဆက်တွဲ ရလဒ်ကလေးပါ။ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က တော်တော့်ကို ဆောင်ရွက်ခဲ့ပြီးတော့ ပထမဦးဆုံး ကျွန်မတို့ တားမြစ်ကန့်သတ်ချက် ရှစ်ခုကနေ လုံးဝ အားလုံးရုပ်လိုက်တဲ့အထိဖြစ်အောင် မနှစ်ကအဖွဲ့ကလည်း ကြိုးစားခဲ့တယ်။ အဲဒီအဖွဲ့မှာ ကျွန်မလည်း ပါပါတယ်။ ဒီနှစ်မှာ ကျန်နေသေးတဲ့ နှစ်ခုကို အခုသွားတဲ့အဖွဲ့ကလည်း ကြိုးစားခဲ့ရပါတယ်။ ကျွန်မအခု သုံးကြိမ်မြောက် သွားခဲ့တာပါ။ တော်တော်ကို အားကြိုးမာန်တက်ပေါင်းစည်းပြီးလုပ်တာကို ကျွန်မတို့ တွေ့ရတယ်။ အဲဒီတော့ ကျွန်မတို့ အလုပ်သမားဘက်ကလည်း အလုပ်သမား အလျောက်၊ အလုပ်ရှင်ဘက်ကလည်း အလုပ်ရှင် အလျောက်၊ ကျွန်မဆို ဒီအလုပ်ရှင် အပြည်ပြည်ဆိုင်ရာ အလုပ်ရှင်များ အဖွဲ့အစည်းရှိတယ်။ မြန်မာနိုင်ငံရဲ့ အလုပ်ရှင်များကတော့ အဲဒီ အဖွဲ့ရဲ့ အဖွဲ့ဝင်မဟုတ်သေးပါဘူး။ ကျွန်မတို့လည်း မဝင်နိုင်ခဲ့သေးပါဘူး။ ကန့်သတ်ချက်ရှိသေးတဲ့အတွက် ဖြစ်ပါတယ်။ အဲဒီအဖွဲ့က အလုပ်ရှင်တွေကို သိပ်ပံ့ပိုးကူညီတာကို ကျွန်မတို့ တွေ့ရတယ်။ ကျွန်မလည်း အစည်းအဝေးမှာ အလွန်ငြင်းခုံ ပြောဆိုခဲ့ရတယ်။ သည်းခံပြီးတော့ လိုက်လျောတာကို ကျွန်မတို့ တွေ့ရပါတယ်။ အထူးအားပေးတာပေါ့၊ ပေါင်းစည်းမှုရဲ့ရလဒ်လို့ ကျွန်မမြင်တယ်။ အလုပ်သမားဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန မစ်ရှင်ရုံးရဲ့ပေါင်းစည်းမှုပေါ့၊ ဒီပေါင်းစည်းမှုတွေကြောင့်လည်း ဒီလိုအဖြေတွေထွက်လာတာ။ ဟိုမှာ ကျွန်မတို့ကို ကန့်ကွက်သူမရှိခဲ့ပါဘူး။ ကန့်ကွက်သူ တစ်ဦးမှမရှိဘဲနဲ့ ကျွန်မတို့ ဒီတစ်ခေါက် ပြေလည်ခဲ့တာ တော်တော်ဂုဏ်ယူစရာ ကောင်းတယ်။

*စာမျက်နှာ ၈ သို့*

ပြည်တွင်းသတင်း

# နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုကို ရရှိနိုင်လိမ့်မည်ဟုယုံကြည်

နေပြည်တော် ဇွန် ၂၄

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း (MDRI)စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (CESD)၊ အမေရိကန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID)နှင့် အမေရိကန်နိုင်ငံ မီချီဂန်တက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်သမ္မတ၏ အမေရိကန်နိုင်ငံ ခရီးစဉ်အတွင်း အမေရိကန်သမ္မတနှင့် တွေ့ဆုံပြီး အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ရာတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များလည်း ပါဝင်ခဲ့ပါကြောင်း၊ ယင်းဆွေးနွေးမှုများအပေါ် မူတည်ပြီး အမေရိကန်နိုင်ငံအနေဖြင့် ထောက်ပံ့ကူညီမှုအစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန်ရှိသည်ဟု သိရှိရပါကြောင်း။

ယနေ့ ဆွေးနွေးပွဲတွင် မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုကို ရရှိနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားကာ နိုင်ငံတော်သမ္မတ၏ နိုင်ငံနှင့်အဝန်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကွင်းဆင်းဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းများကို ကြည့်ရှုကြသည်။

ယင်းနောက် မီချီဂန်တက္ကသိုလ်မှ ပါမောက္ခ Dr. Steve Haggblage က ဇွန် ၂၁ ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး မြန်မာ့စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ MDRI-CESD မှ ဒါရိုက်တာ ဒေါက်တာဇော်ဦးနှင့် မီချီဂန်တက္ကသိုလ်မှ ပါမောက္ခ Dr. Ducan Boughton တို့က ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးတင်နိုင်သိန်းနှင့် ဒေါက်တာကံဇော်တို့က မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လက်ငင်းဆောင်ရွက်နေမှုများနှင့်၊ (USAID )နှင့် ပူးပေါင်းကူညီဆောင်ရွက်ရန် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် မီချီဂန်တက္ကသိုလ် ပါမောက္ခ Dr. Thomas Reardon က လယ်ကွက်ငယ်များကို ခေတ်မီလယ်ယာမြေများအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် အာရှဒေသတွင် စားနပ်ရိက္ခာထောက်ပံ့မှုပုံစံ အရှိန်အဟုန်ဖြင့် ပြောင်းလဲလာခြင်းခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်နှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အမေရိကန်နိုင်ငံ USAID မှ Mr. Luis Guzman (USAID Agriculture Officer) အမေရိကန်နိုင်ငံ Michigan State University မှ Agricultural Economic Professor Dr. Steve Haggblage၊ Institute of Strategic and International Studies (ISIS) မှ Program Director Dr. Larry C.Y Wong နှင့် စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးမှုအဖွဲ့ (MDRI-CESD) မှ Board of the Menber ဒေါက်တာစိန်လှဗိုလ်၊ ဒါရိုက်တာ ဦးတင်မောင်သန်းနှင့် ဦးဇော်ဦးတို့ပါဝင်သော အဖွဲ့နှင့်အတူ နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ကိုးရွာရှိ စံပြစက်မှုလယ်ယာမြေစနစ် ဧက ၅၀၀ စိုက်ကွင်း၌ သက်တမ်း ၁၄ ရက်သားရှိ ပဲတီစိမ်းစိုက်ခင်းနှင့် သက်တမ်း ၁၀ ရက်သားရှိ မြေပဲစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ ကောက်စိုက်စက်ပျိုးခင်းရုံများ၌ ကောက်စိုက်စက်ဖြင့် ၁၄ ရက်သားတွင် စိုက်ပျိုးရန် ပျိုးထောင်ထားသော စပါးပျိုးပင်များ၏ ၁၀ ရက်သားသက်တမ်းတွင် စိမ်းစိုဖြစ်ထွန်းနေမှုများကိုလည်းကောင်း၊ မှန်လုံအိမ်ပျိုးဥယျာဉ် စိုက်ပျိုးထားသော မြန်မာ့မျိုးရင်းသစ်ခွအမျိုးမျိုး၊ ပန်းအလှပင် အမျိုးမျိုး စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ သစ်သီးဝလံ အဆင့်မြင့် ထုပ်ပိုးသန့်စင်လုပ်ငန်း တောင်သူပညာပေး အဆောက်အအုံ၌ နည်းပညာပေး ပြသရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ကောက်စိုက်စက်များ အသင်းစုဖွဲ့၍ ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးရန် ပြင်ဆင်နေမှုများကို လည်းကောင်း၊ ညောင်ပင်ကြီးစုကျေးရွာရှိ တစ်ရက် တန် ၇၀ ကျ ဆာတာကေးဆန်စက် တပ်ဆင်ဆောင်ရွက်နေမှုနှင့် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ နဂါးမောက်သီးနှံစိုက်ခင်း၌ နဂါးမောက်သီးများ ဝေဆာစွာ သီးပွင့်နေမှုများ **(အပေါ်ပုံ)**၊ ရွှေသံလွင်ကုမ္ပဏီ၏ လယ်ယာထွက်ကုန်နှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံမျိုးစေ့ အရောင်းပြခန်းကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာအနီးရှိ Alliance Stars ကုမ္ပဏီ၏ လယ်ယာသုံးစက်ကိရိယာ သိုလှောင်ရုံ၌ သစ်သီးဝလံ အဆင့်မြင့်တင်စက်ဖြင့် (Fruit Processing Plant) ဖြင့် ပျားလိမ္မော်များကို ဈေးကွက်ပို့ရန် ပြင်ဆင်နေမှုများနှင့် ဘက်စုံ ၁၀ မျိုးသုံးနိုင်သည့် လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ လယ်ယာသုံးစက်ကိရိယာများကိုလည်းကောင်း၊ အလျင်လိုကျေးရွာရှိ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်နွေစပါး ဧက ၅၀၀ စိုက်ခင်း၏ လေးရက်သားသက်တမ်းတွင် ဖြစ်ထွန်းအောင်မြင်၍ အနှံများ ထွက်ရှိနေမှုများကို လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် နွေစပါးစိုက်ခင်းဧက ၃၀၀ စိုက်ကွင်း၊ တဲကြီးကုန်းကျေးရွာ စပါးသုတေသန ဧက ၁၀၀ စိုက်ခင်း၌ သက်တမ်း ၂၅ ရက်သားရှိ ဂျပန်မူရင်းမျိုး အထူးအရည်အသွေးကောင်းစိုက်ခင်းနှင့် ကိုရီးယားမူရင်းမျိုး အထူးအရည်အသွေးကောင်း စပါးစိုက်ခင်း၏ သက်တမ်း ၇၃ ရက်သားတွင် အနှံများ စုံညီစွာထွက်ရှိ ဖြစ်ထွန်းအောင်မြင်နေမှုကို လည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

အစိုးရအဖွဲ့အစည်းရော၊ ဒီအလုပ်သမားအဖွဲ့၊ အလုပ်ရှင်အဖွဲ့ အကုန်လုံးပေါ့၊ အားလုံးရဲ့ ပေါင်းစည်းမှုရဲ့ ရလဒ်လို့ ကျွန်မမြင်တယ်။ ကျွန်မတို့ဆက်ပြီးတော့ ပေါင်းစည်းဆောင်ရွက်သွားရင် အထူးအောင်မြင်မှုရမှာပါ။

**မေး။ ။ GSP အခွင့်အရေးရရှိမှုနဲ့ပတ်သက်ပြီး အနည်းငယ်ရှင်းပြပေးစေလိုပါတယ်ရှင်။**

ဖြေ။ ။ ကျွန်မတို့ ကံကောင်းတဲ့ အချိန်လေးပေါ့နော်၊ ကျွန်မတို့ကံကောင်းတယ်ဆိုတာလည်း ဟိုနိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲမှုကြောင့်ပါ၊ ကျွန်မတို့ဟိုမှာ ရောက်နေစဉ်မှာပဲ GSP က ဇွန် ၁၂ ရက်နေ့မှာ တရားဝင်ပေါ့။ ဒီနှစ်အတွက် ဥရောပကောင်စီ၊ ဥရောပသမဂ္ဂ၊ ဥရောပပါလီမန်တွေပေါ့နော်၊ နှစ်ဖက်သဘောတူပြီးတော့ လက်မှတ်ထိုးလိုက်ပြီဆိုတော့၊ မြန်မာပြည်၊ ဒီ GSP အခွင့်အရေး ပြန်ရပြီလို့ ကျွန်မတို့ ဟိုမှာ အဲဒီသတင်းလေး သိလိုက်ရပါတယ်။ ပြန်ရတဲ့အခါမှာလည်း မနှစ်က ILC ရဲ့ရလဒ်ဖြစ်တဲ့ မနှစ်ကသူတို့ပြောခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ကြိုးစားမှုက ဒီဥရောပသမဂ္ဂရဲ့ ပိတ်ဆို့ထားတဲ့ GSP ကို ပြန်ရုပ်သိမ်းတယ်။ ပြန်ပေးနိုင်ဖို့အတွက် သက်သေအထောက်အထား ခိုင်လုံပါပြီလို့ ပြောခဲ့ပါတယ်။ သူတို့ပြန်ပေးတဲ့အခါမှာ ၂၀၁၂ ဇွန်ကစပြီးတော့ မြန်မာနိုင်ငံရဲ့ပို့ကုန်များ၊ ဥရောပနိုင်ငံများသို့ တင်သွင်းမှုများကို ဒီအကောက်ခွန်တွေကောက်ထားတာတွေကို ပြန်ပေးဖို့ အဲဒီလောက်အထိ ဆောင်ရွက်ထားတာကိုတွေ့ရတယ်။ အထူးဝမ်းသာစရာကောင်းပါတယ်။ GSP လည်း ကြေညာပြီး အခု ILO ကလည်း ကန့်သတ်ချက်တွေမရှိတော့ဘူးဆိုတော့ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူတွေအတွက် စိတ်လွတ် ကိုယ်လွတ် ဆောင်ရွက်နိုင်ဖို့အတွက် အထောက်အကူပြုမယ်လို့ ကျွန်မထင်ပါတယ်။ အဲတော့ GSP ရတာလည်း ကျွန်မတို့နိုင်ငံအတွက်ပါ။ ကျွန်မ မနှစ်က ကမ္ဘောဒီးယားမှာ ကျင်းပတဲ့ အာဆီယံ-အီးယူ အစည်းအဝေးကိုတက်ခဲ့တယ်။ အဲဒီမှာ ကမ္ဘောဒီးယားဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောတဲ့အထဲမှာ ကမ္ဘောဒီးယားနိုင်ငံဟာ ၂၀၁၁-၁၂ မှာ EU ကို ပို့တဲ့ပို့ကုန်ဟာ EVA ရတယ်။ EVA ဆိုတာ လက်နက်ခဲယမ်းကလွဲရင် ကျန်တဲ့ပို့ကုန်အားလုံးကို အကောက်ခွန်ကင်းလွတ်ခွင့် ရတာပေါ့။ သူတို့ပို့ကုန်ရဲ့ တန်ဖိုးဟာ ၆၆ ရာခိုင်နှုန်း တက်လာတယ်လို့ ပြောတယ်။ အဲဒါကြားတော့ ကျွန်မအရမ်းအားကျခဲ့တာပေါ့နော်။ ကိုယ်လည်း အဲဒီလို ရလိုက်ရင်တော့ ကျွန်မတို့ပို့ကုန်တွေလည်း ဒီလိုဖြစ်နိုင်တယ်လို့ ကျွန်မမျှော်လင့်ခဲ့တယ်။ အခု GSP ရပြီ၊ ရတဲ့အခါမှာ EVA ပါရတယ်ဆိုတာသိတာပေါ့၊ ကျွန်မနားလည်တာကတော့ EVA ဆိုတာ GSP ထက် အမြင့်ဆုံးအဆင့်လို့ ပြောတော့ ကျွန်မ ဥရောပကောင်စီက မြန်မာနိုင်ငံရဲ့ ကိုယ်စားလှယ်က ဘာပြောလဲဆိုတော့ GSP ရပြီးရင် LDC ဖြစ်တဲ့အတွက် ပြန်ပြီးတော့ EVA ကို တစ်ခါတည်း ခံစားခွင့်ရှိမယ်လို့ပြောတယ်။ ကျွန်မ ဒီရောက်မှ ပြန်မေးကြည့်ရမယ်။ တစ်ခါတည်း ခံစားဖို့ရှိတယ်။ ကျွန်မတို့ဘက်က ပြန်လျှောက်ဖို့လိုသလား၊ ပြန်လျှောက်မယ်ဆိုရင်လည်း ဒါကို တိုက်ရိုက်ပတ်သက်တဲ့ စီးပွား/ကူးသန်းဝန်ကြီးဌာနက ဒါတွေလုပ်နေမှာပါ။ အကုန်လုံးကတော့ ရင်းနှီးမြှုပ်နှံမှုအတွက်ကော၊ ကုန်သွယ်မှုအတွက်ကော၊ ဒါ GSP ကလည်း ကုန်သွယ်မှုကို အားပေးတာကို။ အခု ILO ရဲ့ အရေးယူပိတ်ဆို့ထားမြစ်မှု၊ ရှေ့မဆက်တော့ဘူးဆိုတာလည်း ဒါကုန်သွယ်မှုကို အားပေးတာပဲ။ ရင်းနှီးမြှုပ်နှံမှုလည်းဝင်လာမယ်။ ကုန်သွယ်မှု တက်လာမယ်ဆိုရင် ကျွန်မတို့နိုင်ငံက ရင်းနှီးမြှုပ်နှံမှုများတဲ့အတွက် စီးပွားရေးတက်လာမှာပေါ့၊ ကုန်သွယ်မှုများလာရင် အလုပ်အကိုင် အခွင့်အလမ်းတွေများလာတဲ့အတွက် ဆင်းရဲခြင်းလျှော့ချမှုဖြစ်လာမှာပေါ့။ အဲဒီနှစ်ခုကို ကျွန်မတို့ ချိတ်ဆက်ပေးနိုင်ရင်တော့ အတိုင်းအထက်အလွန်ပါပဲလို့ ကျွန်မတို့မြင်ပါတယ်။

**မေး။ ။ ဘာများပြောချင်ပါသလဲရှင်။**

ဖြေ။ ။ ကျွန်မတို့ကြုံခဲ့တဲ့ အတွေ့အကြုံတွေကို သင်ခန်းစာယူပြီးတော့ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား အားလုံး ပေါင်းစည်းပြီးတော့ အကုန်လုံးက အကောင်းဆုံးဖြစ်အောင် လုပ်ဖို့ အရေးကြီးတယ်လို့ ပြောချင်ပါတယ်။ အခု ဂျီနီဗာရဲ့ ရလဒ်က ပေါင်းစည်းမှုရဲ့ရလဒ်လို့ပဲ ပြောချင်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမား ပေါင်းစည်းပြီးတော့ ကန့်ကွက်သူမရှိဘဲ ဒီအဖြေတစ်ခုပဲရပြီးတော့ အောင်မြင်လာခဲ့တာပါ။ အောင်မြင်လာတဲ့အခါကျတော့ ကျွန်မတို့ ဒီဟာကို ဒီမှာဆက်ပြီး ဆောင်ရွက်ရမယ်လို့ ပြောကြတဲ့အခါမှာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ပူးပေါင်းဖို့ သဘောတူညီခဲ့တယ်။ ကျွန်မတို့ လုပ်ကြရမယ်။ ကျွန်မတို့ အများကြီးကြိုးစားသွားကြမှာပါ။

သတင်းအဖွဲ့။ ဖြေကြားပေးခဲ့သူအားလုံးကို ကျေးဇူးအများကြီး တင်ပါတယ်ရှင်။

အလိမ္မာ
စာမှာရှိ

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၁၆/၂၀၁၃)
၁၃၇၅ ခုနှစ်၊နယုန်လပြည့်ကျော် ၁ ရက်
(၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၁/၂၀၁၁)၊ ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂၂/၂၀၁၂)နှင့် ၁၆-၁၀-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၄၁/၂၀၁၂)တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၄၈၅၀<br>ဒုတိယဗိုလ်မှူးကြီးသန်းနိုင် | (အစား) | ကြည်း၂၇၄၈၅<br>ဒုတိယဗိုလ်မှူးကြီးမြင့်ဇော် |
| (၂) | ကြည်း ၂၇၀၅၉<br>ဒုတိယဗိုလ်မှူးကြီးကျော်ဇင်ဝင်း | (အစား) | ကြည်း ၂၄၂၃၀<br>ဒုတိယဗိုလ်မှူးကြီးလှနိုင် |
| (၃) | ရေ ၃၆၃၇<br>ဒုတိယဗိုလ်မှူးကြီးခင်စိုး | (အစား) | ရေ ၃၆၂၆<br>ဒုတိယဗိုလ်မှူးကြီးကျော်ကျော် |
| (၄) | ကြည်း ၃၁၈၆၉<br>ဗိုလ်မှူးရန်နိုင် | (အစား) | ကြည်း ၂၆၇၉၇<br>ဗိုလ်မှူးထွန်းတောက် |

အမိန့်အရ
(မြင့်နိုင်)
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၇/၂၀၁၃)
၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်
(၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂/၂၀၁၁)၊ ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂၃/၂၀၁၂)၊ ၁၆-၁၀-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၄၂/၂၀၁၂)နှင့် ၁၁-၃-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၇/၂၀၁၃)တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၄၁၉၆<br>ဒုတိယဗိုလ်မှူးကြီးမိုးလွင် | (အစား) | ကြည်း ၃၃၅၆၅<br>ဗိုလ်မှူးမျိုးမင်းသန့် |
| (၂) | ကြည်း ၂၇၀၀၂<br>ဒုတိယဗိုလ်မှူးကြီးသန့်ဇော်ဦး | (အစား) | ကြည်း ၃၁၂၇၄<br>ဗိုလ်မှူးမောင်မောင်ငြိမ်း |
| (၃) | ကြည်း ၂၁၃၁၇<br>ဒုတိယဗိုလ်မှူးကြီးသန်းကျော်စိုး | (အစား) | ကြည်း ၂၅၁၆၈<br>ဗိုလ်မှူးခင်မောင်ချို |
| (၄) | ကြည်း ၂၃၉၉၀<br>ဒုတိယဗိုလ်မှူးကြီးဇော်မိုးလွင် | (အစား) | ကြည်း ၃၃၁၃၀<br>ဗိုလ်မှူးစိုးမိုး |
| (၅) | ကြည်း ၂၆၀၁၉<br>ဒုတိယဗိုလ်မှူးကြီးကျော်စိုးဦး | (အစား) | ကြည်း ၃၃၄၄၅<br>ဗိုလ်မှူးဝင်းနိုင် |
| (၆) | ကြည်း ၂၈၂၉၈<br>ဗိုလ်မှူးဇော်မင်းဦး | (အစား) | ကြည်း ၄၆၉၇၇<br>ဗိုလ်ကြီးကျော်မြတ်စိုး |

အမိန့်အရ
(မြင့်နိုင်)
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲများအား ဈေးပြိုင်စနစ်ဖြင့် စတင်ရောင်းချပေး

**နေပြည်တော် ဇွန် ၂၄**

ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒသမနေ့ကို မဏိရတနာကျောက်စိမ်းခန်းမ၌ ယနေ့နံနက်ပိုင်းမှစတင်၍ ဆက်လက်ကျင်းပပြီး **(ယာပုံ)** ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့်စတင်ရောင်းချရာ ကျောက်စိမ်းအတွဲများအား ဈေးပြိုင်ပေး၍ဝယ်ယူနေကြသည့် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

**အပြိုင်ဝယ်ယူ**

နံနက်ပိုင်းမှစတင်၍ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအား စိတ်ဝင်တစား ကြည့်ရှုရွေးချယ်မှတ်သားကြပြီး ဈေးပြိုင်ပေး၍ အပြိုင်ဝယ်ယူကြသည်။

ထို့အတူ ပြပွဲကျင်းပရေးဗဟိုကော်မတီက ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ အဆင်ပြေလွယ်ကူစွာ တည်းခိုနေထိုင်စားသောက်နိုင်ရေး၊ ဆက်သွယ်သွားလာနိုင်ရေး ၊ကျောက်စိမ်းအတွဲများအား မိမိတို့စိတ်ကြိုက် လေ့လာရွေးချယ်ဝယ်ယူနိုင်ရေးတို့ အတွက်လည်း ကော်မတီများ ဖွဲ့စည်းပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**အထူးစည်ကား**

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်ရတနာအရောင်းဆိုင်များနှင့် ငွေလဲကောင်တာများကိုလည်း ဖွင့်လှစ်ထားရှိရာ ဝယ်ယူအားပေးကြသူများ၊ ကြည့်ရှုလေ့လာကြသူများ၊ ငွေလဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ဇွန် ၁၉ ရက်မှ ၂၄ ရက်နံနက်ပိုင်းအထိ ကျောက်စိမ်းအတွဲပေါင်း ၉၆၅၇ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၈၂၅၉တွဲ ရောင်းချနိုင်ခဲ့ကြောင်းနှင့် ယနေ့မှစ၍ တစ်ရက်လျှင် ကျောက်စိမ်းအတွဲပေါင်း ၉၀ နှုန်းဖြင့် စုစုပေါင်း ကျောက်စိမ်း အတွဲ ၃၄၆ တွဲကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြပွဲကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်သည် မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိလာပြီး ပြပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများအား စိတ်ဝင်တစား လေ့လာနေမှု၊ ဈေးပြိုင်ပေး၍ အပြိုင်ဝယ်ယူနေမှုနှင့် ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဇွန် ၂၇ ရက်အထိ ဆက်လက်ကျင်းပပြီး ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောက်မျက်ရတနာ ပြပွဲတွေ ကျင်းပပေးတဲ့အတွက် အရည်အသွေးကောင်းတဲ့ ကျောက်တွေ ကြည့်ခွင့်ရပါတယ်

**နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသော ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ သတင်းအဖွဲ့သွားရောက်ခဲ့ပြီး ကျောက်စိမ်းအတွဲများအား စီစဉ်ရောင်းချသူ၊ လာရောက်ဝယ်ယူသူ၊ ကျောက်မျက်ရတနာအရောင်းဆိုင်ဖွင့်လှစ်ရောင်းချသူများနှင့်တွေ့ဆုံ၍ ရောင်းချမှု၊ ဝယ်ယူမှုအခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။**

**အမေး၊ အရေး ➢ ထွန်းဝင်းနိုင်**
**ဓာတ်ပုံ ➢ ကိုကိုစိုးညွန့်**

**ဦးမင်းသူ**
**ဒုတိယ**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ကျောက်စိမ်းလုပ်ငန်းကော်မတီ**

ဦးမင်းသူ
ဒုတိယ
လက်ထောက်ညွှန်ကြားရေးမှူး
ကျောက်စိမ်းလုပ်ငန်းကော်မတီ

အကြိမ် (၅၀)မြောက် ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲမှာ ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀၃တွဲ တင်ပြထားပါတယ်။ ဒီ ၁၀၀၀၃တွဲထဲမှ တင်ဒါအတွဲ ပေါင်း ၉၆၅၇ တွဲပါပြီးတော့၊ အဲဒီ တင်ဒါအတွဲတွေကို ဇွန် ၁၉ ရက်ကနေ စတင်ရောင်းချခဲ့တာ ဒီနေ့အထိ ၈၂၅၆တွဲ ရောင်းချနိုင်ခဲ့ပါတယ်။ အတွဲရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၄၉ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ဒီအနေအထားကို ကြည့်ခြင်းအားဖြင့် အတွဲအရေအတွက် ရာခိုင်နှုန်းအများဆုံး ရောင်းချနိုင်ခဲ့တဲ့ ပွဲဖြစ်တယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။ ဈေးနှုန်းအနေနဲ့လည်း ဈေးနှုန်းကောင်းကောင်းတွေနဲ့ ရောင်းချနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဆက်လက်ပြီးတော့ ဇွန်လ ၂၄ ရက်နေ့ကစပြီး ကျောက်စိမ်းအတွဲပေါင်း ၃၄၆ တွဲကို ဈေးပြိုင်စနစ်နဲ့ တစ်ရက်လျှင် အတွဲ ၉၀ ရောင်းချသွားမှာပါ။ ဒီနေ့ ရောင်းချနေတဲ့ အနေအထားလည်း ကောင်းမွန်တာကို တွေ့ရပါတယ်။

**ဒေါ်နန်းလှအေး**
**လမင်းသာယာကျောက်မျက်ကုမ္ပဏီ**
**မန္တလေးမြို့**

အရင်ပွဲတွေ တုန်းကတော့ သူငယ်ချင်းတွေနဲ့ ပေါင်းပြီးတော့ ကျောက်စိမ်းအတွဲတွေကို ဝယ်ပါတယ်။ အခုပွဲမှာတော့ ကိုယ်တစ်ဦးတည်း လုပ်ချင်တဲ့ရည်ရွယ်ချက်နဲ့ ကုမ္ပဏီအမည်ပေးပြီးတော့ တင်လိုက်တာပါ။ ခုဒီပွဲမှာ တင်ဒါစနစ်နဲ့ ခုနစ်တွဲ ရထားပါတယ်။ ကျောက်မျက်ရတနာပြပွဲတိုင်းလည်း လာဖြစ်ပါတယ်။ ဒီပြပွဲမှာတော့ ကျောက်ကောင်းတွေ အများကြီးကို တွေ့ရပါတယ်။ ဒါပေမယ့် ဈေးနှုန်းတွေ အရမ်းကွာနေတာကို တွေ့ရပါတယ်။

ဦးမောင်မောင်ဆန်း
ကျောက်မျက်ရတနာကုမ္ပဏီ
လီမိတက် ရန်ကုန်မြို့

ဒေါ်နန်းလှအေး
လမင်းသာယာကျောက်မျက်ကုမ္ပဏီ
မန္တလေးမြို့

ဘာဖြစ်လဲဆိုရင် ဒီကျောက်တွေက ကျွန်မတို့တင်ထားတဲ့ဈေးနှုန်းတွေနဲ့ ပြည်ပရတနာကုန်သည်တွေဆွဲတဲ့ ဈေးနှုန်းတွေက အရမ်းကွာနေပါတယ်။ သူတို့တကယ်ရွေးမရွေး တော့မသိဘူး။ သူတို့ တကယ်လာမရွေးရင် ကျွန်မတို့လို ပြည်တွင်းရတနာ ကုန်သည်တွေအတွက် အများကြီးနစ်နာပါတယ်။ အစိုးရကဒါကို ထိထိရောက်ရောက်ဖြစ်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်တွင်း ရတနာကုန်သည်တွေပေးတဲ့ဈေးနှုန်းနဲ့ ပြည်ပရတနာကုန်သည်တွေပေးတဲ့ ဈေးနှုန်းအရမ်းကွာနေတာကြောင့် မလိုက်နိုင်ဘူး ဖြစ်နေတယ်။

အခုလို ကျောက်မျက်ရတနာပြပွဲတွေ ကျင်းပပေးတဲ့အတွက် အရည်အသွေးကောင်းတဲ့ ကျောက်တွေ ကြည့်ခွင့်ရပါတယ်။ ဒီလိုအရည်အသွေးကောင်းတဲ့ ကျောက်တွေကိုလည်း ခဏခဏကြည့်ချင်ပါတယ်။ ကြမ်းခင်း ဈေးနှုန်းတွေကိုလည်း လျှော့ပေးသင့်ပါတယ်။ အပြင်မှာဆိုရင် အခုလိုအရည်အသွေးကောင်းတဲ့ ကျောက်တွေကို ကြည့်လို့မရနိုင်ပါဘူး။ ဒါကြောင့် ဒီလိုတန်ဖိုးမဖြတ်နိုင်တဲ့ ကျောက်တွေအများကြီးကို ကြည့်ခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

**ဦးမောင်မောင်ဆန်း**
**ကျောက်မျက်ရတနာကုမ္ပဏီ**
**လီမိတက် ရန်ကုန်မြို့**

ရန်ကုန်မြို့က လာရောက်ဖွင့်လှစ်ရောင်းချတာ ဖြစ်ပါတယ်။ ကျောက်မျက်ရတနာပြပွဲတိုင်းလည်း လာရောက် ဖွင့်လှစ်ရောင်းချခဲ့ပါတယ်။ ဒီတစ်ကြိမ်ပြပွဲကတော့ ရောင်းအား ကောင်းပါတယ်။ ကျောက်တွေကို ဈေးကောင်းပေးပြီး အတင်းလိုက်ဝယ်နေကြတာကို တွေ့ရပါတယ်။ ပြောရမယ်ဆိုရင် ပစ္စည်းရှားတယ်ဆိုပြီးတော့ ဈေးနှုန်းကိုလည်း နှစ်ဆပေးပြီးလိုက်ဝယ်နေကြပါတယ်။ အရင်က တစ်ထောင်တန်တဲ့ပစ္စည်းက အခုဆိုရင် နှစ်ထောင်အထိရောင်းရပါတယ်။ ဒီပြပွဲက အရင်ပြပွဲတွေနဲ့ မတူပါဘူး။ ပစ္စည်းတွေကို တစ်ယောက်နဲ့တစ်ယောက် အလုအယက် ဈေးပိုပေးပြီးတော့ ဝယ်တဲ့သူက များနေတယ်။ ခါတိုင်းပွဲတွေမှာဆိုရင် ဒီလိုအလုအယက်မဝယ်ကြပါဘူး။ ပုံမှန်လောက်ပဲဝယ်ကြပါတယ်။ ဒီပွဲမှာတော့ လာတဲ့သူလည်းများတယ်။ ဈေးပိုပေးပြီးတော့ အလုအယက်လည်း ဝယ်ကြတယ်။ ဒါကြောင့် ဒီပွဲဟာ ပိုပြီးတော့ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။

❍ **ရှေ့ဖုံးမှ**

မြန်မာနှင့်ဗီယက်နမ် နှစ်နိုင်ငံသည် ၂၀၁၂ ခုနှစ်က အပြန်အလှန်ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၂၂၇ သန်းရှိခဲ့ပြီး ၂၀၁၁ ခုနှစ်ကထက် ၃၉ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ၌ မြန်မာနှင့်ဗီယက်နမ်နှစ်နိုင်ငံအကြား သွင်းကုန်ထုတ်ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂၆ သန်းရှိခဲ့သည်။

မြန်မာနှင့်ဗီယက်နမ်နှစ်နိုင်ငံ အပြန်အလှန် တင်ပို့ကုန်ပမာဏသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ၌ ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ငွေကြေးပမာဏမှာ အမေရိကန် ဒေါ်လာ ၁၃ ဒသမ ၇ သန်းရှိခဲ့သည်။ အပြန်အလှန် တင်သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်းရှိခဲ့ပြီး ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံသို့တင်သွင်းသည့် ကုန်ပစ္စည်းများမှာ အဓိကအားဖြင့် သံနှင့်သံမဏိပစ္စည်းများဖြစ်သည်။ မြန်မာနိုင်ငံမှ ဗီယက်နမ်သို့ အဓိကတင်ပို့သော ပစ္စည်းများမှာ သစ်၊ ရော်ဘာ၊ ကြေးနီတို့ဖြစ်သည်။

**မြန်မာ့အလင်း**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# သက်တမ်းရင့်တမာပင် လမ်းမပေါ်လဲကျ

**တောင်ငူ ဇွန် ၂၄**

တောင်ငူမြို့(၅) ရပ်ကွက် ဘုရားလမ်း ဆိုင်တန်းများရှိ ရွှန်းပြည့်ကုန်စုံဆိုင်နှင့် ပန်းတိုင်ဗီဒီယိုအခွေအရောင်းဆိုင်ကြားရှိ သက်တမ်းရင့် လုံးပတ်ရှစ်ပေခန့်ရှိတမာပင်သည် ဇွန် ၂၄ ရက် ညနေ ၅ နာရီခွဲခန့်က လမ်းမပေါ်တွင် ရပ်ထားသော ဆိုင်ကယ်နှစ်စီးပေါ်သို့ လဲကျသည်။ **(အောက်ပုံ)**

သစ်ပင်ကြီးလဲကျရာတွင်ရှိသော မျက်မြင်တစ်ဦးက “အပင်ကြီးလဲတာ တအိအိနဲ့လဲသွားတာ၊ ဒီတမာပင်ကြီးကို ညောင်ပင်ကလည်း မျိုထားသေးတယ်။ ကျွန်တော်တို့ အဘိုးအဘွားတွေရှိကတည်းကရှိတာ၊ နှစ် ၉၀ ဝန်းကျင်လောက်ရှိမယ်၊ ရေသောက်မြစ်ကပြတ်နေပြီ၊ အိမ်တွေပေါ်လဲမကျလို့ တော်သေးတယ်။ လမ်းပေါ်မှာလည်း လူသွားလူလာရှင်းနေလို့ ထိခိုက်မှုမရှိဘူး” ဟု ရှင်းပြသည်။

အဆိုပါ သစ်ပင်လဲကျမှုကြောင့် HONDA 100 အမျိုးအစားမော်တော်ဆိုင်ကယ်၊ Wave 100 အမျိုးအစား မော်တော်ဆိုင်ကယ်နှင့် ဖုန်းကြိုးများ၊ ဓာတ်ကြိုးများ၊ ကွန်ကရစ် ဓာတ်တိုင်တစ်တိုင်နှင့် ကာလတန်ဖိုး ကိုးသိန်းဝန်းကျင်ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ သစ်ပင်လဲကျရာသို့ သက်ဆိုင်ရာမှ လာရောက်ရှင်းလင်းပေးလျက်ရှိကြောင်း သိရှိရသည်။ **(၁၂၃)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# စဉ့်ထည်ပစ္စည်းများ လူကြိုက်များ၍ ရောင်းအားကောင်း

**ပခုက္ကူ ဇွန် ၂၄**

ရွှေဘိုခရိုင် နွယ်ငြိမ်းရွာဒေသထွက်စဉ့်ထည်ပစ္စည်းများ ပခုက္ကူဒေသမှ လူကြိုက်များ၍ရောင်းအားကောင်းသောကြောင့် နယုန်လတစ်လလုံးပွဲတော်ကျင်းပသော သီဟိုဠ်ရှင်ဗုဒ္ဓပူဇနိယဘုရားပွဲသို့ စဉ့်ထည်ဈေးသည်များ နယုန်လဆန်းကပင်ရောက်ရှိလာကြောင်း သိရသည်။

နွယ်ငြိမ်းရွာစဉ့်ထည်ပစ္စည်းများအား ပခုက္ကူဒေသသာမက ယောနယ်တစ်ခွင်အသုံးတွင်သောကြောင့် မော်တော်ကြီးများဖြင့် နှစ်စဉ်လာရောက်ရောင်းချကြသည်ဟု သိရသည်။ "မော်တော်ခတင် လေးသိန်းခွဲရှိပါတယ်၊ ကားခ၊ အလုပ်သမားခ မပါသေးဘူး၊ သီဟိုဠ်ရှင်၊ မကွေး၊ ပုဂံ၊ ညောင်ဦးဘုရားပွဲတွေမှာ အဓိကထားရောင်းချပါတယ်။ တောင်သူကျရင်ကျသလိုရောင်းကောင်းပါတယ်" ဟု စဉ့်ထည်ဈေးသည်ကြီးတစ်ဦးက ပြောသည်။ မကြာမီအတွင်းက မြေငလျင်ဘေးသင့်ခဲ့သော စဉ့်ထည်လုပ်ငန်းရှင်များအား နိုင်ငံတော်က ဖိုကြီးတစ်ဖို ငွေကျပ် ၁၅ သိန်း၊ ဖိုလေးတစ်ဖို ငွေကျပ် ၁၀ သိန်းချေးမည်ဟု ၎င်းက ဆက်လက်ပြောပြသည်။ ပခုက္ကူရောက်စဉ့်ထည်ဈေးနှုန်းများမှာ ၁၅ ဝင်စဉ့်အိုး- ငွေကျပ်၃၅၀၀၊ ၂၅ ဝင် ငွေကျပ် ၄၅၀၀၊ ၅၀ ဝင် ငွေကျပ် ၆၅၀၀၊ ၁၅၀ ဝင် ငွေကျပ် ၁၃၅၀၀၊ ၁၀ ဝင် ငွေကျပ် ၂၀၀၀ ဈေးနှုန်းရှိသည်။ ညောင်ရေအိုး ငွေကျပ် ၅၀၀ ၊ ဆေးလိပ်ခွက် ငွေကျပ် ၅၀၀၊ ငါးပိအိုး ဆားအိုး ငွေကျပ် ၇၀၀၊ စဉ့်အင်တုံ ငွေကျပ် ၅၀၀ မှ ၈၀၀၊ ငရုတ်ဆုံ ငွေကျပ် ၅၀၀ မှ ၈၀၀ အလှဆင်တိုက်အတွင်း ပိတ်ဆေးအိုး ငွေကျပ်၂၅၀၀၀ မှ ၁၀၀၀၀၀ အထိ ရောင်းဝယ်ကြပြီး အနိမ့်ဆုံးပစ္စည်းတစ်ခုတန်ဖိုး ငွေကျပ် ၂၀၀ ရှိသည်ဟု သိရသည်။ နွယ်ငြိမ်းရွာသည် အိမ်တိုင်းနီးပါး စဉ့်ထည်လုပ်ငန်းများကို ရိုးရာဟန်မပျက်မြတ်နိုးခုံမင်စွာ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **နေဦးမောင်(ပခုက္ကူ)**

# ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်သည့် စေတနာအလင်းရောင် စာကြည့်တိုက်ဖွင့်

**ပျော်ဘွယ် ဇွန် ၂၄**

ပျော်ဘွယ်မြို့နယ် မင်းလမ်းကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာပြည်သူများ စုပေါင်းဆောက်လုပ်လှူဒါန်းသည့်စေတနာအလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျောင်းကုန်းကျေးရွာ ဂိုဏ်းထောက်ကျောင်းဆရာတော် ဦးသုန္ဒရ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးတင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အလှူငွေနှင့် စာကြည့်တိုက်အတွက် ထိုင်ခုံ၊ စားပွဲနှင့် စာအုပ်စာတမ်းများကို အလှူရှင်များကတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှူဒါန်း**

အဆိုပါ အဆောက်အအုံသည် အလျား ၂၆ ပေ၊ အနံ ၂၃ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ နံကပ် တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျေးရွာပြည်သူများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၂၅၁၉၈၉၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။ (၄၄၀)

# သပိတ်ကျင်းမြို့နယ်တွင် ကောလာဟလကြောင့် ဈေးဆိုင်ခန်းတချို့ ပျက်စီးခဲ့သော်လည်း ပြန်လည်တည်ငြိမ်အေးချမ်းလျက်ရှိ

**မန္တလေး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပရန် ကြိုတည်ခင်းကျင်းထားသော ဈေးဆိုင်တန်းများတွင် ဇွန် ၂၂ ရက် ည ၁၀ နာရီခွဲက အောင်ဇော်မင်းနှင့် စတီးလ်ပစ္စည်းရောင်းချသည့် နေမင်းနိုင်(ခ)အငယ်လေးတို့ စကားများခိုက်ရန်ဖြစ်ပွားမှုအပေါ် ကောလာဟလဖြစ်ပေါ်ခဲ့ပြီး လူ ၁၀၀ ခန့်က ဈေးဆိုင်ခန်း ကိုးခန်းနှင့် လူသုံးကုန်ပစ္စည်းများ ဖျက်ဆီးမှုဖြစ်ပေါ်ခဲ့သည်။

ဇွန် ၂၃ ရက် နံနက်ပိုင်းက ရွာသား ၅၀ ထပ်မံစုစည်းလာပြီး ဘုန်းတော်ကြီးကျောင်းအတွင်း၌ ဝှက်ထားသည်ဟု ကောလာဟလသတင်းများ ထပ်မံဖြစ်ပေါ်ခဲ့ရာ ဝင်ရောက်ရှာဖွေရန်ပြုလုပ်နေကြစဉ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးအဖွဲ့များ ရောက်ရှိပြီး မလိုလားအပ်သည့် ပြဿနာများမဖြစ်ရေး ရှင်းလင်းပြောကြားခဲ့ခြင်းကြောင့် လူစုကွဲသွားခဲ့သည်။

အထက်ပါ ကောလာဟလဖြစ်ပေါ်မှုနှင့် ဖျက်ဆီးမှုအပေါ် စဉ့်ကူးမြို့နယ် ကျဉ်တောက်ပေါက်ကျေးရွာ မန္တလေး-မိုးကုတ် ကားလမ်းပေါ်၌ နံနက် ၁ နာရီခွဲကလည်း လူ ၇၀ ခန့်က သွားလာနေသည့်ယာဉ်များကို ရပ်တန့်စစ်ဆေးခဲ့ပြီး ရွှေမန္တလေးဆိုင်ကယ်နှင့် ဖြိုးသစ္စာအခွေအငှားဆိုင်တို့ကို ခဲများဖြင့် ပစ်ပေါက်မှုပြုလုပ်နေသဖြင့် မြို့နယ်မှ တာဝန်ရှိသူများ၊ လုံခြုံရေးအဖွဲ့များက သွားရောက်ရှင်းလင်းခဲ့သည်။

အဆိုပါ ဖြစ်စဉ်များသည် ကောလာဟလဖြစ်ပေါ်သည့်အတိုင်း မှန်ကန်မှုမရှိဘဲ ဖြစ်ပေါ်ခဲ့ကြသည့်အတွက် ကောလာဟလလုပ်ကြံသူများကို သက်ဆိုင်ရာမှ စိစစ်ဖော်ထုတ်လျက်ရှိပြီး ယခုအခါ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန္တလေးကိုယ်ပွား)**

# ရမည်းသင်းမြို့နယ် ရွာချင်းဆက်လမ်းပေါ် အာရ်စီတံတားတည်ဆောက်

**ရမည်းသင်း ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပွဲဆည်အုပ်စုအတွင်းရှိ ပွဲဆည်ရွာနှင့်ပင်းစုတောင်ရွာ ရွာချင်းဆက်သွယ်သောလမ်းပေါ်ရှိ စုန်းမအိုင်တံတားကို ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိရာ ယင်းလုပ်ငန်းခွင်သို့ ဇွန် ၂၃ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဘိုနီ၊ ရမည်းသင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံကာ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

ယင်းစုန်းမအိုင် တံတားသည် ပွဲဆည်ရွာနှင့် ပင်းစုတောင်ရွာ ရွာချင်းဆက်လမ်းတွင်ရှိ၍ မြို့လှချောင်းကိုဖြတ်၍ တည်ဆောက်ထားသော တံတားဖြစ်ပြီး စိုက်ပျိုးရေးကို

အဓိကထားသည့် ဒေသဖြစ်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုနှင့် သွားလာရေးအတွက် ယင်းလမ်းကို အသုံးပြုရသော်လည်း တံတားကြံ့ခိုင်မှုမရှိ၍ ကုန်စည်စီးဆင်းမှုနှင့် သွားလာရေး နှောင့်နှေးခဲ့ရသည်။

ယခုအခါ ယင်းစုန်းမအိုင်တံတားကြီးကို မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး မတည်ငွေ၊ အလှူရှင်များထည့်ဝင်လှူဒါန်းငွေ၊ မြို့နယ်အုပ်ချုပ်ရေးဌာန၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ တာဝန်ယူဆောင်ရွက်မှုဖြင့် အရှည် ၃၆ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေ သံကူကွန်ကရစ် RC စနစ်ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ရာ ဒေသခံပြည်သူများ ဝမ်းမြောက်ကြကြောင်း သိရသည်။ **လှိုင်သန်းတင့်**

# မင်္ဂလာဆောင်တွင် ကြက်သားဒံပေါက်စားရာမှ လူအချို့အစာအဆိပ်သင့်

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအုပ်စု သာယာစုကျေးရွာ ဦးမျိုးချစ်၏နေအိမ်၌ ဇွန် ၂၀ ရက်က မင်္ဂလာဆောင်ကျင်းပရာတွင် ကျွေးမွေးသောကြက်သား ဒံပေါက်စားသောက်ကြသူများထဲမှ အချို့အစာအဆိပ်သင့် လက္ခဏာများဖြစ်ပွားခဲ့ကြောင်း သိရသည်။ သာယာစုကျေးရွာတွင် သတို့သမီး၏အဒေါ်နှင့် ရွာသားတချို့ သာစည်ကျေးရွာမှ အမျိုးသမီး သုံးဦး၊ အမျိုးသား တစ်ဦးနှင့် ကလေးငယ်တစ်ယောက်တို့သည် မင်္ဂလာဆောင်မှ ကျွေးမွေးသော ကြက်သားဒံပေါက်ကို စားသောက်ကြအပြီး နာရီ အနည်းငယ်ခန့်အကြာတွင် မူးဝေလာကာ အော့အန်ခြင်း၊ ဝမ်းသွားခြင်းတို့ ဖြစ်ပေါ်ခဲ့သဖြင့် ဇေယျာသီရိမြို့နယ် ခုတင် ၅၀ ဆံ့ ဆေးရုံသို့ ပို့ဆောင်လိုက်ရသည်။ "ချက်တာပြုတ်တာကတော့ ကိုယ့်ရွာသားတွေပါပဲ၊ အလှူ မင်္ဂလာဆောင်တွေဆိုရင် ချက်နေပြုတ်နေကျတွေပါ။ ဘယ်ကနေဘယ်လို အဆင်မသင့်ဖြစ် သွားတာလဲမသိဘူး၊ ကြက်သားကြောင့်ပဲလားလို့ အားလုံးက တွေးထင်နေကြတယ်" ဟု သာယာစုရွာသားတစ်ဦးက ပြောသည်။ အစာအဆိပ်သင့်၍ ဆေးရုံတက်ရောက်ကုသနေရသူအားလုံး ဇွန် ၂၃ ရက်တွင် ပြန်လည်သက်သာကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။ **ဝသန်(မကွေး)**

# ကလေးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**ကလေး ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ကလေး-တမူး ကားလမ်းဘေး မိုင်တိုင်အမှတ် (၆၁/၁)(ပန်းမတောင်ကြိုးပြင်ကာကွယ်တော)တွင် ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ ရက်က ကျင်းပခဲ့ရာ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် NGO အဖွဲ့များ တက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မျောက်ငို၊ အင်ကြင်း၊ ကံ့ကော်ပျိုးပင် စုစုပေါင်း ၅၇၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နွားထိုးကြီးမြို့၌ မိုးရာသီသစ်ပင်စုပေါင်းစိုက်ပျိုး

**နွားထိုးကြီး ဇွန် ၂၄**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့ ဆေးရုံဝင်း၌ ဇွန် ၁၉ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဖေ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလွင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ NGO များ စုစုပေါင်းအင်အား ၃၅၀ ကျော်က သစ်ပင်ပေါင်း ၁၄၀၀ ကို စိုက်ပျိုးနိုင်ခဲ့ပြီး ကျွန်းပင် ၅၀၀၊ တမာပင် ၂၀၊ ယူကလစ်ပင် ၂၅၀၊ ကုက္ကိုပင် ၅၀၊ မဲဇလီပင် ၁၅၀၊ ရှားပင် ၂၀၀တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

**မြို့သစ် ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် ဇွန် ၂၂ ရက်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးများဖျန်းခဲ့ကြောင်း သိရသည်။ အဆိုပါ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချစ်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အဖွဲ့အစည်းနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ ပါဝင်ဆောင်ရွက်ခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာများက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ရေလှောင်ကန်များ၊ ဘုရားပန်းအိုးများ၊ ပိုးလောက်လမ်းကင်းစင်ခြင်းရှိ မရှိစစ်ဆေး၍ အဘိတ်ဆေးခတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း မြို့သစ်မြို့နယ်ဒေသခံတစ်ဦးထံမှ သိရသည်။ **မြို့သစ်သား**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးဝဲယာ အရိပ်ရပင်စိုက်

**မန္တလေး ဇွန် ၂၄**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ထန်းတောကျောင်းတိုက်အတွင်း၌ တည်ထောင်ထားသော နိဗ္ဗာန်သုခအသင်း(မန္တလေး)သည် မန္တလေးမြို့တော်နှင့် အနီးဝန်းကျင်ဒေသရှိ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အရိပ်ရအပင်များ စိုက်ပျိုးပေးသည့်အပြင် ဇူလိုင်လဆန်းမှစတင်၍ ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲယာတွင် အရိပ်ရအပင်များကို စိုက်ပျိုးမည်ဟု အသင်းဥက္ကဋ္ဌ ဦးလှမောင်က ပြောကြားသည်။ အရိပ်ရအပင်များ စိုက်ပျိုးနိုင်ရေးအတွက် မန္တလေးအောင်မြေသာစံမြို့နယ် ၁၁ လမ်း ၈၆ နှင့် ၈၇ လမ်းကြားရှိ ဦးဝင်းဖေ-ဒေါ်တူး(မြေကမ္ဘာပျိုးဥယျာဉ်) မိသားစုက တည်ပင်အပင် ၅၀၀ ကို ဇွန် ၁၇ ရက်က လှူဒါန်းရာ အသင်းအမှုဆောင် ဦးသန်းတင့်နှင့်အဖွဲ့က လက်ခံကြသည်။ အများနှင့်သက်ဆိုင်သောနေရာများတွင် မန်ကျည်းပင်၊ မယ်ဇယ်၊ တမာ၊ စိန်ပန်း၊ ပိတောက်၊ ကုက္ကိုစသည့် အရိပ်ရအပင်များ စိုက်ပျိုးရန် စိတ်ဝင်စားသူများနှင့် အရိပ်ရအပင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၆၅၀၀၇၅၂၊ ၀၂-၆၈၉၆၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၀၄၀)**

# လှိုင်းဘွဲ့မြို့နယ် တံတားသစ်များ လွှဲပြောင်းပေးအပ်ခြင်းနှင့်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၄**

ဂျပန်နိုင်ငံအစိုးရ အသေးစား စီမံကိန်းများထောက်ပံ့ရေး အစီအစဉ်အရ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း တံတားသစ်များ ဆောက်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၆၃၂ ၄၆၆ ကို လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့အဖြစ်ပေးအပ်ခဲ့ရာ ဇွန် ၂၂ ရက်တွင် တံတားသစ်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Mikio NUMATA တို့တက်ရောက်ကြသည်။ လှိုင်းဘွဲ့မြို့နှင့် ကမော့ကချူး ကျေးရွာအကြားတွင် ၁၉၈၀ ခုနှစ်အတွင်းမှ ဆောက်လုပ်ထားသော သစ်သားတံတားလေးစင်းသည် မကြာသေးသော ကာလအတွင်းမှစ၍ ပျက်စီးလာရာ ဒေသခံပြည်သူများ သွားလာနိုင်မှုနှင့်ကုန်စည်စီးဆင်းမှုသည် ဘားအံနှင့် ပိုင်ကျုံမြို့နယ်ခွဲကြားတွင် ခက်ခဲလာခဲ့သည်။ ထို့ကြောင့် ဒေသခံပြည်သူလူထုများ သွားလာရေး အဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုချောမွေ့စေရေးအတွက်သံကူကွန်ကရစ် အမျိုးအစား တံတားလေးစင်းကို ဂျပန်နိုင်ငံအသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဤစီမံကိန်းမှ တံတားလေးစင်းသည် ဒေသခံများအတွက်သာမကအိမ်နီးချင်းနိုင်ငံများမှ ပိုင်ကျုံမြို့နယ်ခွဲသို့ ပြန်ရောက်အခြေချနေထိုင်မည့် ဒုက္ခသည်များအတွက်ပါ သွားလာမှု အဆင်ပြေစေမည်ဖြစ်သည်။ ယခုအထောက်အပံ့သည်လည်း ဂျပန်-မြန်မာနိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာလာစေလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့် ဂျပန်နိုင်ငံသံရုံးက သတင်းထုတ်ပြန်ထားသည်။ **မောင်ကျော်**

# တရားမဝင်လမ်းကြောင်းကို ကာကွယ်တားဆီးနိုင်မှသာ

မလေးရှားနိုင်ငံတွင် အဖမ်းအဆီးများသောကြောင့် တရားမဝင်အလုပ်သမားများ အခက်အခဲတွေ့နေသော သတင်းများ၊ အင်တာနက်သတင်း၊ ဂျာနယ်၊ စာစောင်များတွင် ဖတ်ရှုနေရပါသည်။ မြန်မာနိုင်ငံသားအလုပ်သမား ၅၀ သည် အသက် ၁၈ နှစ် မှ ၅၅ နှစ် အတွင်းရှိပြီး UNHCR တရားဝင်ကတ်အတုများ ကိုင်ဆောင်ခြင်းကြောင့် မလေးရှားရဲက တရားစွဲဆိုထားပြီး ၄င်းအလုပ်သမားများကိုင်ဆောင်သောကတ်များမှာ အတုဖြစ်ကြောင်း မလေးရှားလူဝင်မှုကြီးကြပ်ရေးဌာနက အတည်ပြုထားသဖြင့် ပြစ်မှုထင်ရှားပါက ၁၉၅၉ ခုနှစ် ၁၉၆၃ ခုနှစ် မလေးရှားလူဝင်မှုကြီးကြပ်ရေး ဥပဒေအပိုဒ် ၁၅(၁)(ဂ)အရ ဒဏ်ငွေရင်းဂစ်တစ်သောင်း သို့မဟုတ် ထောင်ဒဏ်ငါးနှစ်နှင့် ကြိမ်ဒဏ်ခြောက်ချက်ချမှတ်ခံရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံမှ ကို (-)ဆိုသူအား နေထိုင်ခွင့်ကာလကျော်လွန်၍ တရားမဥပဒေအပိုဒ် ၁၅(၁)(ဂ)ဖြင့် ထောင်ဒဏ်လေးလ ချမှတ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြ၍ ဖတ်ရှုရပါသည်။ အဆိုပါ သတင်းများသည် မလေးရှားနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားအချို့၏ တွေ့ကြုံနေရသည့် ဆင်းရဲဒုက္ခများပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံအစိုးရက ပြည်ပတွင်အလုပ်လုပ်ကိုင်ရေး ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပြီး နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန် တရားဝင်အေဂျင်စီများကို လိုင်စင်ချထားပေး၍လည်းကောင်း၊ အစိုးရကိုယ်တိုင် အေဂျင်စီအဖြစ်ဆောင်ရွက်၍လည်းကောင်း အလုပ်သမားများကို ပြည်ပသို့တရားဝင်ပို့ဆောင်ပေးလျက်ရှိပါသည်။ ထိုသို့ပို့ဆောင်ရာတွင် အလုပ်သမားများနိုင်ငံရပ်ခြားတွင် တွေ့ကြုံရမည့်အလုပ်သမားရေးရာနှင့် လူမှုရေးအခက်အခဲများကို တာဝန်ယူဖြေရှင်းပေးရန်၊ စာချုပ်ပါစည်းကမ်းချက်များလိုက်နာရန် နိုင်ငံတော်အတွက် အထောက်အပံ့ဖြစ်သည့် မိသားစုလွှဲပို့ငွေများကို တရားဝင်နည်းလမ်းဖြင့် ရရှိစေရန်စသည့် ရည်ရွယ်ချက်များစွာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် တရားဝင်နည်းလမ်းဖြင့်မဟုတ်ဘဲ ပို့ဆောင်ပေးသည့် ပုဂ္ဂိုလ်များ၊ အေဂျင်စီများကြောင့် မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အခြားနိုင်ငံများသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ မည်မျှရှိသည်ကို စာရင်းအတိအကျမသိနိုင်ပါ။ ခန့်မှန်းပြောဆိုနေကြခြင်းသာဖြစ်ပါသည်။ ပြဿနာပေါ်လာမှ မိမိနိုင်ငံသားများကို ကူညီခြင်းထက် တရားဝင်နည်းလမ်းဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းကပိုမိုတန်ဖိုးရှိမည် ဖြစ်ပါသည်။ ဂျာနယ်တစ်စောင်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က "မလေးရှားနိုင်ငံရဲ့ဥပဒေစည်းမျဉ်းအရ လုပ်တာဆိုတော့ ဘာမှပြောလို့မရဘူး၊ ဥပဒေမဲ့လုပ်တယ်ဆိုရင်တော့ဖိအားပေးဆောင်ရွက်လို့ရပါတယ်၊ တရားဝင်သွားရောက်လုပ်ကိုင်ကြပါလို့ပဲ တိုက်တွန်းချင်တယ်" ဟု ပြောကြားမှုကို ဖတ်ရှုလိုက်ရပါသည်။ အလွန်မှန်ကန်သည့်စကားဖြစ်ပါသည်။

ကျေးလက်ဒေသရှိ လူငယ်များသည် လက်ရှိအခြေအနေများကို မေးမြန်းစုံစမ်းခြင်းမရှိဘဲ ငွေကုန်ကြေးကျသက်သာသည်ဟု အကြောင်းပြကာ ပို့ဆောင်ပေးနေသည့်ပွဲစားလူလည် အချို့၏ ဖြားယောင်းသွေးဆောင်မှုကြောင့် တိုင်းတစ်ပါးသို့ရောက်ရှိနေကြသူများသည် သန်းဂဏန်းခန့်ပင်ရှိနိုင်ပါသည်။ ထိုသို့ တရားမဝင် သွားရောက်ခဲ့သည့်အလုပ်သမားများကို ထိုင်းနိုင်ငံတွင် စခန်းဖွင့်၍ နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းကို ဆောင်ရွက်ခဲ့သော်လည်း ရည်မှန်းထားသည့်အတိုင်း အလုပ်သမားများလာရောက်၍ နိုင်ငံကူးလက်မှတ်လုပ်ဆောင်ကြသော်လည်း အချို့မှာ အခက်အခဲအမျိုးမျိုးကြောင့် မလုပ်ဆောင်နိုင်ကြောင်း တွေ့ရှိနေရပါသေးသည်။ ထို့အတူ မြန်မာနိုင်ငံမှ ပွဲစားအေဂျင်စီအချို့ မြန်မာဘက်ခြမ်းရှိ လုပ်သားများကို တရားမဝင်ခေါ်ထုတ်သွားပြီး ထိုင်းနိုင်ငံအတွင်း နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်း၌ သွားရောက်ဆောင်ရွက်ပေးမှုကိုလည်း မြင်တွေ့နေရပါသည်။

ဘယ်ဟာအမှန်၊ ဘယ်ဟာအမှားဟုပင် ပြောဆိုရန် ခက်ခဲလာပါသည်။ တရားဝင်လုပ်ကိုင်ခြင်း မဟုတ်လျှင်တော့ အခက်အခဲရှိမည် ထင်ပါသည်။ ထို့အတူ တရားဝင်လမ်းကြောင်းဖြင့် စေလွှတ်မှုမရှိခြင်းသည်လည်း မသိနားမလည်သော အလုပ်သမားများကို အခက်အခဲအတွင်း လွှတ်ချလိုက်ခြင်းလည်းဖြစ်ပါသည်။ အဖွဲ့အစည်းများသည်လည်းကောင်း၊ အစိုးရဌာနများသည်လည်းကောင်း နောက်မှလိုက်ပြီး ကိုယ့်နိုင်ငံသားဖြစ်၍ ကူညီဖြေရှင်းပေးရသည့်အခါ ဖြေရှင်းသူသည် အပေါ်စီးမရ၊ အောက်ကျို့၍ ပြေလည်အောင်၊ ကိုယ့်လူများ၊ ကိုယ့်နိုင်ငံသားများ ဒုက္ခမရောက်အောင် ပြောဆိုနေရပါသည်။ မြန်မာစကားပုံအရ " အစကောင်းမှ အနှောင်းသေချာ" ပါမည်အစကောင်းခဲ့လျှင် တစ်နည်း တရားဝင်သွားခဲ့လျှင် မည်သို့သောအခြေအနေဖြစ်ပါစေ လမ်းကြောင်းမှန်ပေါ်မှ ဖြေရှင်း၍ရနိုင်ပါသည်။ ပြီးပြည့်စုံသောအခြေအနေတစ်ခုဖြစ်ရန် အချိန်နှင့်အညီ လုပ်ဆောင်မှုများနှင့် ပြန်ပြီးပေါင်းစပ်နေရမည်ဖြစ်ပါသည်။ မလေးရှားရောက် တရားဝင်အလုပ်သမားများကို နိုင်ငံကူးလက်မှတ်များ လုပ်ဆောင်ပေးမည်ဟုသိရ၍ အလုပ်သမားများအတွက်ဝမ်းမြောက်စရာဖြစ်ပါသည်။ သို့သော် တရားမဝင်သွားရောက်သည့် အလုပ်သမားများသည် မိမိနိုင်ငံအစိုးရက တရားဝင်လမ်းကြောင်းဖြင့် သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေသည်ကို အလေးမထားဘဲ မိမိသဘောဆန္ဒဖြင့် နိုင်ငံတော်အတွက်လည်း အကျိုးမရှိ၊ တစ်ဖက်နိုင်ငံ၏အုပ်ချုပ်ရေးကိုလည်း ထိပါးစေသည့်ကိစ္စများကို လုပ်ဆောင်နေသူများအား တရားဝင်ဖြစ်အောင် နိုင်ငံ ကူးလက်မှတ်ပြုလုပ်ပေးမည်ဆိုသည်မှာ မေးခွန်းထုတ်စရာတစ်ခုဖြစ်ပါသည်။ တရားမဝင်သွားရောက်သူများ၊ တရားမဝင်ပို့ဆောင်သူများကို ဥပဒေအရသာ အရေးယူသင့်ပါသည်။ သို့မဟုတ်ပါက တရားမဝင်လမ်းကြောင်းဖြင့် သွားပြီး ထိုနိုင်ငံရောက်မှ တရားဝင်နိုင်ငံကူးလက်မှတ်လုပ်ဆောင်ရင်ရတာပါပဲဟု ထင်မြင်ယူဆမှု လွဲမှားသွားမည်ကို စိုးရိမ်ကြောင့်ကြမှုရှိပါသည်။

မြန်မာနိုင်ငံမှ အလုပ်သမားများကို ပို့ဆောင်သူများအား အမှုဖွင့်အရေးယူဆောင်ရွက်နေကြောင်း ၂၂-၆-၂၀၁၃ ရက်ပါ ကြေးမုံသတင်းစာတွင် ဖတ်ရှု ရပါသည်။ တရားဝင်အေဂျင်စီလိုင်စင်ရပြီး တရားမဝင်နည်းလမ်းဖြင့် အလုပ် သမားများကို နည်းမျိုးစုံဖြင့် ပို့ဆောင်ပေးသူများကိုလည်း အရေးယူသင့်ပါ သည်ဟု ထင်မြင်မိပါသည်။

တရားမဝင်သွားရောက်သူများကို တားဆီးသည့်အနေဖြင့် CI (Certificate of Indentity) ထုတ်ပေးပြီး အမိနိုင်ငံသို့ ပြန်လည်ခေါ်ယူ၍ အလုပ်သမား၏ကျွမ်းကျင်မှုအရ သင့်လျော်ရာလုပ်ငန်းခွင်တွင် အလုပ်ရှာဖွေခန့်ထားပေးခြင်းသည် နည်းလမ်းကျသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုပါသည်။

**အငြိမ်းစားဝန်ထမ်းတစ်ဦး**

> **တရားဝင်အေဂျင်စီလိုင်စင်ရပြီး တရားမဝင်နည်းလမ်းဖြင့် အလုပ်သမားများကို နည်းမျိုးစုံဖြင့် ပို့ဆောင်ပေးသူများကိုလည်း အရေးယူသင့်**


## ချင်းပြည်နယ် ကိုယ်စားပြုအသင်းများ အတွက် ဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၁၃ မြန်မာ နေရှင်နယ်လိဂ်-၂ (MNL-2 New Holland 2013) ပြိုင်ပွဲ ပြီးဆုံးချိန်တွင် အမှတ်ပေးဇယား ပထမနေရာမှ ချင်းယူနိုက်တက် အသင်းနှင့် ဒုတိယနေရာမှ GFA FC အသင်းတို့ ၂၀၁၄ မြန်မာ နေရှင်နယ်လိဂ် (MNL Myanmar 2014) ပြိုင်ပွဲသို့ တန်းတက်ကစားခွင့် ရရှိသွားကြသဖြင့် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း နှင့် MNL ပြိုင်ပွဲပါဝင် ယှဉ်ပြိုင်ရာတွင်လည်း အောင်မြင်မှု ထပ်မံရရှိပြီး မြန်မာ့ဘောလုံး လောက တိုးတက်ရေး အတွက် ကစားသမားကောင်းများ ဆက်လက် မွေးထုတ်ပေး နိုင်ပါစေကြောင်း ဆုမွန် တောင်းအပ်ပါသည်။

| Pos | Team | Pds | W | D | L | GF | GA | GD | Pts |
|---|---|---|---|---|---|---|---|---|---|
| 1 | Chin Utd | 16 | 10 | 4 | 2 | 34 | 12 | 22 | 34 |
| 2 | GFA | 16 | 9 | 4 | 3 | 25 | 15 | 10 | 31 |
| 3 | U-19 | 16 | 8 | 5 | 3 | 31 | 19 | 12 | 29 |
| 4 | Myawady FC | 16 | 8 | 4 | 4 | 27 | 18 | 9 | 28 |
| 5 | Best United | 16 | 7 | 4 | 5 | 26 | 17 | 9 | 25 |
| 6 | Mawyawadi | 16 | 7 | 2 | 7 | 20 | 24 | -4 | 23 |
| 7 | Dagon FC | 16 | 3 | 3 | 10 | 26 | 34 | -8 | 12 |
| 8 | Horizon FC | 16 | 2 | 4 | 10 | 18 | 38 | -20 | 10 |
| 9 | Michelia FC | 16 | 1 | 4 | 11 | 17 | 48 | -31 | 7 |

Title Sponsor
NEW HOLLAND AGRICULTURE

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နှင့် မြန်မာ နေရှင်နယ်လိဂ် ကော်မတီ

## ပြည်တွင်းသတင်း

# ဒေါ်လာဈေးတက်ရိပ်ပြလာ

**ရန်ကုန် ဇွန် ၂၄**

ကမ္ဘာ့ရွှေဈေးကျဆင်းနေခြင်း၊ နေပြည်တော်၌ ကျောက်မျက်ပွဲကျင်းပနေခြင်းနှင့်အတူ နိုင်ငံရပ်ခြားမှ ဟွန်ဒီဆွဲမှု များပြားလာခြင်းတို့ကြောင့် ဒေါ်လာဈေးမြင့်တက်မှု ဆက်တိုက်ဖြစ်ပွားလျက်ရှိပြီး ၂၀၁၃ ခုနှစ်အတွင်း အမြင့်ဆုံးဈေးအထိ မြင့်တက်သွားခဲ့ကြောင်း ဒေါ်လာရောင်းဝယ်သူများထံမှ သိရသည်။

ပြည်တွင်း ငွေကြေးဈေးကွက်အတွင်း ဟွန်ဒီအဝယ်များလျက်ရှိပြီး ဒေါ်လာဈေးအပါအဝင် ပို့ကုန်ဝင်ငွေများလည်း တစ်ယူနစ်လျှင် ငွေကျပ် ၉၅၅ မှ ၉၇၀ အထိ မြင့်တက်လာခဲ့သည်။

မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားများ အရေးဖြစ်ပွားခဲ့မှုသည်လည်း ပြည်တွင်းဒေါ်လာဈေးကို ရိုက်ခတ်ခဲ့ကြောင်း အဆိုပါ အသိုင်းအဝိုင်းမှ သိရသည်။

"ဒေါ်လာဈေးက အကုန်တက်တာပါ။ စင်ကာပူဒေါ်လာ၊ ယူရို၊ ယွမ်၊ ရင်းဂစ်၊ ယန်း၊ ရူပီး၊ ဘတ် စတဲ့ အဆက်အဆံများတဲ့ နိုင်ငံတွေရဲ့ ငွေကြေးတွေပါ လိုက်တက်နေတယ်။ အနည်းဆုံး သုံးကျပ်ကနေ ၁၅ ကျပ်အထိ ဈေးတက်သွားတယ်"ဟု ဒေါ်လာရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ပြီးခဲ့သည့်သီတင်းပတ်က ပြင်ပဒေါ်လာပေါက်ဈေးမှာ တစ်ဒေါ်လာလျှင် ငွေကျပ် ၉၈၀ အထိ ဈေးမြင့်တက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ခြောက်လတာကာလအတွင်း အမြင့်ဆုံးဖြစ်ခဲ့ကာ ဈေးဖွင့်နှုန်းနှင့် သိမ်ဖြူငွေလဲကောင်တာဈေးဖွင့်နှုန်းများလည်း ကျပ်ဂဏန်းအပြောင်းအလဲ ဖြစ်ခဲ့သည်။

"ဒေါ်လာဈေးက ဒီတစ်ပတ်အတွင်းမှာ ဆက်လက်မြင့်တက်လာနိုင်ပါတယ်။ အရောင်းအဝယ်ကတော့ ဈေးမြင့်ပေမယ့် ကောင်းတယ်လို့ပြောရင်ရပါတယ်။ ဒေါ်လာဈေးမြင့်နေတဲ့အတွက် အရောင်းပိုများပြီး အဝယ်ကသာမန်သာရှိတယ်"ဟု သိမ်ဖြူငွေလဲကောင်တာရှိ ငွေကြေးဈေးကွက်အတွင်း ဆောင်ရွက်နေသူတစ်ဦးက ပြောကြားသည်။ **ခင်ရတနာ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၄-၆-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ၁၆ ပဲရည်(အခေါက်ရွှေ) | တစ်ကျပ်သား | ၆၉၅၀၀၀ |
| ၁၅ ပဲရည် | တစ်ကျပ်သား | ၆၅၅၀၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၅၂-၉၆၂ ကျပ် |
| ဥရောပ | တစ်ယူရို | ၁၂၄၂-၁၂၆၀ ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၄၂-၇၅၄ ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀. ၃-၃၀. ၄၅ ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆. ၂၂ ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၃-၁၅၇ ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇-၃၀၂ ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၈၆၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၁၇၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၂၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၀၀၀ - ၆၅၀၀ ကျပ် |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၁၃၀၀ - ၂၈၀၀ ကျပ် |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၃၅၀၀ - ၆၀၀၀ ကျပ် |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၀၀၀ -၁၂၀၀၀ ကျပ် |
| ၅။ | ပုစွန်(ကျော့) | တစ်ပိဿာ | ၃၅၀၀ - ၆၀၀၀ ကျပ် |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၅၀၀ -၁၈၀၀၀ ကျပ် |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၁၇၀၀၀ -၂၂၀၀၀ ကျပ် |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀ -၁၂၀၀၀ ကျပ် |
| ၉။ | ဝက် | တစ်ပိဿာ | ၄၀၀၀ - ၈၀၀၀ ကျပ် |
| ၁၀။ | အမဲ | တစ်ပိဿာ | ၃၅၀၀ - ၇၀၀၀ ကျပ် |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀ -၁၅၀၀၀ ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁။ | နွေဆန် | တစ်အိတ် | ၁၇၀၀၀ |
| ၂။ | ပေါ်ကျွဲ | တစ်အိတ် | ၂၁၅၀၀ |
| ၃။ | ပေါ်ဆန်း | တစ်အိတ် | ၂၃၀၀၀-၂၉၀၀၀ |
| ၄။ | မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| ၅။ | စားအုန်းဆီ | တစ်ပိဿာ | ၁၅၅၅ |
| ၆။ | ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၃၆၀-၄၂၅ |
| ၇။ | ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၀၅၀-၁၇၀၀ |
| ၈။ | ကြူကုတ်ကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၀၀-၁၁၂၅ |
| ၉။ | အာလူး(အောင်ပန်း) | တစ်ပိဿာ | ၇၀၀-၈၅၀ |
| ၁၀။ | ဝါးခယ်မငရုတ်ရှည် | တစ်ပိဿာ | ၁၈၀၀-၁၈၅၀ |
| ၁၁။ | ဆင်ဖြူကျွန်းငရုတ်ပွ | တစ်ပိဿာ | ၄၀၀၀-၄၃၀၀ |
| ၁၂။ | သကြား | တစ်ပိဿာ | ၈၅၀-၉၈၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

**ခင်ဆိုင်-စေ့ငတင်ပြသည်။**

**အားကစားမြှင့်တင် စိတ်လန်းရှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# နိုင်ငံတကာ ပညာရေးစုံညီပွဲနှင့် ၂၁ ရာစု လူငယ်တတ်မြောက်မှုစွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၄**

နိုင်ငံခြားတက္ကသိုလ်များတွင် သွားရောက်ပညာသင်လိုသော မြန်မာလူငယ်တို့အတွက် Myanmar Search International(MSI)က ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် နိုင်ငံတကာပညာရေးစုံညီပွဲတော်နှင့် ၂၁ ရာစုလူငယ်များ၏ တတ်မြောက်မှုစွမ်းရည်ပြပွဲကို ဇွန် ၂၀ ရက်က Summit Parkview ဟိုတယ်၌ ကျင်းပသည်။

နိုင်ငံတကာပညာရေးစုံညီပွဲတွင် အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ နယူးဇီလန်၊ ကနေဒါ၊ ဩစတြေးလျစသော နိုင်ငံများ၏ ကျောင်းခွဲများဖြစ်သော စင်ကာပူ၊ မလေးရှား၊ ထိုင်းတို့မှ တက္ကသိုလ် ၁၂ ခုတို့ပါဝင်ပြသကြပြီး တာဝန်ရှိသူများက ကျောင်းသားနှင့် မိဘများအား ရှင်းလင်းဆွေးနွေးကြသည်။

**ပြောပြ**

နိုင်ငံတကာ ပညာရေးစုံညီပွဲနှင့်အတူ စွမ်းရည်ပြိုင်ပွဲသို့ အသက် ၁၆ နှစ်မှ ၂၃ နှစ်အကြား လူငယ်များဝင်ရောက်ယှဉ်ပြိုင်ကြသည်။ စွမ်းရည်ပြပွဲများ ကျင်းပရခြင်းနှင့်ပတ်သက်၍ MSI မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်က "မြန်မာလူငယ်တွေမှာ အရည်အချင်းတွေ အများကြီးရှိပါတယ်။ အသုံးမချတတ်လို့ တိမ်မြုပ်နေတာပါ။ အခုလို စွမ်းရည်ပြိုင်ပွဲတွေကြောင့် ပြိုင်ပွဲတွေကို မကြောက်တော့ဘူး၊ အတွေ့အကြုံ၊ ဗဟုသုတတွေရနိုင်သလို သူငယ်ချင်းအသစ်တွေ ရနိုင်ပါတယ်" ဟုလည်း ပြောပြခဲ့သည်။ **နန္ဒာဝင်း**

## အသိပေးကြေညာချက်

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်မြို့များတွင် ကျင်းပပြုလုပ် မည်ဖြစ်ပါသည်။ ၎င်းပြိုင်ပွဲကြီးများတွင် Sponsorship Managemet Consultant တာဝန်များကို Dentsu Sport Asia Pte Ltd နှင့် JK Group Consultant Management Co., Ltd သို့ပေးအပ်ထားပါသည်။ သို့ပါ၍ Seagame ပြိုင်ပွဲကြီးတွင် Sponsor အဖြစ်ပူးပေါင်းပါဝင်တာဝန်ယူဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့် Dentsu Asia Pte Ltd. နှင့် JK Group Consultant Management Co., Ltd. သို့ဆက်သွယ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်နိုင်မည့်လိပ်စာနှင့်ဖုန်းနံပါတ်များ**

Dentsu Sports Asia
- Jun Kurata, Ph : +65-9795-3927
  E-mail : jun@dentsusportsasia.com
- Hard Yang, Ph : +95-945-000-3635
  E-mail : hardyyang2012@gmail.com
  hardy.yang@dentsuasia.com

THE JK group
CHAIYOS RUNGCHAROENCHAI
CEO / MD
Ph : (662) 9945-4452,Office : (662)659-1999,
Fax : (662) 659-1933,
E-mail : chaiyos@jkgroup.co.th

ရန်ကုန်ရုံးခွဲ - ဒေါ်နုနုရီ
Email-yanbeennuyee@gmail.com

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သရက်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဥက္ကာကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုး ၇/ကဝန(နိုင်)၀၉၆၀၂၆ ဖြစ်ပါသည်။



### လူပျောက်ကြော်ငြာ



အထက်ပါဓာတ်ပုံရှင် မောင်ချမ်းအေး ဒဂုံဆိပ်ကမ်းမြို့နယ်၊ အောင်သပြေလမ်း၊ (၈၀)ရပ်ကွက်နေသူသည် ၁၆-၆-၂၀၁၃ရက် ၉နာရီတွင် နေအိမ်မှထွက်သွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

သတင်းရလျှင် အမြန်ဆက်သွယ်ပါ။ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၄၂၁၁၆၆၀၃၆၊ ၀၉-၄၂၁၁၄၅၈၆၉**

**ကန့်ကွက်နိုင်ပါသည်**

၃ဃ/၃၀၉၃ Toyota Hilux S/W ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၁၂/လမန(နိုင်)၀၉၄၀၈၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် မောင်လှသိန်း CDC အမှတ် ၇၈၃၄၈ ၏ SID ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၃၁၂၀၅၆၁၆**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ပွင့်လင်းမြင်သာစွာစီစဉ်ပေးမှုကြောင့် ဖုန်းမဲမပေါက်သော်လည်း စိတ်ချမ်းသာ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန် အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဇွန်လအတွက် တတိယအကြိမ်အဖြစ် ၁၅၀၀ ကျပ်တန်CDMA-800 MHz ဆင်းကတ်ခွဲတမ်း ၁၀၅၁ ဖုန်းကတ်ခွဲဝေရရှိခဲ့ရာ မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀ အား အိမ်ထောင်စုအပေါ်အခြေခံ၍ ခွဲဝေချထားပေးခဲ့သည်။ ရပ်ကွက်အလိုက်ခွဲဝေရရှိသော ဆင်းကတ်များကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက မြို့နယ်အတွင်း တစ်ပြိုင်တည်း ရပ်မိရပ်ဖများ၊ လမ်းကိုယ်စားလှယ်များပါဝင်သော ဖုန်းရောင်းချရေးကော်မတီများက ဖုန်းလျှောက်ထားသူ အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ မဲနှိုက်ရောင်းချပေးနေသည်ကို စာရေးသူ လိုက်လံကြည့်ရှုခဲ့သည်။

သက်ဆိုင်ရာ ရပ်ကွက်ချုပ်ရေးမှူးရုံးများက ကြီးကြပ်ထိန်းသိမ်းပေးပြီး အများပြည်သူယုံကြည်ကိုးစားသော ရပ်မိရပ်ဖများနှင့် လမ်းကိုယ်စားလှယ်များကို ဖုန်းရောင်းချရေးကော်မတီအဖြစ် ဖွဲ့စည်းတာဝန်ပေးကာ အဆိုပါကော်မတီမှ ပြည်သူများရှေ့မှောက်တွင် မဲနှိုက်စေခြင်း၊ ဖုန်းမဲပေါက်သူစာရင်းများကို ရပ်ကွက်ရုံးတွင် အတိအလင်းကြေညာထားပေးခြင်း၊ မဲမနှိုက်မီနှစ်ရက်ကြိုတင်၍ နှစ်ကြိမ်တိုင်မဲနှိုက်မည့်အချိန်ကို ကြိုတင်အသိပေးကြေညာကာ မဲနှိုက်ရာတွင် ရပ်မိရပ်ဖများမှ အများပြည်သူရှေ့မှောက်၌ မဲနှိုက်ပေးခြင်းကြောင့် ရပ်ကွက်နေပြည်သူများ ကျေနပ်နှစ်သက်ကြခြင်းဖြစ်ကြောင်း တွေ့မြင်သိရှိရသည်။

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဇွန် ၂၃ ရက်က ကန်တော်ကလေး(အရှေ့)ရပ်ကွက်ခွဲတမ်းရ ဆင်းကတ် ၆၅ ခုအား လျှောက်ထားသူ ၈၀၀ အားလည်းကောင်း၊ ကန်တောင်ရပ်ကွက် ခွဲတမ်းရဆင်းကတ် ၇၅ ခုအား လျှောက်ထားသူ ၁၀၆၁ ဦးအားလည်းကောင်း၊ ကန်မြောက်ရပ်ကွက်ခွဲတမ်းရဆင်းကတ် ၅၅ ခုကို လျှောက်ထားသူ ၃၁၆ ဦးအားလည်းကောင်း၊ စံပြဖဆပလရပ်ကွက် ခွဲတမ်းရဆင်းကတ် ၆၀ ကို လျှောက်ထားသူ ၆၅၉ ဦးအားလည်းကောင်း၊ ရပ်ကွက်၊ ရုံးများ၊ ကျယ်ဝန်းသောဓမ္မာရုံများ၌ အများပြည်သူရှေ့မှောက်ပေါက်မဲများ နှိုက်ယူကြေညာပေးနေသည်ကို လိုက်လံကြည့်ရှု၍ တွေ့မြင်ရသည်။

ကန်ရှေ့ရပ်ကွက်မှ ဖုန်းမဲပေါက်သူတစ်ဦးက “ ကျွန်မက ညော့်စာရင်းနဲ့ နေတာလေ။ ဒါပေမယ့် အများနည်းတူ မဲနှိုက်ခွင့်ပေးတယ်။ သုံးလရှိပြီ၊ မဲနှိုက်ရတာအခုမှပဲ မဲပေါက်တယ်။ အားလုံးရှေ့မှာ ပြောင်ပြောင်တင်းတင်း မဲဖောက်ပေးတာဆိုတော့ မကျေနပ်သူဘယ်သူမှမရှိပါဘူး”ဟု ပြောသည်။ အလားတူ သိမ်ဖြူမီးရထားရပ်ကွက်မှ ဖုန်းမဲမပေါက်သူတစ်ဦးကလည်း “ကျွန်တော်က ဒီတစ်ကြိမ်နဲ့ဆို မဲနှိုက်ရတာ သုံးကြိမ်ရှိပြီ။ ကံမကောင်းသေးလို့ ဖုန်းမဲ မပေါက်သေးဘူး။ လျှောက်လွှာက တစ်ခါပဲတင်ရတာ။ မပေါက်မချင်း လစဉ်မဲနှိုက်ရမှာပဲလေ။ ကံကောင်းလာတဲ့အချိန် တစ်ကြိမ်ကြိမ်တော့ ပေါက်မှာပေါ့။ အလုပ်လည်းမပျက်။ တန်းစီလည်းမစောင့်ရ၊ ပွင့်ပွင့်လင်းလင်းလည်းရှိတော့ မဲမပေါက်ကြပေမယ့် ကျေနပ်ကြပါတယ်။ စိတ်ချမ်းသာပါတယ်” ဟု ရယ်မောရွှင်လန်းစွာ ပြောကြားသည်။

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှုများကျင်းပ

ရန်ကုန် ဇွန် ၂၄

၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှုများကို ဇွန် ၂၂ ရက်နှင့် ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များက ပြိုင်ပွဲများကို သတ်မှတ်ထားသော အားကစားစခန်းများ၌ ကျင်းပသည်။

အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားလှုပ်ရှားမှုများတွင် ခြင်းလုံးပြိုင်ပွဲများကို ကြည့်မြင်တိုင်မြို့နယ် ရွှေတိုင်ခြင်းလုံးရုံ၌ ရွှေတိုင်ခြင်းလုံးအဖွဲ့ဝင် သူဇာလင်းက တစ်ကိုယ်တော်စွမ်းရည်ပြပွဲနှင့် ဝိုင်းဖွဲ့စွမ်းရည်ပြသရုပ်ပြများကိုလည်းကောင်း၊ ကာကွယ်ရေး၊ ရွှေတိုင်၊စမ်းချောင်း၊ ချိန်လိန်ကိန်း၊ လူငယ်ပိုင်ပိုင်(စမ်းချောင်း)တို့ ဝိုင်းဖွဲ့စွမ်းရည်ပြခတ်ကစားခြင်းနှင့် တစ်ဦးချင်း စွမ်းရည်ပြခတ်ယှဉ်ပြိုင်၍ လည်းကောင်း၊ ရေကူးပြိုင်ပွဲများကို ဦးဝိစာရလမ်း အမျိုးသားရေကူးကန်၌ အမျိုးသားမီတာ ၁၅၀၀ Freestyle၊ အမျိုးသမီးမီတာ ၈၀၀ Freestyle၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀၊ ၂၀၀၊ ၁၀၀၊ ၅၀ ပက်လက်ကူး၊ လက်ပစ်ကူး၊ လိပ်ပြာကူး၊ ရင်ပေါင်တန်းကူးပြိုင်ပွဲများကိုလည်းကောင်း၊ ရွက်လှေပြိုင်ပွဲကို အင်းလျားကန်၌ အသက် ၁၅ နှစ်အောက် Optimist ပြိုင်ပွဲ၊ Sharpic (A)Class၊ Sharpic (B)Class၊ helf rater ပြိုင်ပွဲများကိုလည်းကောင်း၊ ကြက်တောင်ပြိုင်ပွဲများကို ကျုံးကြီး လူငယ်အမျိုးသားကြက်တောင် အားကစားရုံ၌ လက်ရွေးစင်တန်းအမျိုးသား အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့်လည်းကောင်း၊ တိုက်ကွမ်ဒိုပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ပွဲဝင်အဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ ကလပ်အသင်းလိုက် တစ်ဦးချင်း ကကွက်ပြိုင်ပွဲ၊ အသင်းလိုက်ကကွက်ပြိုင်ပွဲများကိုလည်းကောင်း၊ ကျွမ်းဘားပြိုင်ပွဲများကို ကျိုက္ကဆံကျွမ်းဘား အားကစားရုံသစ်၌ အမျိုးသား၊ အမျိုးသမီး အသက် ငါးနှစ်မှ ခုနစ်တန်း၊ အမျိုးသား အမျိုးသမီး အသက် ရှစ်နှစ်မှ ၁၂ နှစ်တန်း၊ အသက် ၁၃ နှစ်အထက် အလွတ်တန်း၊ နွေရာသီ လူသစ်တန်း အမျိုးသားပြိုင်ပွဲများကို လည်းကောင်း၊ ကရာတေးဒိုပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်းအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ လည်းကောင်း၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲကို မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ အမျိုးသား အမျိုးသမီး တစ်ဦးချင်းအသက် ၁၅ နှစ်အောက် ပြိုင်ပွဲများကိုလည်းကောင်း၊ အလေးမပြိုင်ပွဲကို အောင်ဆန်းကွင်း အဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ လူငယ်လက်ရည်စစ်ပြိုင်ပွဲကို လည်းကောင်း၊ ခရစ်ကက်ပြိုင်ပွဲကို အထက(၁)လမ်းမတော်၌ အမျိုးသား အမျိုးသမီး အလွတ်တန်းပြိုင်ပွဲများကိုလည်းကောင်း ယှဉ်ပြိုင်ကြပြီး အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# မီးဘေးလုံခြုံရေး တာဝန်ခံသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သင်တန်းအမှတ်စဉ်(၂)ဆင်းပွဲကို ဇွန် ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာန၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၃ ရက်မှစတင်ကာ ရက်သတ္တ သုံးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး စက်ရုံ၊အလုပ်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ကုမ္ပဏီရုံးကြီးများ၊ ဈေးများ၊ မီးဘေးစိုးရိမ်ရသောလုပ်ငန်းများတွင် မီးဘေးလုံခြုံရေးတာဝန်ခံအဖြစ်တာဝန်ထမ်းဆောင်မည့်သူများနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးနှင့် ဘေးထွက်ဆိုးကျိုးများအကြောင်း သိကောင်းစရာ ဟောပြောပွဲကျင်းပ

တမူး ဇွန် ၂၄

မူးယစ်ဆေးဝါးနှင့် ဘေးထွက်ဆိုးကျိုးများအကြောင်း ဟောပြောပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးစောငွေက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)အကြောင်းနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအကြောင်းများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးကျော်ယဉ်က တိုင်းဒေသကြီးအတွင်းရှိ မူးယစ်ဆေးဝါးအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်(ဗဟို)ဌာနမှ ဒုတိယရဲမှူး ဆိုင်းနန်က မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဟောပြောကြကာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်သော်က မှုခင်းပညာပေးကိစ္စများနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသိန်းနိုင်ဦးက မူးယစ်ဆေးဝါးနှင့် ဘေးထွက်ဆိုးကျိုးများအကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့ တက်ရောက်လာကြသော ပြည်သူများက မရှင်းလင်းသည့်အချက်အလက်များနှင့် သိရှိလိုသည့်အကြောင်းအရာများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(တမူး)**

**PC MYANMAR (HONG KONG) LIMITED**

PETRONAS

## For Local Service Only

PETRONAS CARIGALI MYANMAR (HONG KONG) LIMITED is a leading Oil & Gas company in Myanmar and presently operating Yetagun Gas Field located in Ataman Sea.

We are now in need of additional Technicians as follows;

| Position | Technician |
|---|---|
| No of Positions | 12 (Twelve) (M/F) |
| Department | Production Department |
| Location | Pipeline Operating Centre & Yetagun Offshore Platform |

Selected candidates will undergo 6-12 months Technician Training & Professional Development Program in Malaysia and on-job-training at Pipeline Operating Centre and Yetagun Platform in Myanmar.

Applicants should have:
- A.G.T.I Diploma Holders.
- Good verbal and written communication skill.
- Good interpersonal skill and ability to work as part of a small multi disciplined team.
- Good discipline with industry experience.
- Knowledge of Oil & Gas Industry.
- Knowledge of Standard PC Skills.

Candidates, who meet the above requirements, can send your updated curriculum vitae together with 2 passport size photos, copies of National Registration Card, relevant Educational documents and Labour Registration Card.

Only short listed candidates will be notified for English Placement Test and Technical Assessment Tests.

Applications should be received not later than 19th July 2013.

**Human Resource Management Department**
**PC Myanmar (Hong Kong) Limited**
**No.16, Shwe Taung Kyar, Bahan 11201 Yangon**
**Email:ygn_recruit@petronas.com.my**

**16 SHWE TAUNG KYAR, BAHAN, YANGON, MYANMAR**
**TEL:+95 1 5515011/ 526411.**
**TELEFAX:+95 1 525698/ 525684**

Official Sponsor

**A wholly-owned subsidiary of PETRONAS**

July 18/19/21/22
Ph : 241063, 380141, 09-43043109

**ပျောက်ဆုံး**

ကျွန်တော် ဦးကျော်သီဟ Passport No-398379 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၈၆၁၁၇၉၄

RUBY
519100
09-51-77212, 535100

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်း၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် အခြေခံပညာကျောင်းဆောင်သစ်များ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၄-၆-၂၀၁၃ရက်၊ ၁၀း၀၀နာရီ
**တင်ဒါလျှောက်လွှာပိတ်ရက်** - ၅-၇-၂၀၁၃ရက်၊ ၁၆း၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာ၊ စာချုပ်ပုံစံ၊ စည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ လူမှုရေးဝန်ကြီးဌာန ဖုန်း-၀၄၃-၂၂၆၅၁ တွင် စုံစမ်း၍ လျှောက်လွှာတစ်စောင်လျှင် ငွေ ၅၀၀၀ိ/ (ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရွေးချယ်ရေးအဖွဲ့**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း
ရန်ကုန်တိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

( ၅၀၀ ) တန်

ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း

နိုင်ငံတကာအားကစားသတင်း

# စပိန်အုပ်စုပထမနဲ့ ဥရုဂွေးအုပ်စုဒုတိယအကြိုဗိုလ်လုပွဲတက်ပြီ

ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲရဲ့ အုပ်စု (B) နောက်ဆုံးပွဲစဉ်တွေကို ဇွန် ၂၃ ရက်က ဘရာဇီးနိုင်ငံမှာ ဆက်လက်ကျင်းပတဲ့အခါ နိုင်ဂျီးရီးယားနဲ့ စပိန်ပွဲစဉ်မှာ စပိန်တို့ ဂိုးပြတ်နိုင်ပွဲရရှိပြီး အုပ်စုပထမနဲ့ အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သလို ဥရုဂွေးကလည်း တဟီတီအသင်းကို ရှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရပြီး အုပ်စုဒုတိယနဲ့ အကြိုဗိုလ်လုပွဲတက်ရောက်လာခဲ့ကြပြီဖြစ်ပါတယ်။

**နိုင်ဂျီးရီးယားနှင့် စပိန်**

လျင်မြန်မှု၊ ခွန်အားသုံးနိုင်မှုတွေနဲ့ စပိန်ကို ရင်ဆိုင်ခဲ့တဲ့ နိုင်ဂျီးရီးယားအသင်းဟာ ပွဲအစ ၃ မိနစ်မှာပဲ အယ်လ်ဘာရဲ့ အဖွင့်ဂိုးသွင်းယူမှုကြောင့် စပိန်တို့ကို ဦးဆောင်ဂိုးပေးခဲ့ရပါတယ်။ စပိန်အသင်းဟာ စုဖွဲ့မှုကောင်းပြီး တစ်ဦးချင်းစွမ်းရည်လည်း မြင့်မားနေတာမို့ နိုင်ဂျီးရီးယားတို့ စပိန်ရဲ့သွင်းဂိုးတွေကို ခွင့်ပြုပေးခဲ့ရခြင်းဖြစ်ပါတယ်။

နိုင်ဂျီးရီးယားဟာ ပထမပိုင်းမှာ ချေပဂိုးသွင်းယူနိုင်ရေး ထိုးဖောက်ကစားခဲ့ပေမယ့် တိုက်စစ်မှူးတွေရဲ့ ဆန္ဒစောနေမှုနဲ့ ဘောလုံးဆုံးရှုံးမှုတွေများနေတာမို့ အရာမထင်ဖြစ်ခဲ့ရပါတယ်။ နိုင်ဂျီးရီးယားတို့ ပထမပိုင်းပွဲချိန်ပြီးတဲ့အထိ ချေပဂိုးမသွင်းယူနိုင်ခဲ့ပါဘူး။ ဒုတိယပိုင်းပွဲချိန်အတွင်းမှာ စပိန်တို့ဦးဆောင်ဂိုးတွေ ထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့တာမို့ ပွဲချိန် ၆၂ မိနစ်မှာ တောရက်စ်က တစ်ဂိုးသွင်းယူခဲ့တာမို့ စပိန်တို့ နှစ်ဂိုး ရရှိခဲ့ပါတယ်။ နိုင်ဂျီးရီးယားအသင်းဟာ စပိန်ရဲ့ တည်တည်ငြိမ်ငြိမ်ကစားမှုအပေါ် ချေပဂိုးသွင်းယူနိုင်ရေး ခက်ခဲနေခဲ့ပြီး ပွဲချိန် ၈၈ မိနစ်မှာတော့ အယ်လ်ဘာက စပိန်အတွက် တတိယဂိုးကို သွင်းယူပေးခဲ့တာမို့ ပွဲအပြီးမှာ စပိန်တို့သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်။ အုပ်စု (B)မှာ စပိန်ဟာ သုံးပွဲကစား သုံးပွဲနိုင်၊ ၁၅ ဂိုးသွင်းပြီး ကိုးမှတ်နဲ့အုပ်စု ပထမအဖြစ် အကြိုဗိုလ်လုပွဲကို ပြတ်သားတဲ့ရလဒ်တွေနဲ့ တက်ရောက်လာခဲ့တာဖြစ်ပါတယ်။

**ဥရုဂွေးနှင့် တဟီတီ**

ပွဲတိုင်း ဂိုးအလျှုပေးနေတဲ့ တဟီတီတို့ကတော့ အုပ်စု (B)မှာ နိုင်ဂျီးရီးယားကို ခြောက်ဂိုး၊ စပိန်အသင်းကို ၁၀ ဂိုးနဲ့ အခု ဥရုဂွေးအသင်းကိုလည်း ရှစ်ဂိုးပြတ်ရှုံးခဲ့ပြန်ပါတယ်။ ဒီပွဲမှာ ဥရုဂွေးအတွက် ဂိုးတွေကို ပွဲအစ ၂ မိနစ်မှာ ဟာနန်ဒက်ဇ်က ဂိုးစတင်သွင်းပြီး ပွဲချိန် ၂၄ မိနစ်၊ ပွဲချိန် ၄၅ မိနစ်နဲ့ ပွဲချိန် ၆၇ မိနစ်တို့မှာ ဟာနန်ဒက်ဇ်တစ်ဦးတည်း လေးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ကျန်တဲ့ဂိုးတွေကတော့ ပွဲချိန် ၄၇ မိနစ်မှာ ပီရက်က တစ်ဂိုး၊ ပွဲချိန်မိနစ် ၆၀ မှာ လိုဒီရိုကတစ်ဂိုးစီ သွင်းယူပေးခဲ့ခြင်းဖြစ်ပါတယ်။ ပွဲချိန် ၈၂ မိနစ်နဲ့ မိနစ် ၉၀ မှာ ဆွာရက်ဇ်တစ်ဦးတည်း နှစ်ဂိုးသွင်းယူခဲ့တာမို့ ဥရုဂွေးတို့ စုစုပေါင်း ရှစ်ဂိုးအထိ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒီပွဲမှာ ဥရုဂွေးက စတော့တီဟာ ၅၁ မိနစ်မှာ နှစ်ဝါတစ်နီနဲ့ အထုတ်ခံရသလို ပွဲချိန် ၅၉ မိနစ်မှာ တဟီတီအသင်းက လူဒီဗင်းလည်း နှစ်ဝါတစ်နီနဲ့ အထုတ်ခံခဲ့ရပါတယ်။ ဥရုဂွေးဟာ သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်မှတ်နဲ့အုပ်စု(B)မှာ ဒုတိယနဲ့ ရရှိပြီး အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့ပြီဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက် ရေးသားသည်**

## ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကြီးစတင်

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် နာမည်ကြီးဝင်ဘယ်ဒန်ဖလားပြိုင်ပွဲကြီးကို ဇွန် ၂၄ ရက်မှ စပြီး ဇူလိုင် ၇ ရက်အထိ စတင်ကျင်းပနေပြီဖြစ်သည်။ အင်ဒီမာရေးက ဂျာမနီမှ ကမ္ဘာ့အဆင့် ၉၅ ရှိ ဘင်ဂျမင်ဘက္ကာနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လက်ရှိ ချန်ပီယံရော်ဂျာဖက်ဒါရားက ဟန်နက်ကူနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ၂၀၀၄ ခုနှစ်ချန်ပီယံ ရှာရာပိုဗာက ပြင်သစ်တင်းနစ်မယ်ခရစ္စတီးနားနှင့် ကစားရမည်ဖြစ်သည်။ ဂျိုကိုဗစ်နှင့်ဆီရီနာဝီလျံတို့၏ ပွဲစဉ်များကို ဇွန် ၂၅ ရက်တွင် စတင်ကစားရန် စီစဉ်ထားသည်။

## ဆဲလ်တာဗီဂိုတိုက်စစ်မှူး လီဗာပူး ခေါ်ယူ

ဆဲလ်တာဗီဂိုတိုက်စစ်မှူး လက်ဂိုအက်ပက်စ်အား လီဗာပူးက ပေါင် ခုနစ်သန်းဖြင့် စာချုပ်လိုက်သည်။ ၎င်းအား ခေါ်ယူရေး လွန်ခဲ့သောသီတင်းပတ်က မူဘောင်အရ သဘောတူခဲ့ပြီးနောက် လီဗာပူးက စာချုပ်ခဲ့ခြင်းဖြစ်သည်။ သို့သော် စာချုပ်သက်တမ်းကို ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။ စပိန်နိုင်ငံသား အသက် ၂၅ နှစ်ရှိ ဆဲလ်တာဗီဂိုတိုက်စစ်မှူးသည် ပြီးခဲ့သောရာသီက ၃၅ ပွဲတွင် ၁၂ ဂိုးသွင်းပေးခဲ့သည်။

## မီတာ ၂၀၀ အမြန်ဆုံးအပြေးသမား တိုင်စန်ဂေး

အမေရိကန် တာတိုအပြေးသမား တိုင်စန်ဂေးသည် အမေရိကန်နိုင်ငံ အိုင်အိုဝါ၌ ကျင်းပသော ကမ္ဘာ့ချန်ပီယံရှစ် လူရွေးပွဲတွင် မီတာ ၂၀၀ ပြေးပွဲယှဉ်ပြိုင်စဉ် စံချိန် ၁၉ ဒသမ ၇၄ စက္ကန့်ဖြင့် ၂၀၁၃ ခုနှစ်၏အမြန်ဆုံးအပြေးသမားဖြစ်လာသည်။ ၂၀၀၇ ခုနှစ် ကမ္ဘာ့ချန်ပီယံဂေးသည် ရုရှားနိုင်ငံ မော်စကိုမြို့၌ ဩဂုတ်လတွင် ကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲ မီတာ ၁၀၀ နှင့် ၂၀၀ နှစ်မျိုးစလုံး ကမ္ဘာ့အမြန်ဆုံးလူသား အူစိန်ဘော့နှင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ အသက် ၃၀ ရှိ တိုင်စန်ဂေးသည် ယောင်းနှင့် ကာတစ်မစ်ချယ်တို့ကို ကျော်ဖြတ်ပြီး ပထမပန်းဝင်ခဲ့ခြင်းဖြစ်သည်။ တိုင်စန်ဂေးသည် ယခုနှစ် မီတာ ၁၀၀ ပြေးပွဲတွင် စံချိန် ၉ ဒသမ ၇၅ စက္ကန့်ဖြင့် အမြန်ဆုံးပြေးနိုင်ခဲ့ပြီး နှစ်ရက်အကြာ ယခုမီတာ ၂၀၀ တွင် ထပ်မံဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။



ကောင်းမြတ်သူ စုစည်းသည်

## ဘောလုံးသတင်း အတိုအထွာ

**မောင်ချစ်ကြည်**

- မန်ယူအသင်းသည် တိုက်စစ်မှူးအသစ်ခေါ်ယူနိုင်ပါက ရွှန်းနေကို အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်သည်။
- လီဗာပူးနည်းပြ ရော်ဂျာက တိုက်စစ်မှူးဆွာရက်ဇ်ကို အသင်း၌ ဆက်လက်ထားရှိရန် ဆွေးနွေးလျက်ရှိသည်။
- ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက နယ်သာလန်ကွင်းလယ်ကစားသမား ဂင်ကယ်ကို ပေါင်ကိုးသန်းနှင့် စာချုပ်တော့မည်ဖြစ်သည်။
- စတုတ်နည်းပြ မာ့ခ်ဟုချ်သည် အသက် ၂၆ နှစ်အရွယ်ရှိ ဗီလာကွင်းလယ်ကစားသမား အိုင်ယာလန်ကို ခေါ်ယူမည်ဖြစ်သည်။
- ရီးရဲမက်ဒရစ်သည် မာလာဂါအသင်းမှ အသက် ၂၁ နှစ်အရွယ်ရှိ တောင်ပံကစားသမား အစ္စကိုအား စာချုပ်နိုင်ရေး နီးစပ်နေပြီဖြစ်သည်။
- အာဆင်နယ်အသင်းသည် နည်းပြအာစင်ဝင်းဂါးကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးလျက်ရှိသည်။
- နယူးကာဆယ်အသင်းပိုင်ရှင် မိုက်အက်ရှလေက ဘရစ်တန်အသင်းနည်းပြ ဂစ်ပိုယက်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
- အသက် ၂၆ နှစ်အရွယ်ရှိ နယူးကာဆယ်ကွင်းလယ်ကစားသမား အာဖာသည် အသင်းမှထွက်ခွာရန် ကြိုးစားလျက်ရှိသည်။
- နည်းပြဖာဂူဆန် အနားယူခဲ့သဖြင့် မိမိသည် မန်ယူသို့ မပြောင်းရွှေ့လိုတော့ကြောင်း စီရိုနယ်ဒိုက ပြောကြားသည်။
- ဂါလာတာစာရေးတိုက်စစ်မှူး ဒရော့ဘာက ပရီမီယာလိဂ်၌ ကစားခဲ့ရသော ဘောလုံးသမားဘဝကို မည်သည့်အခါမျှ မေ့မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။


## မွေးနေ့ဆုတောင်း

ဖေဖေ ဗိုလ်မှူးနန်းဝေ (ရေတပ်၊ သင်္ဘောကျောင်း၌ာနချုပ်၊ သန်လျင်၊ သီလဝါ)၏ ၂၅-၆-၂၀၁၃ရက်တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်ဇနီး၊ ချစ်သမီးလေးနှင့်အတူ ဘဝခရီးကို ထာဝရပျော်ရွှင်စွာ အတူလျှောက်လှမ်းနိုင်ပါစေ။

**ချစ်ဇနီး-မမိုးသူသူအောင်**
**ချစ်သမီးလေး-နန်းသဒ္ဒါထက်(ခ)သောသောသည်**

**အမည်ပြောင်း**

ဦးစိုင်းဆမ်၏သမီး အထက-၃၊ တာမွေ၊ နဝမတန်းမှ မအားဖိန်းအား နန်းမွေလှိုင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါသည်

ဒေါ်လှအေး ၁၂/ဒဂတ(နိုင်)၀၀၁၆၈၁က ဝယ်ယူပိုင်ဆိုင်လက်ရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၅၊ မြေကွက်အမှတ် ၁၅၃၃/ကနှင့် ၁၅၃၄/ခ ပါမစ်မြေကွက်နှစ်ကွက်ကို ဒေါ်လှအေးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှစ်ကွက် အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက်၍ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကျေးမြင့် (ပုလော)**
**အထက်တန်းရှေ့နေ (စဉ်-၃၀၈၄၁)**
**ဖုန်း-၀၉-၄၂၁၀၇၁၈၁၃၊ ၀၉-၄၃၀၈၂၄၃၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇B၊ လူနေရပ်ကွက်အမှတ် နံ့သာကုန်း၊ မြေကွက်အမှတ်-၁၃/၈[၃-A]၊ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၀၉၄ ရှိ B မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (ယခုအခေါ် အမှတ် ၅၁၁/ဘီ၊ အဝေရာလမ်းသွယ်-၁၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အသီးသီး)တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးတင့်နှင့် ဒေါ်သီတာအေးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စိန်ဝင်း (စဉ်-၅၁၂၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၄၀၊ ငါးလွှာ၊ သာခုလမ်း၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့**


## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
## လေလံတင်ရောင်းချရေးနှင့်ကြီးကြပ်ရေးအဖွဲ့

၂၀၁၃ ခုနှစ် ဇွန် ၁၀ရက်နှင့် ၁၁ရက်များတွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ကြော်ငြာခဲ့သော ကော့မှူးမြို့နယ်နှင့် တွံတေးမြို့နယ်များအတွင်းရှိ ရော်ဘာခြံ၊ ပီလောပီနံစိုက်ခင်းများအတွင်း စိုက်ပျိုးထားပြီးဖြစ်သော ရော်ဘာစိုက်ပျိုးဧကများအား တိုင်းရင်းသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်းများသို့ နှစ် ၃၀ ငှားရမ်းပိုင်ခွင့်နှင့်ပတ်သက်၍ ၂၆-၆-၂၀၁၃ရက် ၁၄း၀၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် အိတ်ဖွင့်တင်ဒါရောင်းချမည့် ကြော်ငြာချက်အား ရွှေ့ဆိုင်းလိုက်ပြီး ဆောင်ရွက်မည့်အစီအစဉ်များအား ထပ်မံကြေညာမည်ဖြစ်ပါသည်။

**လေလံတင်ရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့**


**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ဇဟားကျေးရွာအုပ်စု ညောင်ပင်သာတပ်မြေ (ခလရ-၅) မူ/လွန်ကျောင်း ပဥ္စမတန်းမှ မမိုးမိုးဇင်၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၇/ဖမန(နိုင်)၁၀၃၇၂၉ ဖြစ်ပါသည်။




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ မလွကုန်းလမ်း၊ အိမ်အမှတ် ၈၃၊ လေးလွှာ(ဘီ) ဒေါ်ခင်အေးအေးသိန်း ၁၂/သဃက(နိုင်)၀၆၇၆၂၂ ပိုင်ဆိုင်သော တိုက်ခန်းအား ကျွန်မက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်ခြင်းအတွက် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

**မဖြူဖြူကျော်**
**ဖုန်း-၀၉-၅၁၉၇၄၄၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်သစ်)၊ မြေကွက်အမှတ် ၆၃၆၊ ဧရိယာ ၀ဒသမ၀၅၅၈ကေရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ကမာကြည်လမ်း၊ အမှတ် ၁၁ ဟု ခေါ်တွင်သော မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင်တင်အေး ၂/လကန(နိုင်)၀၁၀၅၈၀ အမည်ဖြင့် တည်ရှိသော မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်ဖြစ်သူ ဒေါ်တင်တင်အေးနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးသန်းထွန်းတို့ ကွယ်လွန်သွားခဲ့ပြီးနောက် အထက်ဖော်ပြပါမြေနှင့် အဆောက်အအုံအား သား၊ သမီးများဖြစ်ကြသော (၁)ဒေါ်ခိုင်မိုးအေး ၂/လကန(နိုင်)၀၀၀၉၇၃၊ (၂) ဦးဇော်မင်းထွန်း ၂/လကန(နိုင်)၀၀၀၉၇၄၊ (၃) ဦးထက်ရှိုင်း ၁၃/ကတန(နိုင်)၀၉၅၆၉၀၊ (၄) ဦးအာကာထွန်း ၁၃/ကတန(နိုင်)၀၈၉၁၆၈တို့က တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောပြဝန်ခံ၍ ၎င်းတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်း၊ ဂရန်မူရင်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်မိုး** LL.B,D.B.L,D.M.L **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၉၀)**

**ဦးအောင်မင်းနိုင်** LL.B,C.B.L,WIPO-DL-101 (GENEVA) **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၂၇)**

**ဦးသန့်ဇော်လွင်** LL.B,D.B.L **အထက်တန်းရှေ့နေ(စဉ်-၃၈၇၃၁)**

**အမှတ်-၅၆၁၊ ပထမထပ်၊ M.A.C Tower၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့၊ ခိုင်သဇင်လမ်းသွယ်၊ အမှတ် ၈၂၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/ဘီ၊ မြေကွက်အမှတ်-၈၂၊ အလျားပေ ၆၀× အနံ ပေ၆၀၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧက အကျယ်အဝန်းရှိ ဦးဟိကျင်း(ခ)ဦးသိန်းမြင့် အမည်ပေါက်သည့် နှစ်၆၀ ဂရန်မြေကွက်အား ဦးဟိကျင်း(ခ)ဦးသိန်းမြင့်ထံမှ ထပ်ဆင့်လွှဲပြောင်းဝယ်ယူထားသူ ဒေါ်စိန်တင် ၁၂/ဥကမ(နိုင်)၀၄၉၇၅၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်မင်း** (B.A.,D.A.,R.L)
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၁၁၈)**
**အမှတ်-၆၂၊ ပထမထပ်၊ အခန်း ၃၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၅၆၅၃၂**

## ဆောင်းပါးနှင့်နယ်သတင်း

# ဖုန်းကြောက်တဲ့မောင်

ရောဂါတစ်ခုဖြစ်ပွားခြင်းသည် ရုတ်တရက်ထ၍ ဖြစ်ပွားခြင်း မဟုတ်ပေ။ အချိန်ကြာမြင့်စွာသော ကာလကပင် တဖြည်းဖြည်း အမြစ်တွယ် အစပြုတတ်သည့်သဘော ဖြစ်သည်။ သည်သဘော သဘာဝကို တန်ခူးမောင်ဘဝနှင့်ရင်းကာ သိရှိခံစားခဲ့ရသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်လွန်နှစ်များက နိုင်ငံတော်အစိုးရက ဝန်ထမ်းများကို လက်ကိုင်ဖုန်းများ ချထားပေးခဲ့သည်။ တန်ခူးမောင်တို့ စည်းကမ်းချက်များနှင့် ပြည့်စုံသောကြောင့် ဖုန်းရကြသည်။ သို့သော် တန်ခူးမောင်ထံတွင် ဖုန်းအတွက်သွင်းစရာ လုံလောက်သောငွေမရှိ။ ထို့ကြောင့် လက်ကိုင်ဖုန်းငှားရမ်းခွင့်ပါမစ်သည် ငွေသားအဖြစ် ပြောင်းလဲသွားလေသည်။ ကိုယ့်မှာ မပြည့်စုံသောကြောင့်သာ ရောင်းလိုက်ရသည်။ တန်ခူးမောင်ရင်မှာတော့ မချိပါ။ ကိုယ်ပိုင်ဖုန်းကလေးတစ်လုံး ကိုင်ချင်စိတ်သည် ကင်ဆာရောဂါပမာ စတင်အမြစ်တွယ်လာခဲ့သည်ကိုမူ တန်ခူးမောင်မိမိဘာသာ မသိလေခဲ့။

တန်ခူးမောင်တို့ ရရှိသောလစာမှာ ဖုန်းဝယ်နိုင်ရန်ဝေးစွ၊ ကိုယ့်ဘာသာပင် မနည်း စိစစ်သုံးစွဲရသည့် အနေအထားဖြစ်ခဲ့သည်။ ဈေးကွက်ရှိ ဖုန်းဈေးများသည် ထိုအချိန်ကာလများက သိန်းသုံးဆယ်၊ သိန်း ၄၀အထိ ရောက်ရှိခဲ့သည်။ လက်ကိုင်ဖုန်းကိုင်နိုင်သူကို အဆင့်အတန်းတစ်ခုအဖြစ် သတ်မှတ်ရမလိုဖြစ်ခဲ့သည်။ မိမိသုံးစွဲနိုင်သည့်အဆင့်နှင့် ဝေးကွာလှသော်လည်း တန်ခူးမောင်၏ ဖုန်းကင်ဆာရောဂါသည် ရင့်သည်ထက် ရင့်လာသည်ကိုမူ မိမိဘာသာ သတိထားမိလာခဲ့သည်။ သည့်အတွက် မိမိဘာသာ ရောဂါကို ကျိတ်၍ ကုသပါသည်။ ရောဂါ ကြီးထွားမလာစေရန် ဆေးမြီးတိုများဖြင့် ချုံးနှိမ်ထားခဲ့ရသည်။

တန်ခူးမောင် ကံမကောင်းပါ။ နောင် ငါးနှစ်ခန့်အကြာတွင် နိုင်ငံတော်က ဖုန်းတစ်မျိုး ထပ်ချပေးပြန်သည်။ ထိုအချိန်တွင် တန်ခူးမောင်၏ ရောဂါသည် ငုပ်လျှိုးစပြုနေသော အချိန်ဖြစ်ပါသည်။ ဖုန်းတစ်မျိုး ချပေးသည့်အတွက် အကင်းသေစရောဂါသည် ပြုန်းခနဲ ထကြွသောင်းကျန်းပါတော့သည်။ ချက်ချင်းပင် ဖုန်းတစ်လုံးမျှမရလျှင် မနေနိုင်အောင် ဖြစ်လာပါသည်။ သူများတကာ လက်ကိုင်ဖုန်းကလေးများနှင့် ကြူနေလျှင် မခံချိမခံသာ ဖြစ်ရသည်၊ နေနှင့်ဦးပေါ့ကွာ။ တစ်နေ့ တစ်လံ လက်ကိုင်ဖုန်း ဘယ်ပြေးမလဲ။

သို့သော် တန်ခူးမောင် ဖုန်းဝယ်ယူသုံးစွဲရန် အနားမျှ မသီနိုင်သေးပါ။ ဤမျှ ဈေးသက်သာလာသော ဖုန်းဈေးကွက်တွင် ဝယ်ယူသူများ ခြေချင်းလိမ်နေသော်လည်း တန်ခူးမောင်တစ်ယောက် အဝေးမှ ရှုငေးအနေဝေးခဲ့ရသည်။ အတွေးတွင်သာ တက် တခေါက်ခေါက်၊ ဖနောင့်ပေါက် အံကြိတ်ကာ မိမိအတွက် အချိန်ကာလကို စောင့်ခဲ့ရသည်။

ညီအစ်ကို မောင်နှမများအားလုံး ဖုန်းကိုင်နိုင်ပြီ။ တန်ခူးမောင်တစ်ယောက်တည်း သိုးမည်းဖြစ်ကာကျန်ခဲ့သည်။ အားငယ်လှသည်။ ဘေးထိုင်မှိုင်ငေး အတွေးချာလည် ရောဂါသည်ဖြစ်ကာ ကျန်ရစ်ရပြန်သည်။ သူတကာအတွက် သည်တစ်ခေတ်ချထားပေးသောဖုန်းသည် ရိုးအီနေပြား တန်ခူးမောင်နှင့် လားလားမျှ မပတ်သက်ပြန်ချေ။ ရောဂါအခြေအနေသည်သာ ရင့်သည်ထက်ရင့် အဆင့်မြင့်လာခဲ့သည်။

၂၀၁၀ ပြည့်လွန်နှစ်များတွင် နိုင်ငံတော်အစိုးရက နောက်ထပ်ဖုန်းတစ်မျိုး ထပ်မံချထားပေးသည်။

သည်တစ်ကြိမ်တွင်မူ တန်ခူးမောင်အတွက် လက်လှမ်းမီသော အခြေအနေ ဖြစ်လာသည်။ အဟောဝတအဟောဝတ။ တန်ခူးမောင်တစ်ယောက် နှစ်သိန်းတန်ဖုန်းတစ်လုံး ဝယ်ယူလိုက်လေပြီ။ အနှစ်နှစ် အလလက ခံစားနေရသောရောဂါသည်ပိန်းကြာရွက်တွင် ရေမတင်သကဲ့ လွင့်စဉ်ပပျောက်သွားလေပြီဟုထင်မိသည်။

တန်ခူးမောင်ထံတွင် လက်ကိုင်ဖုန်းရှိသည်ကို ဆွေမျိုးမိတ်သင်္ဂဟများသာမက လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းအချင်းချင်းတို့ သိလာကြသည်။ ဟိုမှသည်မှ ဖုန်းဆက်လာသည်။ တန်ခူးမောင် လူကြားသူကြား ဖုန်းပြောရသည်ကို ဂုဏ်ယူမိသည်။ လမ်းသွားရင်း၊ ကားစီးရင်း၊ လူကြားသူကြားနေရင်း ဖုန်းခေါ်မည့်သူ ရှိပ့ါမလားဟူ၍ စောင့်စားနေရသည်။ မျှော်လင့်ချက်တို့ ပြည့်ဝလာသည်မို့ တန်ခူးမောင် ပျော်သည်။ ဘဝင်ကိုင်သော ရောဂါဆိုရလေမည်လား မသိ။

သို့သော် ဖုန်းခေါ်သံ စိပ်လာသည်။ လမ်းသွားရင်း၊ ကားစီးရင်း ဖုန်းထုတ်၍ ခဏခဏ ပြောရဖန်များလာသည်။ ရေအိမ် ဝင်မည့်ဆဲဆဲ ဖုန်းလာသည်။ ရေချိုးနေရင်း တန်းလန်းလည်း ဖုန်းလာသည်။ အလုပ်လုပ်နေရင်း ဖုန်းခေါ်သံကြောင့် အနှောင့်အယှက် ခဏခဏ ဖြစ်လာသည်။ မိသားစုတွင် စကားကောင်းကောင်း ပြောမရအောင် ဖြစ်လာသည်။ မိတ်ဆွေအချင်းချင်း မျက်နှာပျက်စရာ မကြာခဏ ကြုံလာရသည်။ အိပ်ရင်းမှပင် ဆတ်ခနဲ လန့်နိုးစေရန် ဖုန်းမြည်သံက စွမ်းဆောင်လာသည်။

အလုပ်မှအိမ်အပြန် အိမ်မရောက်မီ ဖုန်းက ရောက်နေတတ်သည်။ မထူးပါဘူး၊ ဖုန်းပါယူသွားတော့မှပင် အလုပ်မှ အိမ်သို့ ရောက်သည် မရှိတော့။ ဖုန်းဆက်ကာ ပြန်ခေါ်သောကြောင့် လမ်းတစ်ဝက်မှ ပြန်လှည့်ရပေါင်း များလှပြီ။

တယ်လီဖုန်း မြည်သံများက နံနက်မှသည် ညနက်သည်အထိ တစ်ရံမစဲ ဖြစ်လာသည်။ တန်ခူးမောင် နားစရာအချိန် မရှိတော့ပြီ။ ဖုန်းမြည်သံကို ကြောက်လာသည်။ ဖုန်းကိုင်ရမည်ကို တွန့်လာသည်။ ဖုန်းဖွင့်ထားရမည်ကို ရွံ့လာသည်။ ဖုန်းကို ကြည့်ရမည်ကို တုန်လှုပ်လာသည်။

ဖုန်းမြည်သံကြားရလျှင် တန်ခူးမောင် ကြက်သီးထလာတတ်သည်။ ကျောရိုးထဲက စိမ့်လာသည်။ ရုတ်တရက် အားအင်ကုန်ခန်းသကဲ့သို့ ဖြစ်ဖြစ်သွားတတ်သည်။ သွေးတွေ ရုတ်တရက် တိုးလာတတ်သည်။ ပြန်မပြော၍လည်း မဖြစ်။ ဘုရားစာရွတ်၊ ဆုတောင်း ပြုလုပ်ရသည်မှာ မောလှပြီ။ ချွေးနဲ့စာနှင့် ဝယ်ထားသော တယ်လီဖုန်းကလေးမို့ မပစ်ရက်။ နို့မို့ အစောကြီးကတည်းက ကိုင်ပေါက်ပြီးပြီ။

မည်သို့ပင်ဆိုစေ တန်ခူးမောင် လောကခံကိုရင်ဆိုင်နေရသည်။ ထိုသို့ရင်ဆိုင်ရင်း တယ်လီဖုန်းကြောက်သော ရောဂါတစ်ခုကိုမူ မတွန်းလှန်နိုင်ဘဲ အမြစ်စွဲအောင် ခံစားနေရသည်။ မည်သို့မျှ မကုသနိုင်။ သမားတော်ပေါင်းလည်း စုံပါပြီ။

မိတ်ဆွေ. . . ဆေးနည်းကောင်းများရှိလျှင် ကျေးဇူးပြုပြီး မျှပါဦးလား။ **တန်ခူးမောင်**

## မိုးစပါးစိုက်ပျိုးရေး စည်းဝေး

**သုံးခွ ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် မိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၅ ရက်က သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းကအမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇေက မိုးစပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မြေယာစနစ်တကျပြုပြင်ရေး၊ ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ သုံးစွဲရေး၊ မိုးစပါးကြဲခင်းများ၊ ရာသီစပါးမျိုးများ၊ အထွက်ကောင်းစပါးမျိုးများ၊ အထွက်တိုးရေး နည်းလမ်းများနှင့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုး စပါး၊ တစ်ဧက တင်း ၁၀၀ နှုန်း အထက်ထွက်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးခဲ့ပြီး ဌာနဆိုင်ရာများနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများက ယခုနှစ် မိုးစပါးရာသီတွင် ၁၄၇၇၈၃ ဧက စိုက်ပျိုးမှုအပေါ် တစ်ဧကအထွက်နှုန်းပျမ်းမျှ ၇၃ဒသမ၄၄ တင်းနှုန်း ထွက်ရှိရန် မျှော်မှန်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**

### (တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ရုံး၌ ယာဉ်မောင်းစစ်ဆေးရေးကွင်းတည်ဆောက်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁။ | နေပြည်တော်ရုံး (ပုဗ္ဗသီရိမြို့နယ်၊နေပြည်တော်) | ကွင်းကရစ်ယာဉ်မောင်းစစ်ဆေးရေးကွင်း တည်ဆောက်ခြင်း |

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၀-၇-၂၀၁၃ ရက် မွန်းလွဲ ၁း၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး(စီမံ)**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**ရုံးအမှတ် ၂၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၀၉၈**
**သံသုမာလမ်း၊ မြင်သာ၊ သဃၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇**

---

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**

### အိတ်ဖွင့်တင်ဒါ (Open Tender)များ ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)တွင် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

(က) စက်ရုံရှိ ထုတ်လုပ်ရေးအလုပ်ရုံ၊ ထောက်ပံ့ရေးအလုပ်ရုံများ၊ သိုလှောင်ရုံများ အမိုးမွမ်းမံခြင်း
(ခ) ရန်ကုန်တိုင်းဒေသကြီး ရော်ဘာပစ္စည်းစက်ရုံ (သဃၤန်းကျွန်း)တွင် ကုန်ထုတ်အဆောက်အအုံ (၂) အောက်ခံကြမ်းခင်းမွမ်းမံခြင်း ပေ(၁၂၀×၆၀)
(ဂ) စက်ရုံအတွင်း အလုပ်ရုံများ၊ ဧည့်ရိပ်သာများနှင့် လုံခြုံရေးမီးများ လဲလှယ်သွယ်တန်းခြင်း (4' Fluorescent, 4' Choke, 4' Starter, 60 Watt Bulb, PVC Tape, 7/ 044 PVC Twin Wire)
(ဃ) စက်ရုံ၏အဝေးပြော Phone Lineကြိုး အသစ်အစားထိုး လဲလှယ်သွယ်တန်းခြင်း အရှည်(၃)မိုင်
(င) လုံခြုံရေးမီးတိုင်များ၊ သိုလှောင်ရုံများနှင့် ထုတ်လုပ်ရေးခန်းမများတွင် မာကျူရီမီးလုံးနှင့်ချုပ်များ လဲလှယ်တပ်ဆင်ခြင်း (250 W,400 W)
(စ) စက်ရုံ၏အိမ်ထောင်သည်လိုင်းနှင့် ဒူးရင်းဆိပ် Pump House သို့ သွယ်တန်းထားသည့် (6.6 KV)လိုင်းကြေးသီးများလဲလှယ်ခြင်း
(ဆ) စက်ရုံ၏ထုတ်လုပ်ရေးအလုပ်ရုံနှင့် စွမ်းအင်ထောက်ပံ့ရေးအလုပ်ရုံရှိ စက်များသို့ ဆက်သွယ်ထားသော ရေ၊ လေ၊ ရေနွေးငွေ့ပိုက်လိုင်း၊ Valveများ အသစ်အစားထိုး လဲလှယ်တပ်ဆင်ခြင်း
(ဇ) စက်ရုံ၏ဝန်ထမ်းအိမ်ရာများတွင် တပ်ဆင်သွယ်တန်းထားသော ရေပိုက်နှင့် Valveများ အသစ်လဲလှယ်တပ်ဆင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၆-၂၀၁၃ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁-၇-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက အမှတ်(၂၁) အကြီးစားစက်ရုံ(သထုံ) ဖုန်း-၀၉-၄၉၈၁၆၀၃၈၊ ၀၉-၄၉၈၁၆၀၃၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမှတ်(၂၁)အကြီးစားစက်ရုံ (သထုံ) မွန်ပြည်နယ်**

---

**စက်မှုဝန်ကြီးဌာန**
**စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း**

### ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံခွဲ(ချောက်)နှင့် ပေါင်းစပ်ဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံခွဲ(ချောက်)နှင့် ပေါင်းစပ်ဆောင်ရွက်လိုသည့် စိတ်ဝင်စားသူလုပ်ငန်းရှင်များအား ၁၇-၇-၂၀၁၃ရက် နောက်ဆုံးထားပြီး ဆက်သွယ်ရန် ဖိတ်ခေါ်အပ်ပါသည်။

စက်ရုံ၏အချက်အလက်အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၃၊ ၀၆၇-၄၀၈၁၉၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တည်နေရာ** - ရေတွင်းကျေးရွာအနီး၊ ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး၊
**အကျယ်အဝန်း** - ၁၇၈ဒသမ ၉၉ဧက

---

### ယာဉ်ပိုင်ရှင် လာရောက်ဆက်သွယ်ရန်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း အနင်းရိုးချောင်းပတ်လမ်း၌ ယာဉ်ရပ်နားကွင်းပြုလုပ်ရန် မြေသားပြုပြင်ခြင်း၊ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် ၎င်းနေရာရှိ ကာလကြာရှည်စွာရပ်နားထားသည့် ယာဉ်အမှတ်(၆က/၄၆၄၀)၊ ဟီးနိုးခရီးသည်တင်ယာဉ် ယာဉ်ပိုင်ရှင်အနေဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း စည်ပင်သာယာကွပ်ကဲမှုရုံး အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းသို့ လာရောက်ဆက်သွယ်ရန်နှင့် ဆက်သွယ်ခြင်းမရှိပါက ဌာနအစီအစဉ်ဖြင့် ဖယ်ရှားသွားမည်ဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပါက ယာဉ်ပိုင်ရှင်၏တာဝန်သာဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**စည်ပင်သာယာကွပ်ကဲမှုရုံး**
**အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၁-၆၃၆၉၁၅**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**

### တီဘီရောဂါအထူးကုဆေးရုံကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ တီဘီရောဂါအထူးကုဆေးရုံကြီးတွင် လာရောက်ကုသနေသောလူနာများအား ဆေးကုသမှုပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၆-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၇-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**ဆေးရုံအုပ်ကြီးရုံး**
**တီဘီရောဂါအထူးကုဆေးရုံကြီး**
**ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၂-၅၇၄၇၀၊ ၀၂-၅၇၀၁၄**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်တည်ဆောက်မည့် ၂၃၀ကေဗွီ ဓာတ်အားလိုင်းများအတွက်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) ACSR, OPGW and Accessories of ACSR & OPGW ပစ္စည်းများ
(၂) ရွာမ-လှိုင်သာယာ ၂၃၀ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းအတွက် လိုအပ်သော ဓာတ်အားလိုင်းပစ္စည်းများ

**တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၂၅-၆-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၅-၇-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဧရာဝတီတိုင်းဒေသကြီး**
**တံတားအထူးအဖွဲ့(၁၂)၊ ဂုံညင်းတန်းရိပ်သာ၊ ဖျာပုံမြို့**

### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**တင်ဒါအမှတ်/၁ (၂၀၁၃-၂၀၁၄)**

ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၁၂)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့်တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါလိုအပ်သောပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ပေးသွင်းရမည့်နေရာ |
|---|---|---|---|
| ၁။ | မြစ်ကျောက်စရစ် (ကွန်ကရစ်လုပ်ငန်းသုံးရန်) | (၁၃၄)ကျင်း | စက်ဆန်းချောင်းတံတား<br>ပန်ခချောင်းတံတား<br>ပွဲနိဝချောင်းတံတား |
| ၂။ | မြစ်သဲ (ကွန်ကရစ်လုပ်ငန်းသုံးရန်) | (၇၀)ကျင်း | |
| ၃။ | တောသစ်(ခွဲသား) | (၁၅) တန် | |
| ၄။ | ဝရိန်ချောင်း (No-10)5Kg | (၁၀၇) ထုပ် | |

တင်ဒါပိတ်မည့်ရက်/အချိန် - ၆-၇-၂၀၁၃ရက်၊ ၁၂း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - တံတားအထူးအဖွဲ့(၁၂)
တင်ဒါဖွင့်မည့်ရက်/အချိန် - ၆-၇-၂၀၁၃ရက်၊ ၁၄း၀၀နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၂၅-၆-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**တံတားအထူးအဖွဲ့(၁၂)**
**ဂုံညင်းတန်းရိပ်သာ၊ ဖျာပုံမြို့၊**
**ဖုန်း-၀၉-၈၅၈၆၉၇၅**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မြဝတီမြို့နယ်၌ ဘာသာပေါင်းစုံ ချစ်ကြည်စွာနေထိုင်ရေးဆွေးနွေး

**မြဝတီ ဇွန် ၂၄**

မြဝတီခရိုင် မြဝတီမြို့နယ်ရှိ ဘာသာပေါင်းစုံ အေးချမ်းစွာ အတူယှဉ်တွဲ ချစ်ကြည်စွာနေထိုင်ရေး ဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၂၂ ရက်က မြဝတီမြို့နယ် စေတနာ နာရေးလူမှုကူညီရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က အမှာစကားပြောကြား၍ မြို့နယ်သာသနာရေးဦးစီးမှူးဦးမျိုးကိုဆွေးက ဆွေးနွေးတင်ပြခဲ့ပြီး စေတနာ နာရေးလူမှုကူညီရေးအသင်းခေါင်းဆောင် ဦးလှထွန်းက ဘာသာပေါင်းစုံ အေးချမ်းစွာအတူယှဉ်တွဲ ချစ်ကြည်စွာနေထိုင်ရေး ဆွေးနွေးပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ဗုဒ္ဓဘာသာ ဘာသာရေးခေါင်းဆောင်၊ အစ္စလာမ်ဘာသာရေးခေါင်းဆောင်နှင့် ခရစ်ယာန် ဘာသာရေးခေါင်းဆောင်၊ မြဝတီမြို့ရှိ မြို့မိမြို့ဖတို့က ဆွေးနွေးတင်ပြကြသည်။ ထို့နောက် တောင်ကလေးဆရာတော်က ဆွေးနွေးတင်ပြချက်များအပေါ် ဩဝါဒစကားမြွက်ကြားခဲ့ကြောင်း သိရသည်။ **နဒီမြင့်မိုရ်(မြဝတီ)**

# မိုးရာသီသစ်ပင်စိုက်ပွဲ ဟားခါး၌ကျင်းပ

**ဟားခါး ဇွန် ၂၄**

ချင်းပြည်နယ်၏ ၂၀၁၃ ခုနှစ် (စတုတ္ထပတ်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ ရက် နံနက် ၇ နာရီက ဟားခါးမြို့ ကျောဘုတ်ရပ်ကွက်ရဲကင်းအနီး၌ ကျင်းပသည်။ ရှေးဦးစွာ ချင်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဟောက်ခင်းခမ်တို့က သတ်မှတ်နေရာများ၌ စတင်စိုက်ပျိုးပြီး သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသော ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဒေသခံပြည်သူများက စုစုပေါင်း အပင် ၁၈၀၀ ကို သတ်မှတ်နေရာ၌ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ပြည်နယ်ပြန်/ဆက်)**

# ဒုတိယနှစ်ဝက် သင်တန်းများဖွင့်

**ရန်ကုန် ဇွန် ၂၄**

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဒုတိယနှစ်ဝက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ အဆိုပါကောလိပ်၌ ကျင်းပရာ ကျောင်းအုပ်ကြီးဦးညဏ်လင်းမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

**တက်ရောက်**

သင်တန်းများသို့ နယ်စပ်ဒေသများမှ ပထမနှစ် ဝိဇ္ဇာကျောင်းသား ၃၉ ဦးနှင့် သိပ္ပံကျောင်းသား ၂၀၅ ဦး၊ ပထမနှစ် အေဂျီတီအိုင်ကျောင်းသား ၁၃၉ ဦး၊ ဒုတိယနှစ် ဝိဇ္ဇာကျောင်းသား ၄၀ နှင့် သိပ္ပံကျောင်းသား ၁၅၉ ဦးတက်ရောက်ကြသည်။

ယင်းကောလိပ်များမှ ကျောင်းဆင်းပြီး ကျောင်းသား ၂၄၂၂ဦးသည် နယ်စပ်ဒေသတိုင်းရင်းသားနယ်မြေများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ကုတ်မြို့နယ်၌ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်

**တောင်ကုတ် ဇွန် ၂၄**

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးခြင်းအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က အမှာစကားပြောကြားပြီးနောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး မြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်နွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များကိုပေးအပ်ရာ ကန်းဒေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြည်အေးနှင့်တောင်သူများက လက်ခံယူခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ရွာမ(တိုးချဲ့) ၂၄၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၏ ဓာတ်ငွေ့ပိုက်လိုင်းနှင့် Gas Station တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောသဘာဝဓာတ်ငွေ့ ထိန်း/ဖြန့်ပစ္စည်းများ၊ ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၆-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၅-၇-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| (က) | ၃၀/မမ(CMO) | ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများ(၁၈၃)မျိုး |
| (ခ) | ၃၁/မမ(S&T) | ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ(၁၉)မျိုး (UHF, VHF,Transceiver & Repeater ,48V DC Charger , 48 V DC Solar Charger Regulator, Singal Post & Accessories) |
| (ဂ) | ၃၂/မမ(CME) | မီးသတ်ဆေး(၄)မျိုး (၇၀၄)ဗူး |
| (ဃ) | ၃၃/မမ (ဌာနအသီးသီး) | ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂပစ္စည်း(23) Items (Computer, Printer, Copier, Air Con:, Type Writer, ငွေရေစက်, ကတ္တား, မီးခံသေတ္တာ, Aluminium ဘီရို , Bench 4 Seat Fiber, မီးအားမြှင့်စက် 3000 Watt, Projector, Fax Machine အပါအဝင်ပစ္စည်း) |
| (င) | ၃၄/မမ (CE) | တိုင်း(၅)တောင်ငူ နယ်မြေရှိ ဆင်သေဘူတာ အရောက်( 1" x 1½" ) လမ်းခင်းကျောက် (၃၆၀၀)ကျင်းဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - ၂၃.၇.၂၀၁၃ (အင်္ဂါနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၂၁.၆.၂၀၁၃ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၄င်းဌာနသို့မေးမြန်း နိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည်/တည်နေရာ |
|---|---|---|
| ၁ | | တိုင်း(၁)မြစ်ကြီးနား |
| | ၃၅/မမ/CE | - မိုးကောင်းဘူတာတွင် ကြိုတင်လက်မှတ်ရုံ ဆောက်လုပ်ခြင်း၊ |
| | ၃၆/မမ/CE | - မြစ်ကြီးနားဘူတာတွင် ကြိုတင်လက်မှတ်ရုံ ဆောက်လုပ်ခြင်း၊ |
| | ၃၇/မမ/CE | - ပြည်ထောင်ဘူတာတွင် ဝန်ထမ်းနေအိမ်(၂)ခန်းတွဲ(၁)လုံး ဆောက်လုပ်ခြင်း၊ |
| | ၃၈/မမ/CE | - ထိုပူးဘူတာတွင် ဝန်ထမ်းနေအိမ်(၂)ခန်းတွဲ(၁)လုံး ဆောက်လုပ်ခြင်း၊ |
| | ၃၉/မမ/CE | - ဆားမှော်ဘူတာတွင် ဝန်ထမ်းနေအိမ်(၂)ခန်းတွဲ(၁)လုံး ဆောက်လုပ်ခြင်း၊ |
| ၂ | | တိုင်း(၂)ရွာထောင် |
| | ၄၀/မမ/CE | - ရေဦးဘူတာတွင် အငယ်တန်းအင်ဂျင်နီယာ(၂)သံလမ်းရုံး ဆောက်လုပ်ခြင်း၊ |
| | ၄၁/မမ/CE | - နမ်းခမ်း-ဘုံချောင်းကြားတွင် ၄-ပေ Span Slab တံတား ဆောက်လုပ်ခြင်း၊ |
| | ၄၂/မမ/CE | - နမ်းခမ်း-ဘုံချောင်းကြားတွင် ၆-ပေ Span Slab တံတား ဆောက်လုပ်ခြင်း၊ |
| | ၄၃/မမ/CE | - သာလှိုင်း-ဝက်လက်ကြား တံတားအမှတ်(၆၂) ၃-ပေ Arch တံတား မွမ်းမံခြင်း၊ |
| ၃ | | တိုင်း(၃)မန္တလေး |
| | ၄၄/မမ/CE | - ရွှေကြက်ယက်ဘူတာအသစ် တည်ဆောက်ခြင်း၊ |
| | ၄၅/မမ/CE | - မြို့ဟောင်းမီးရထားပိုင်မြေအား အုတ်တံတိုင်းကာရံခြင်း၊ |
| ၄ | ၄၆/မမ/CE | တိုင်း(၄)ကလော၊ နယ်မြေရှိသာစည်-လှိုင်းတက်ကြား ကားလမ်းကူးတွင် ဂိတ်စောင့်နေအိမ်(၂)ခန်းတွဲ(၁)လုံး ဆောက်လုပ်ခြင်း |
| ၅ | | တိုင်း(၅)တောင်ငူ |
| | ၄၇/မမ/CE | - ပျဉ်းမနားဘူတာ စက်ခေါင်းရုံ ရေရရှိရေးအတွက် ၆-လက်မ အဝီစိတွင်းတူးခြင်း၊ Pump House, Ground Tank ဆောက်လုပ်ခြင်းနှင့် ၂-လက်မ PVC Pipe(၂၅၀)ပေ သွယ်တန်းခြင်း၊ |
| | ၄၈/မမ/CE | - ကျည်တောင်ကန်-ဖြုတ်ခွဲကြား ကားလမ်းကူးတွင် ဂိတ်စောင့်နေအိမ်(၂)ခန်းတွဲ(၁)လုံး ဆောက်လုပ်ခြင်း၊ |
| | ၄၉/မမ/CE | - လော-သာဝတ္တိကြား ကားလမ်းကူးတွင် ဂိတ်စောင့်နေအိမ်(၂)ခန်းတွဲ(၁)လုံး ဆောက်လုပ်ခြင်း၊ |
| | ၅၀/မမ/CE | - ပျော်ဘွယ်ဘူတာတွင် ရထားရဲဝန်ထမ်း နေအိမ်(၂)ခန်းတွဲ(၁)လုံး ဆောက်လုပ်ခြင်း၊ |
| ၆ | ၅၁/မမ/CE | တိုင်း(၈)မော်လမြိုင်၊ နယ်မြေရှိ သထုံဘူတာ အကြီးစားပြုပြင်ခြင်း |

တင်ဒါပိတ်မည့် နေ့/အချိန် - ၈.၇.၂၀၁၃(တနင်္လာနေ့ )(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၄.၆.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့မေးမြန်းနိုင်ပါသည်။ ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းတောင့်၊ဗိုလ်တထောင်မြို့နယ် ၊ရန်ကုန်မြို့၊ဖုန်း -294352,291994

မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)၏ လစဉ်ဝိပဿနာ

## တရားစခန်းဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘညဏ်လမ်း၊ အမှတ် ၈၈၈ ရှိ ဓမ္မရသတရားရိပ်သာဓမ္မာရုံကြီးတွင် လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယချုပ် ဆရာကြီးဦးသန်း၏တပည့်များ အနီးကပ်ညွှန်ပြပို့ချအပ်သော ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ၁-၇-၂၀၁၃ရက်မှ ၉-၇-၂၀၁၃ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများ ဖုန်း-၅၉၅၀၈၀၊ ၀၉-၇၃၀၀၈၅၂၈တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**လယ်တီမူအနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်**
**(၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်**

လူထုအိတ်ဆောင်စာစဉ်များ "ပညာရေးပြုပြင်ပြောင်းလဲမှု မလုပ်လျှင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီရှေ့ဆက်နိုင်မည် မဟုတ်ပါ။"
ကျောင်းတွင်းဒီမိုကရေစီ (တတိယအကြိမ်)
ပမာသစ်နှင့်ပညာသစ် ဦးသန့်
လောကနီတိ (ပါဠိ၊မြန်မာ၊အင်္ဂလိပ်၊ပျို့) ပဥ္စဂံစာတည်းအဖွဲ့
မြန်မာနိုင်ငံပညာရေးနှင့်ဒီမိုကရေစီ ဒေါက်တာသိန်းလွင်(NLD ပညာရေးကွန်ယက်)
၂၁ ရာစုပညာရေး ဒေါက်တာသိန်းလွင် (NLD ပညာရေးကွန်ယက်)
ပဥ္စဂံစာအုပ်တိုက် အမှတ်၁၆၇(မြေညီ)၊၃၅လမ်း(လယ်)၊ကျောက်တံတား၊ရန်ကုန်။ ဖုန်း ၀၁ ၃၇၇၀၆၁

# လင်းခေး – မိုင်းပန် – တာဆန်းလမ်းများ ဆက်သွယ်သွားလာမှုအခင်ပြေ

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေး-မိုင်းပန်-တာဆန်းသွားလမ်းသည် တောင်ကြီး-လွိုင်လင်-နမ့်စန် တာချီလိတ်သွား ပြည်ထောင်စုလမ်းမကြီး၏ နမ့်စန်မြို့မှ ၅၂/၀ မိုင်လမ်းခွဲတစ်ခု ဖြစ်သည်။ ယခင်က နမ့်စန်လင်းခေးမှမိုင်းပန်-တာဆန်း- မိုင်းတုံ-မိုင်းဆတ်-တာချီလိတ်သို့ မော်တော်ယာဉ်များ ညအိပ်ခရီး အနည်းဆုံးသုံးလေးရက်ကြာ ရပ်နားပြီးမှ သွားလာမှု ပြုကြရသည်။ တောင်ကြီးမှ လာသော ကုန်တင်ကားကြီးများအနေဖြင့် လင်းခေးတွင် တစ်ညအိပ် ရပ်နားပြီး နောက်တစ်ရက် လင်းခေး-မိုင်းပန် ၃၁ မိုင်သာဝေးသော်လည်း မိုင်းပန်မြို့တွင် ဆက်လက်တစ်ညအိပ် ရပ်နားရကာ မိုင်းတုံ၊ တာချီလိတ်သို့ ခရီးဆက်ခဲ့ကြရကြောင်း၊ အဝေးပြေး ကုန်ကား၁၀ဘီး၊ ၁၂ ဘီး ကားမောင်း ဒရိုင်ဘာများနှင့် ကုန်ကူးသန်း ရောင်းဝယ်သူများကပြောကြားသည်။

"လွန်ခဲ့တဲ့နှစ် ၂၀ အထိ မိုးတွင်းအခါ ဒီလမ်းတွေ သွားနိုင်ဖို့ မလွယ်ကူတဲ့အတွက် ကားကိုရပ်နားထားခဲ့ရတာရှိသလို နမ့်စန်-ကွန်ဟိန်း-ကျိုင်းတုံ ပြည်ထောင်စုလမ်းမဘက်မှ လှည့်သွားကြရတာများပါတယ်၊(4WHEEI) TRANSFER တွေမှ မဟုတ်ရင် ဒီလမ်းကို မောင်းနှင်သွားလာနိုင်ဖို့ အတွက် ကားဘီးတွေကို ချိန်းကြိုးတွေ အသေအချာပတ်ရစ်ထိန်းချုပ်ပြီး မောင်းနှင်ခရီးဆက်ကြရပါတယ်၊ ယာဉ်အန္တရာယ်နဲ့ခရီးသည်တွေ အသက်အန္တရာယ်နဲ့ မကြာခဏ ဆိုသလို ကြုံတွေ့ခဲ့ကြရတဲ့လမ်းကြောင်းတစ်ခုဖြစ်ပါတယ်။ အခုဆို ကျွန်တော်တို့

နှစ်ရက်တည်းနဲ့ ကျိုင်းတုံ-တာချီလိတ်မြို့တွေကို လင်းခေး-မိုင်းပန်လမ်းကနေ အလွယ်တကူ သွားလာနိုင်နေပါပြီ"ဟု ကုန်သည်အချို့နှင့် ၁၂ ဘီးကုန်တင်ကားကြီးများ မောင်းနှင်သူများက ပြောပြသည်။

ယခုအခါ နိုင်ငံတော်အစိုးရသစ်လက်ထက် တောင်ပေါ်မြေပြန့်မကျန် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူကာ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်နှင့် မြို့နယ်ခွဲများ၌ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပေးလျက် ရှိနေပြီဖြစ်သည်။

ထို့အပြင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၅)မှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်ကစတင်ကာ အသစ်ဖောက်လုပ်နေပြီဖြစ်သည့် လင်းခေးခရိုင် မိုင်းပန်မြို့နယ် မိုင်းပန်-မုံးထ-မုံးထော် သွားလမ်းအသစ်သည်လည်း မကြာတော့မည့်ကာလအတွင်း လင်းခေးခရိုင်နှင့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုများသာမက မိမိတို့နိုင်ငံသားအားလုံးအတွက် ပိုမိုကောင်းမွန်သော ကူးလူးဆက်ဆံသွားလာနိုင်မည့် လမ်းကြောင်းများပင် ဖြစ်သည်။ ဇွန် ၁၅ ရက်က လင်းခေး-မိုင်းပန်-တာဆန်းလမ်းအဆင့်မြှင့်ပြုပြင်ခင်းကျင်းခြင်း လုပ်ငန်းများ၊ လင်းခေး-မိုင်းပန်(၆၂/၅)၊ (၆၂/၀)၊ မိုင်းပန်-တာဆန်း (၁၀၁/၅)၊ (၁၀၃/၂) နေရာများနှင့် မိုင်းပန်မြို့နယ် (မိုင်းပန်-မုံးထ-မုံးထော် လမ်းအသစ်ဖောက်လုပ်ခြင်း)တစ်ကြောင်းထိုး လမ်းဖောက်လုပ်သည့် ၃၁ မိုင် ၄ ဖာလုံ မိုင်တိုင် ၁၀/၅၊ ၉/၇ နေရာများရှိ လုပ်ငန်းခွင်များသို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများထံ ကွင်းဆင်းလေ့လာမှုများကို ရေးသားဖော်ပြလိုက်ရပေသည်။

**စိုင်းဇော်လတ်(လင်းခေး)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# စားသုံးသူ ကာကွယ်စောင့်ရှောက်ရေး ဥပဒေပေါ်ပေါက်လာရေး ဟောပြော

**ရန်ကုန် ဇွန် ၂၄**

ကုလသမဂ္ဂအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် နိုင်ငံတကာအစိုးရများက ပူးပေါင်းဆောင်ရွက်ရန် သဘောတူထားသည့် လမ်းညွှန်မှုများဖြစ်သော စားသုံးသူများဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းနှင့် ၎င်းတို့၏အခွင့်အရေးများနှင့် သက်ဆိုင်သော အသိပညာများတိုးတက်ဖွံ့ဖြိုးရန် ရည်ရွယ်သည်။ စားသုံးသူများ၏ အမြင်၊ နိုင်ငံတကာအတွေ့အကြုံများဖြင့် ပိုမိုထိရောက်သော စားသုံးသူကာကွယ်စောင့်ရှောက်ရေးဥပဒေ ပေါ်ပေါက်လာနိုင်ရန်အတွက် ဆွေးနွေးပွဲကျင်းပခဲ့ရာ ဒေါက်တာတင်အောင်ရွှေက စားသုံးသူများ အခွင့်အရေးနှင့်တာဝန်ဝတ္တရားများ၊ ဦးသန်းမောင် (Senior Associate, Advocate, Kelvin Chia Yangon Law Firm) က စားသုံးသူများ ကာကွယ်ရေးနှင့် မြန်မာ့လက်ရှိဥပဒေအနေအထား၊ ဦးနှင်းဦး (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)က စားသုံးသူကာကွယ်စောင့်ရှောက်မှု အခြေအနေ၊ ဒေါက်တာညိုညိုသင်းက ပြည်ပနိုင်ငံများရှိ စားသုံးသူများ ကာကွယ်စောင့်ရှောက်မှု ဥပဒေဆိုင်ရာ အခြေအနေတို့ကို ဟောပြောဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

## ညနေပိုင်း ထမင်း / ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအားထမင်းနှင့်ဟင်းချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## နေပြည်တော်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်၊ ပျဉ်းမနား(သပြေတောင်)တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|---|
| ၁။ | နေပြည်တော်၊ ပျဉ်းမနား (သပြေတောင်) | (၁)ထပ်အိပ်ဆောင် (၁၂၀' × ၂၅'×၁၂') (၆၀)ဦးဆံ့ RCC Building (ရေမီးလုပ်ငန်းအပါအဝင်) | ၂လုံး |
| ၂။ | နေပြည်တော်၊ ပျဉ်းမနား (သပြေတောင်) | စားရိပ်သာ (၆၀'×၃၀'×၁၀')(၆၀)ဦးဆံ့ Brick Masonary Building (ရေမီးလုပ်ငန်းအပါအဝင်) | ၁လုံး |
| ၃။ | နေပြည်တော်၊ ပျဉ်းမနား (သပြေတောင်) | Common W.C(၂၀'×၁၀'×၈') Brick Masonary Building (၈)ခန်းတွဲရေလောင်းအိမ်သာ | ၁လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၃ရက်မှ ၁၉-၇-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၂၀-၇-၂၀၁၃ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ လျှောက်လွှာများလက်ခံခြင်းနှင့် အိတ်ဖွင့်တင်ဒါဖောက်ကြေညာခြင်းအား တစ်ရက်တည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက်သတ်မှတ်တင်ဒါ အာမခံကြေးကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက တင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ပေးသွင်းပြီး လုပ်ငန်းအလိုက် သတ်မှတ်အိတ်ဖွင့်တင်ဒါ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း) ဖြစ်ပါသည်။

၅။ ကြော်ငြာအပြည့်အစုံ၊ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်၊ အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်း၊ အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို www.moi.gov.mm/mrtv, www.moi.gov.mm/mrtv:zg တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အဆောက်အအုံထိန်းသိမ်းရေးဌာနစိတ် ဖုန်း-၀၆၇-၇၉၃၇၇နှင့် ဝယ်ယူရေးဌာနစိတ် ဖုန်း-၀၆၇-၇၉၁၃၅တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## နေပြည်တော်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဟသ်ာတ၊ မန်ဟီးရိုး၊ မိုင်းယု(၁၀၅)မိုင် ရုပ်/သံထပ်ဆင့်လွှင့်စက်ရုံတို့တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁။ | လွှင့်စက်ရုံ(၃၀'×၂၀'×၁၂')အဆောက်အအုံ(Brick Masonary) |
| ၂။ | မီးစက်ရုံ(၁၀'×၁၀'×၉')အဆောက်အအုံ Brick Nogging |
| ၃။ | (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၄၀'×၂၀'×၉') (Brick Masonary) |
| ၄။ | ဝင်းခြံကာရံခြင်းလုပ်ငန်း(၂၀၀'×၂၀၀'×၆') ကွန်ကရစ်တိုင် သွပ်ဆူးကြိုးဖြင့် ဝင်းတံခါးအပါအဝင် |
| ၅။ | ရေရရှိရေးလုပ်ငန်း အုတ်ရေတွင်း (၃'Ø၃၀')အနက် တူးဖော်ခြင်းလုပ်ငန်းနှင့်အုတ်ရေကန်ပြုပြင်ခြင်းလုပ်ငန်း(၄'-၀×၃'-၀×၃'-၆") |
| ၆။ | မီးရရှိရေးလုပ်ငန်း ၈၀၀' ဓာတ်တိုင် (၅)တိုင်စိုက်ရန် မီးသွယ်တန်းခြင်းလုပ်ငန်း |
| ၇။ | တာဝါဖောင်ဒေးရှင်းလုပ်ငန်း(1Mx1Mx1M) ကွန်ကရစ်ဖောင်ဒေးရှင်း (၈)ခုပြုလုပ်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၃ ရက်မှ ၁၉-၇-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၂၀-၇-၂၀၁၃ ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ လျှောက်လွှာများလက်ခံခြင်းနှင့် အိတ်ဖွင့်တင်ဒါဖောက် ကြေညာခြင်းအား တစ်ရက်တည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍တင်ဒါတင်သွင်းလိုပါက တင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ပေးသွင်းပြီး လုပ်ငန်းအလိုက် သတ်မှတ်အိတ်ဖွင့်တင်ဒါ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း) ဖြစ်ပါသည်။

၅။ ကြော်ငြာအပြည့်အစုံ၊ အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်းအသေးစိတ်၊ အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်း၊ အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို www.moi.gov.mm/mrtv, www.moi.gov.mm/mrtv:zg တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုသော အချက်များကို အဆောက်အအုံထိန်းသိမ်းရေးဌာနစိတ် ဖုန်း-၀၆၇-၇၉၃၇၇နှင့် ဝယ်ယူရေးဌာနစိတ် ဖုန်း-၀၆၇-၇၉၁၃၅တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ချမ်းသာလမ်း၊ တိုက်အမှတ် (၆)၊ အခန်း (၃)၊ ပထမထပ် (ဝဲဘက်ခြမ်း)ဟုခေါ်တွင်သော တိုက်ခန်းကို ဝယ်ယူမည်ဖြစ်ကြောင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်ခင်အေးကြွယ် (၁၄/ဟသတ(နိုင်)၀၅၉၅၆၇) ပိုင်ဆိုင်သော အထက်ပါတိုက်ခန်းအား ရောင်းချသူမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာပါသဖြင့် ဝယ်ယူရန်စရန်ငွေပေးချေပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့အထောက်အထားအစုံအလင်ဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။

ကြေညာထားသည့်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်စမ်းစမ်းအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၈၂)**

တိုက်-၉/၁၁၊ အခန်း(၁၀၁-A)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၉၃ ၁၉၅၂၇

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်တော် ဦးအောင်ကျော်၊ အမှတ်၁၉၉၊ ဗဟိုလမ်း၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူမှ ဒေါ်ကြည်ကြည်စိန် ၁၂/ကမတ(နိုင်) ၀၂၁၂၃၆အား ၁၇-၃-၂၀၁၁ရက်က ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄၆၄၈/ ၂၀၁၁)ဖြင့် အထွေထွေကိုယ်စားလှယ်စာ လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ကျွန်တော့်အနေဖြင့် ဒေါ်ကြည်ကြည်စိန်အား ကိုယ်စားလှယ်လွှဲအပ်လိုခြင်း မရှိတော့ပါ၍ အထက်ပါလွှဲအပ်သော အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ကြည်ကြည်စိန်အနေဖြင့် အထက်ပါ ကိုယ်စားလှယ်လွှဲစာအား အသုံးပြု၍ ကျွန်တော့်ကိုယ်စား ဆောင်ရွက်ပိုင်ခွင့်မရှိတော့ပါကြောင်းနှင့် ပြုလုပ်လာပါကလည်း တရားမဝင်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

**ဦးအောင်ကျော် ၁၂/စခန(နိုင်)၀၁၅၆၅၀**
**အမှတ် ၁၉၉၊ ဗဟိုလမ်း၊ လင်းလွန်း(မြောက်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

## မောင်ဇော်မင်းဝင်း ၁၂/ဆကခ(နိုင်)၀၁၅၈၉၃ (ယခုနေရပ်လိပ်စာမသိ)အား
## သိရှိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဝါရွှေစင်ကုမ္ပဏီလီမိတက် စီမံရေးရာမန်နေဂျာ ဦးလှမြင့်၏လွှဲအပ်ချက်အရ ကြေညာအပ်သည်မှာ-

လွန်ခဲ့သော တစ်နှစ်ခန့်က ဝါရွှေစင်ကုမ္ပဏီလီမိတက်တွင် ယာဉ်မောင်းနှင့်ဝန်ထမ်းအုပ်ချုပ်ရေးလက်ထောက်တာဝန်ခံ(၂)အဖြစ် လုပ်ကိုင်ခဲ့သူ မောင်ဇော်မင်းဝင်းသည် ကုမ္ပဏီပိုင်ငွေကျပ် ၁၅သိန်းအား ကုမ္ပဏီသို့ပေးအပ်ရန်ရှိပါလျက် ပေးအပ်ခြင်းမရှိဘဲ ရှောင်တိမ်းသွား၍ အဆိုပါငွေကျပ်(၁၅)သိန်းကို ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်၏အမှုသည်ထံဖြစ်စေ ဆောလျင်စွာ ပြန်လည်ပေးအပ်ပါရန် အသိပေး ကြေညာအပ်ပါသည်။သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်ပေးအပ်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဝါရွှေစင်ကုမ္ပဏီလီမိတက်၏လွှဲအပ်ချက်အရ-**
**ဦးစိုးတင့်**
**ဥပဒေအကျိုးဆောင်နှင့်ဥပဒေအကြံပေး**
**တိုက် ၁၀/၁၂၊ ပထမထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၄၀၂၂**

မှုခင်းသတင်းနှင့်ဆောင်းပါး

# မေလတွင်းမူးယစ်ဆေးဝါးဖမ်းဆီးအရေးယူမှု

၂၀၁၃ ခုနှစ် မေလအတွင်း နိုင်ငံတစ်ဝန်း ဘိန်း ၆၄ မှု၊ အလေးချိန် ၁၁၈ ဒသမ ၅၆၁၇ ကီလို၊ ဘိန်းဖြူ ၁၅၁ မှု၊ အလေးချိန် ၂ ဒသမ ၈၁၁၄ ကီလို၊ ဘိန်းဆီခဲ ကိုးမှု၊ အလေးချိန် ၀ ဒသမ ၉၉၆၅ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၉ မှု၊ အလေးချိန် ၉ ဒသမ ၆၇၅ ကီလို၊ ဆေးခြောက် ၁၁မှု၊ အလေးချိန် ၄ ဒသမ ၅၆၉၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅ မှု၊ ၃၂၀၇၁၈ ပြား၊ ဘိန်းစာမှုန့် ခြောက်မှု၊ အလေးချိန် ၀ ဒသမ ၂၅၂ ကီလို၊ ဆူဒိုအက်ဖီဒရင်းပါဆေးပြား လေးမှု၊ ၅၄၇ ဒသမ ၅၅၁ ကီလို၊ ထရာမဒေါလ် သုံးမှု၊ ၄၀၄၁၅ တောင့်၊ ဘိန်းရည်-မှု၊ ၁၀၀ ဒသမ ၆၆ လီတာ၊ အိုက်စ်တစ်မှု ၃၁ ဒသမ ၁၈ ကီလို၊ ဒိုင်ယာဇီပင်ဆေးပြား နှစ်မှု ၃၄၉ ပြား၊ ကဖင်းတစ်မှု ၃၀၅၀ ကီလို၊ အက်ဖီဒရင်းတစ်မှု ၇ ဒသမ ၅ ကီလို၊ အယ်လ်ပရာဇိုလမ်-မှု ၁၄ ပြား၊ COSEDYL ဆေးရည် တစ်မှု၊ ၂၈ ဒသမ ၈ လီတာ၊ အခြားနှစ်မှု မှတ်ပုံတင်ပျက် ခုနစ်မှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၃၉၇ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၄၄၂ ဦး၊ မ ၁၀၂ ဦး စုစုပေါင်းတရားခံ ၅၄၄ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

မေလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများအနက် ထူးခြားဖြစ်စဉ်များမှာ-

ဧပြီ ၂၈ ရက်တွင် တားဆီးနှိမ်နင်းရေးပူးပေါင်းဆောင်ရွက် အဖွဲ့သည် ကန်ပက်လက်မှ မတူပီသို့ ယာဉ်မောင်း အားတီမောင်းနှင်ပြီး ရှောက်စန်းနှင့် ဘူမနားတို့ လိုက်ပါလာသည့် ၃က/--- တိုယိုတာဟိုင်းလပ် SURF ယာဉ်အား ဆတောင်တဲရွာနှင့်ဆပေါင်ပီးရွာကြားတွင် ရှာဖွေရာ ဆူဒိုအက်ဖီဒရင်းအာနိသင်ပါဆေးပြား ၃၆၅၀၀၀၀၊ အလေးချိန် ၄၀၀ ကီလိုကို သိမ်းဆည်းရမိခဲ့သည်။

မေ ၆ ရက်တွင် တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ အဝင် မိုင်တိုင်အမှတ် ၇၈/၅တွင် ကွတ်ခိုင်မြို့နယ် တာမိုးညဲကျေးရွာမှ မန္တလေးသို့ ယာဉ်မောင်းကျော်ဦး မောင်းနှင်လာသည့် ၈က/--- ယာဉ်ပေါ်ပါ ခရီးသည်လှလှဌေး(မ)၏ စောင်အိတ်နှစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

မေ ၇ ရက်တွင် တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် ကလေးမြို့ စန်းမြို့ရပ်ကွက် မြို့ပတ်လမ်းမပေါ်၌ လားလ်လော်ကျွမ်း(ခ) လော်မာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဆာလာအိတ်အတွင်းမှ ဆူဒိုအက်ဖီဒရင်းဆေးပြား ၉၀၀၀၀၊ အလေးချိန် ကိုးကီလိုကို သိမ်းဆည်းရမိခဲ့သည်။

မေ ၇ ရက်က တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် တာမွေ(၄)ရပ်ကွက် Super One Market ရှေ့သို့ ရောက်ရှိလာသူ သန်းသန်းဝင်းနှင့်သီဟအောင်တို့ နှစ်ဦးကို ရှာဖွေရာ သန်းသန်းဝင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၊ လက်ကိုင်ဖုန်းတစ်လုံး၊ သီဟအောင်(ကျား)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈ပြား၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိပြီး သန်းသန်းဝင်းနေထိုင်သည့် ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက် ကွက်သစ် လမ်း မ/၁၄ သုံးလွှာ(ယာ)နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀ နှင့် မေ ၈ရက် နံနက် ၁ နာရီ ၄၅ မိနစ်က သီဟအောင်(ကျား) ငှားရမ်းနေထိုင်သည့် တာမွေကြီးမြို့နယ် တာမွေကြီး က+ဂ ရပ်ကွက် ၁၅၅ လမ်း မ-၁၂/၁၄ ငါးလွှာ(ယာ)နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

မေ ၁၂ ရက်တွင် တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ ရပ်ကွက်(၃) ကျင်ဖုလမ်းသွယ်နေ ကျန်းဖာချန်း၏ နေအိမ်ကို ရှာဖွေရာ မကောက်ကျွမ်းရင်နှင့် လီလောက်ချန်တို့အားတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၇၃၁၂၀၊ မက်သာအဖက်တမင်းဆေးပြား ၁၄၇၆၀၊ မက်သာအဖက်တမင်းအမှုန့် ၉ ဒသမ ၉ ကီလို၊ တရုတ်နိုင်ငံလုပ် ပစ္စတိုတစ်လက်၊ ယင်းကျည်ကတ်တစ်ခု၊ ကျည် ငါးတောင့်၊ တရုတ်ဖုန်းနှစ်လုံး၊ ဆေးပြားရေတွက်စက် တစ်ခုနှင့်ကီလိုချိန်ခွင်တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။ မေ ၁၈ ရက်တွင် တားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် ပင်လယ်ဘူးမြို့နယ် မန္တီရွာအဝင်တွင် ဖိုးလှ(ခ)ဝင်းမောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးပြီး ရှာဖွေရာ ဘိန်းဖြူ ၁၁ ဂရမ်ပါ ဆပ်ပြာခွက်တစ်ခွက်ကို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ ဖမ်းဆီးရမိဘိန်းဖြူများအား ဝန်းသိုမြို့ မြနန္ဒာရပ်ကွက်နေ ဖိုးတုတ်(ခ)သူရထွန်း(ကျား)မှ ရောင်းချခိုင်း၍ သယ်ဆောင်လာကြောင်း သိရှိရသဖြင့် ဖိုးတုတ်(ခ) သူရထွန်း၏ နေအိမ်အား ရှာဖွေရာ ဘိန်းဖြူ ၁၁ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၂၁ ခွက် စုစုပေါင်း ဘိန်းဖြူ ၂၃၁ ဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

မေ ၂၁ ရက်က တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် ၄၅ ကုန်းအမှတ်(ဟ-၁၇/၂၉၆)နေ ကျိန်ကျူခွင်(ခ) ကျော်နိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ကျိန်ကျူခွင်(ခ) ကျော်နိုင်နှင့် လိကျင်(ခ)လိဟယ်တို့ကို တွေ့ရှိပြီး ဘိန်းဖြူခဲ ၁၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။ **(သတင်းစဉ်)**

# ရွှေထည်ပစ္စည်းများနှင့် ငွေများခိုးယူသူနှစ်ဦး ဖမ်းဆီးရမိ

**သန်လျင် ဇွန် ၂၄**

သန်လျင်မြို့ ကညင်ပင်လမ်းမကြီး ကညင်ပင်ကျေးရွာ ဘုရားကုန်းကျေးရွာ အုပ်စုရှိမဝင်းဝင်းဆွေ(၃၈နှစ်)သည် မေ ၁၀ ရက်က နေအိမ်၌ရှိနေစဉ် သံသေတ္တာအတွင်း ထားရှိသောပစ္စည်းများ ပျောက်ဆုံးနေကြောင်းတွေ့ရှိရသဖြင့် စစ်ဆေးကြည့်ရာ ရွှေထည်၊ စိန်ထည်နှင့်ငွေသားအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၆၃ သိန်းဖိုးခန့် ပျောက်ဆုံးနေသဖြင့် ဇွန် ၁၃ ရက်တွင် ရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်း သိရသည်။

သန်လျင်ရဲစခန်းမှ အမှုစစ်စခန်းမှူး ဒုရဲမှူးတင်လှက စစ်ဆေးဆောင်ရွက်၍ ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ရာ ဇွန် ၁၅ ရက်က မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာကျေးရွာတွင် ရောက်ရှိနေသော ဝေဖြိုး(၃၇နှစ်)၊ မြင့်မြင့်အေး(၃၅နှစ်)သုံးခွမြို့အနောက်ကျေးရွာတွင် နေထိုင်သူတို့ နှစ်ဦးအား **(အောက်ပုံ)**သန်လျင်ရဲစခန်းမှ ဒုရဲအုပ် အောင်နိုင်နှင့်အဖွဲ့က ဖမ်းဆီးရမိသဖြင့် အမှုစစ်နှင့်အဖွဲ့က စစ်ဆေးရာ ၄င်းတို့နှစ်ဦးထံက မြန်မာငွေစက္ကူ ရေရာ ငွေကျပ် ၇၆၀၀၀၀နှင့် လက်ကောက် တစ်ကွင်း၊ နားကွင်း တစ်ရန်၊ တရုတ်နိုင်ငံလုပ် လော့ဂျာ ၁၁၀ ဆိုင်ကယ်တစ်စီး၊ ဘက်ထရီ ၁၂ ဗို့ တစ်လုံး၊ ရှစ်သိန်းတန် အိတ်တစ်လုံး၊ အင်ဗာတာ ငါးရာဗို့တစ်လုံး၊ ငါးပေ သုံးလက်မခန့်ရှိ ဆိုလာပြားတစ်ပြားတို့ကို သက်သေများရှေ့မှောက်တွင် ပေးအပ်သဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး ကျန်ရှိသက်သေခံပစ္စည်းများ သိမ်းဆည်းနိုင်ရန် အမှုစစ်စခန်းမှူး ဒုရဲမှူးတင်လှက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တံတားကျော်လွင်**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၄)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သံလွင်တံတား(ဖားဆောင်း)နှင့် ပွန်ချောင်းတံတား(ဘောလခဲ) တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါတည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းစာရင်း | အရေအတွက် |
|---|---|---|
| 1 | Bentonite | 150 တန် |
| 2 | Wire Nail | 622 ပိဿာ |
| 3 | Thin Sheet | 400 ချပ် |
| 4 | Binding Wire | 4000 ပေါင် |
| 5 | Carbite Bit | 5800 ခု |
| 6 | 5 Ply Wood(8'-4") | 500 ချပ် |
| 7 | Carbite holder | 800 ခု |
| 8 | Welding Rod(5kg) | 600 ပါကင် |

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၉-၇-၂၀၁၃ ရက်မှ ၁၄-၇-၂၀၁၃ ရက်အထိ

**တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်နှင့်အချိန်** - ၁၅-၇-၂၀၁၃ ရက် မွန်းလွဲ ၁၃း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဘောလခဲခရိုင်၊ ဘောလခဲမြို့၊ ဖုန်း-၀၉-၃၁၁၁၆၆၅၉၊ ၀၁-၁၂၉၃၈၇၄

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့(၄) သံလွင်တံတား(ဖားဆောင်း) စီမံကိန်းဝင်းအတွင်း ၁-၇-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် ဇွန်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

**"Marketing Management Course for Entrepreneurs"**

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** - ၂၆-၆-၂၀၁၃ ရက်မှ ၃-၇-၂၀၁၃ ရက်အထိ (ညနေပိုင်း၊ ရှစ်ရက်သင်တန်း)

**သင်တန်းကြေး** - ၃၀၀၀၀ (ကျပ်သုံးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန်** - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ) ဖုန်း-၅၂၂၈၇၅၊ ၅၂၂၈၇၆

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# အမှတ်(၃) သတ္တုတွင်းလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်အရန်ပစ္စည်းများ၊ မင်ဆေးများ၊ စက္ကူနှင့် စာရေးကိရိယာများ၊ ဘက်ထရီ၊ တာယာ၊ စက်ဆီ၊ ချောဆီ၊ မော်တော်ယာဉ်အပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ ၈-၇-၂၀၁၃ ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များ ဝယ်ယူခြင်း၊ ဈေးနှုန်းလွှာတင်သွင်းခြင်း၊ အသေးစိတ်အချက်အလက်များစုံစမ်းခြင်းကို သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ် (၃) သတ္တုတွင်းလုပ်ငန်း၊ ဝယ်ယူရေးနှင့် ထောက်ပံ့ရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၇ နှင့် ဆက်သွယ်ရယူနိုင်ပါသည်။

**ကြိမ်းခင်းဈေးတွက်ချက်ရေးနှင့် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ်(၃) သတ္တုတွင်းလုပ်ငန်း**

# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးဦးစီးဌာန
# ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ကျောက်ဆည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအတွက် လိုအပ်သည့်ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းကြရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၄-၇-၂၀၁၃ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၇-၇-၂၀၁၃ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အထွေထွေရောဂါကုဆေးရုံကြီး**
**ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၆၆-၅၀၃၄၅၊ ၀၉-၃၃၀၂၆၄၁၆**

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကောလင်းသစ်ထုတ်ရေး၊ အင်းပုဒ်ကုန်းကျေးရွာနေ ဦးသောင်းရွှေ-ဒေါ်ပြားတင်တို့၏သား မောင်သန်းဇော်ဝင်း ၅/ဝသန(နိုင်)၀၅၃၃၅၆သည် မိဘများအား စိတ်မချမ်းမြေ့အောင် အမျိုးမျိုးပြုလုပ်သည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝအား လုံးဝ တာဝန်ယူမည်မဟုတ်ပါ။

**ဦးသောင်းရွှေ-ဒေါ်ပြားတင်**

# စက်မှုဝန်ကြီးဌာန
# ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား (CIF, YGN) နိုင်ငံခြားငွေ(US$)(သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Freeze Dryer | 2 Nos |
| (ခ) | Fluid Bed Dryer including Lifting device | 1 Set |
| (ဂ) | Comminuting Mill | 1 Set |

၂။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | High Performance Liquid Chromato graphy | 1 No |
| (ခ) | အအေးခန်းကား (10'x5'- 4" x 5') | 2 Nos |
| (ဂ) | Bio Chemical and Instrumental Lab Equipment | 1 Lot |
| (ဃ) | ကြွက်လှောင်အိမ် (13"x6"x5") (Polypropylene) | 1000 Nos |
| (င) | Stainless Steel Milipore Holder With Pressure Tank | 1 Set |
| (စ) | Grinding Machine | 1 No |
| (ဆ) | Mixer | 1 No |
| (ဇ) | Extruder | 1 No |
| (ဈ) | Dispenser for Hepatltis "B" Vaccine Plant | 1 Set |

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၆-၆-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၇-၂၀၁၃ရက် ညနေ ၄း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆**
**Fax No.၀၆၇-၄၀၈၀၉၅**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ခရေလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၃၆၊ ဧရိယာ ၀ဒသမ ၀၅၅ဧက၊ စတုရန်းပေ ၂၄၀၀ရှိ မြေအမျိုးအစား၊ နှစ် ၆၀ ဂရန်မြေဟုခေါ်တွင်သည့် မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဗိုလ်စီ ၁၂/ဒဂန(နိုင်)၀၁၂၂၂၄နှင့် ဒေါ်မြင့်မြင့်မူ ၁၂/သကတ(နိုင်)၀၉၅၀၄၂တို့မှ အမည်ပေါက်ပိုင်ဆိုင်ထားသောပစ္စည်းဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်လှိုင် LL.B ဒေါ်ခင်မာနွယ် LL.B,D.B.L ဒေါ်ဌေးဌေးဝင်း LL.B,D.I.L**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၇၃၇၉၂၊ ၀၁-၅၄၀၈၁၄**

နယ်သတင်းနှင့် လူမှုရေးကြော်ငြာများ

# ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ကွန်ဒုံးသုံးစွဲရေး စီမံချက်ရှင်းလင်း

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ခုခံကျ ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ဦးတည်အုပ်စုများတွင် ကွန်ဒုံးသုံးစွဲရေးစီမံချက်ရှင်းလင်းပွဲကို ဇွန် ၁၉ ရက် နံနက် ၈ နာရီခွဲက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဒေသန္တရကျန်းမာရေးဌာနမှ ဒေါက်တာငြိမ်းငြိမ်းစိုးက မြို့နယ်ကျန်းမာရေးဦးစီးမှူးကိုယ်စား မြို့နယ်အတွင်း ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် အဖွဲ့ခေါင်းဆောင် ဒေါက်တာပြည့်စုံက ဦးတည်အုပ်စုများတွင် ကွန်ဒုံးသုံးစွဲရေးစီမံချက် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)မှ ဒေါက်တာနီနီခိုင်က ကွန်ဒုံးသုံးစွဲမှုစီမံချက်ကို ထပ်ဆင့်ရှင်းလင်းရာ တက်ရောက်လာသော လူမှုရေးအဖွဲ့အစည်းများက ပြန်လည်ဆွေးနွေးမေးခွန်းများကို ဒေါက်တာနီနီခိုင်က ပြန်လည်ဖြေကြားသည်။ တက်ရောက်လာသော ရပ်ကွက်(၂၀)မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများသို့ လိုအပ်သူများ အသုံးပြုနိုင်ရန် ကွန်ဒုံးများ လိုသရွေ့ပေးအပ်သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ရောဝတီမြစ်ကမ်းပါးပြိုကျ၍ နေအိမ်များ ပြောင်းရွှေ့

**နေပြည်တော် ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် နိဗ္ဗာန်ကျွန်းကျေးရွာအရှေ့ဘက်ရှိ ဧရာဝတီမြစ်ကမ်းပါး အနည်းငယ်ပြိုကျလျက်ရှိသဖြင့် မြစ်ကမ်းပါးနှင့် ပေ ၄၀ ခန့်ဝေးသည့် လူနေအိမ်ခုနစ်လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတို့ကို ဖျက်သိမ်းပြောင်းရွှေ့ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇွန် ၁၄ရက် နံနက် ၉နာရီက လူနေအိမ်သုံးလုံးမှာ ယာယီပြောင်းရွှေ့သွားပြီး ကျန်နေအိမ်လေးလုံးနှင့် ဘုန်းတော်ကြီးကျောင်းမှာ ဖျက်သိမ်းဆဲဖြစ်ကာ ကျောင်းထိုင်ဆရာတော် ယာယီသီတင်းသုံးရန်အတွက် ယာယီတဲကျောင်း ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ကမ်းပါးပြိုကျမှုနှင့် ကင်းလွတ်နေရာသို့ ပြောင်းရွှေ့ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ကျေးရွာရပ်မိရပ်ဖများ ညှိနှိုင်းဆွေးနွေးခဲ့ရာ မင်းဘူးမြို့နယ် မန်ကျီးကျေးရွာအုပ်စု ထုံမကြီးတွင် မြေလွတ်မြေရိုင်းကွင်းအမှတ်၁၂၇သို့ ပြောင်းရွှေ့လိုကြောင်း တင်ပြချက်အရ ကျေးရွာမြေနေရာရရှိရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ကိုကိုရူပ)**

# ပိုင်ရှင်မဲ့ကျွန်းသစ်လုံးများ ဖမ်းဆီး

**ဂန့်ဂေါ ဇွန် ၂၄**

ဂန့်ဂေါမြို့နယ်တွင် တရားမဝင်သစ်များ ရှာဖွေသိမ်းဆည်းခြင်းကို သစ်တောဦးစီးဌာနမှ စစ်ကြောင်းအသွင်ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဂန့်ဂေါခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းကျော်၊ တောအုပ်ကြီး ဦးသန်းဌေးတို့ပါဝင်သည့်အဖွဲ့သည် ဇွန် ၉ ရက်က ဇီးပြားကျေးရွာအနီးရှိ ကြိုးပြင် ၂၇ တွင် ကျွန်းသစ်လုံး ၆၁ လုံး ၁၇ ဒသမ ၂၂ တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။ **(အပေါ်ပုံ)** **(၁၀၁)**

# တွန်းဇံ၌ ပထမဆုံးအထက်တန်းကျောင်းခွဲဖွင့်

**တွန်းဇံ ဇွန် ၂၄**

ပညာရေးဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း တွန်းဇံမြို့နယ်၌ အထက်တန်းကျောင်းခွဲ ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၁၁နာရီက တွန်းဇံမြို့ ဖိုင်တူကျေးရွာ အလက၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အခြေခံပညာ အထက်တန်းကျောင်းခွဲ ဖိုင်တူရွာ ဆိုင်းဘုတ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တွန်းဇံမြို့နယ်တွင် အထက်တန်းကျောင်းခွဲတစ်ကျောင်းနှင့် မူလတန်းလွန်ကျောင်းနှစ်ကျောင်း တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ထက်၊ လယ်၊ မူကျောင်းပေါင်း၅၉ကျောင်းရှိကြောင်း သိရသည်။ **သျှင်နေမင်း**


# (၃၆)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးထွန်းကြွေ B.Ag နှင့် ချစ်မေမေ ဒေါ်ဆန်းရီ (ရွှေလဝင်း ကားပစ္စည်းဆိုင်၊ ကလေးမြို့)တို့၏ ၂၅-၆-၂၀၁၃ရက်တွင်ကျရောက်သော (၃၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုမင်္ဂလာရက်မြတ်တိုင် ချစ်သား၊ ချစ်သမီး၊ ချစ်မြေးများနှင့်အတူ ဘဝတွင် ပျော်ရွှင်ချမ်းမြေ့ခြင်း၊ ပြည့်စုံခြင်း၊ အောင်မြင်ခြင်းကိုပိုင်ဆိုင်သော မိသားစုဖြစ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်...

**ချစ်သား၊ ချစ်သမီး၊ ချစ်မြေးများ-**

**ကိုငြိမ်းကျော်ထက် (B.Sc-Phy) -မသင်းသင်းကြွေ (B.A His)**
**(ရွှေရည်အိမ် ကားပစ္စည်းရောင်းဝယ်ရေး)**
**ကိုနိုင်လင်းထွန်း (B.Sc- Phy) -မသင်းသင်းအေး (B.Sc - Phy)**
**(တက်နေရှိန် ကားပစ္စည်းရောင်းဝယ်ရေး)**
**ကိုရန်နိုင်ထွန်း (B.Sc-Eng) -မနှင်းယုယုထွေး (B.A Eng)**
**(ရွှေလဝင်း ကားပစ္စည်းရောင်းဝယ်ရေး)**
**မောင်ခန့်ဇေထက်၊ မောင်ရဲရင့်ထက်၊ မရွှေရည်ထက်၊ မောင်ပြည့်ဖြိုးဟိန်း၊ မသဲစုရတီ**


# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၄)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သံလွင်တံတား (ဖားဆောင်း)နှင့် ပွန်ချောင်းတံတား(ဘောလခဲ) တည်ဆောက်ခြင်းလုပ်ငန်းများအတွက်လိုအပ်သည့် သံချောင်းကို အောက်ဖော်ပြပါစာရင်းအတိုင်း မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းစာရင်း | အရွယ်အစား | အရေအတွက် |
|---|---|---|---|
| 1. | M.S Rod | ø 25mm | 135.17 Ton |
| | | ø 20mm | 9.13 Ton |
| | | ø 16mm | 16.77 Ton |
| | | ø 12mm | 24.82 Ton |
| | | ø 10mm | 6.3 Ton |

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၉-၇-၂၀၁၃ ရက်မှ ၁၄-၇-၂၀၁၃ ရက်အထိ
**တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်နှင့်အချိန်** - ၁၅-၇-၂၀၁၃ ရက် မွန်းလွဲ ၁၃:၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဘောလခဲခရိုင်၊ ဘောလခဲမြို့၊
ဖုန်း-၀၉-၃၁၁၁၆၆၅၉၊ ၀၁-၁၂၉၃၈၇၄

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့(၄) သံလွင်တံတား(ဖားဆောင်း)စီမံကိန်းဝင်းအတွင်း ၁-၇-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြည်ထောင်စုရှေ့နေချုပ်ရုံး
# ကြော်ငြာစာအမှတ် ၁/၂၀၁၃ လျှောက်လွှာများခေါ်ယူခြင်း

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့တွင် လစာနှုန်း(၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရရှိသော ဥပဒေအရာရှိ အဆင့်(၄) ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်-

၂။ လျှောက်ထားသူသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနိမ့်ဆုံး ဥပဒေဘွဲ့**(LL.B)** ရရှိပြီးသူဖြစ်ရမည်။
- (ဂ) ၃၀-၆-၂၀၁၃ ရက်နေ့တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)ထက် မကြီးသူဖြစ်ရမည်။
- (ဃ) မဟာဥပဒေဘွဲ့ **(LL.M)** ရရှိသူဖြစ်ပါက အသက်(၃၂)နှစ်ထက် မကြီးသူဖြစ်ရမည်။
- (င) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

၃။ စာမေးပွဲကြေး ၅၀၀ိ/-(ကျပ်ငါးရာတိတိ)ကို မြို့နယ်များရှိ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ မြို့နယ်ဥပဒေရုံး ငွေစာရင်းခေါင်းစဉ်သို့လည်းကောင်း၊ ရန်ကုန်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅)၌ ငွေစာရင်းအမှတ် **အမ်ဒီ-၀၂၃၅၆၆** သို့ လည်းကောင်း ပေးသွင်းရမည်။

၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံတစ်စောင်ကို စာမေးပွဲအတွက် ငွေသွင်းချလန်မူရင်းပြ၍ ခရိုင်ဥပဒေရုံးများတွင် ၅၀၀ိ/-(ကျပ်ငါးရာတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ (ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ နှစ်စောင်ဝယ်ယူရပါမည်။)

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည် -
- (က) ဥပဒေဘွဲ့၊ မဟာဥပဒေဘွဲ့ လက်မှတ်မိတ္တူများ ပူးတွဲတင်ပြရမည်။ (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်)
- (ခ) စာမေးပွဲဝင်ကြေးပေးသွင်းထားသည့် ငွေချလန်မူရင်း။
- (ဂ) အသက်အတွက် အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူမှန် ပူးတွဲတင်ပြရမည်။ (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်)
- (ဃ) ပြင်ပပုဂ္ဂိုလ်များအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြန်တမ်းဝင်အရာရှိ နှစ်ဦး၏ ၁-၇-၂၀၁၃ ရက်နေ့နောက်ပိုင်းထောက်ခံသည့် ထောက်ခံချက်မူရင်း။
- (င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူမှန်။

၆။ လျှောက်လွှာပိတ်ရက်သည် ၁၇-၇-၂၀၁၃ ရက် ညနေ ၄:၃၀ နာရီဖြစ်သည်။

၇။ လျှောက်ထားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက လျှောက်လွှာကို မိမိလျှောက်လွှာထုတ်ယူခဲ့ရာ ခရိုင်ဥပဒေရုံးသို့ လူကိုယ်တိုင် ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ရက်ထက် မကျော်လွန်စေဘဲ အရောက်ပေးပို့ရမည်။

၈။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုနိုင်သော ဌာနဆိုင်ရာ အကြီးအကဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်သို့လည်းကောင်း၊ ကျန်လျှောက်လွှာတစ်စောင်ကို မိမိလျှောက်လွှာထုတ်ယူခဲ့သည့် သက်ဆိုင်ရာ ခရိုင်ဥပဒေရုံးသို့လည်းကောင်း သတ်မှတ်ရက်ထက် မကျော်လွန်စေဘဲ ပြန်လည်အရောက်ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် **၂၀၁၃ ခုနှစ်၊ ဩဂုတ် ဒုတိယပတ်**အတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျင်းပမည့်နေ့ရက်၊ အချိန်နှင့် နေရာတို့ကို သတင်းစာများ၌ အချိန်မီကြိုတင်ကြေညာပါမည်။ တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များ ဖြေဆိုရပါမည် -
- (က) မြန်မာစာ
- (ခ) အင်္ဂလိပ်စာ
- (ဂ) အထွေထွေဗဟုသုတ
- (ဃ) ဥပဒေဘာသာရပ်(၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံအက်ဥပဒေ)

၁၁။ စည်းကမ်းနှင့်မကိုက်ညီသော (သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရပါမည်။

၁၃။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၁၄။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် အနည်းဆုံး ငါးနှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

## ဌာနဆိုင်ရာနှင့်လူမှုရေးကြော်ငြာများ

### ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
### ရုံးသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ရုံးသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံး စက်ကိရိယာများကို အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

1. Hand Pallet Truck (2 Tons) — 2 NMB
2. Pallet Truck — 2 NMB
3. MITSUBISHI Air Con; Split Type (1.5 HP) — 9 NMB
4. **ရွက်ထိုးစက်** — 1 NMB
   2 Unit Sheetfed Offset Brand; HEIDELBERG, Model; SM 74-2
   Max; Printing Speed-13000sph, Max; Sheet Size-740x530mm
   Thickness-0.03~0.06 mm, Max; Image Size-740x510 mm
   Country of Origin-Germany
5. Digital Colour Laser Printer (A 3) — 2 NMB
   Colour & Black-up to 20 ppm, Processor Speed-540 MHZ
   Resolution-600 x 600dpi (Colour & Black)A3 Max Print
   Memory Max-448 MB, Functions-Print
6. Riso — 4 NMB
   Printing methods-fully automatic stencil printing
   Scanning Area (max)-297 mmx435mm
   Print Paper Size-100mmx148 mm-297 mm x 420 mm
   Printing Area (max)-297 mm x 435 mm
   Resolution-Scanner: 300 dpi x 300 dpi, Print image:300dpi x 300dpi
   Print Speed-60 ppm, 90 ppm, 130 ppm
7. Duplo ($B_4$) — 4 NMB
   Resolution-300 x 360 dpi,
   Reduction/Enlargement-Zoom 60%. -154%
   Print Area (Max)-Max B4, Print Speed-60-90 Shts/minute
   Loading Capacity-500 Sheets
8. Duplo (A3) — 2 NMB
   Resolution-300 x 600 dpi
   For book type original & sheet original use
   Reduction/Enlargement-Zoom 50 % - 200%
   Book Shadow Eraser, Print Area-A3
   Print speed-60-120 Sheets/minute, Loading Capacity-1000 Sheets
9. Capacitor Bank
   (a) For 300 KVA — 3 NMB
   (b) For 315 KVA — 1 NMB
   (c) For 330 KVA — 1 NMB
   (d) For 500 KVA — 1 NMB
   (e) For 1000 KVA — 1 NMB
10. Stand Fan — 8 NMB
11. Air Con; Split Type (2 H.P) — 3 NMB
12. Personal Computer — 12 SETS
    Intel Core i7, View Sonic LCD 19",1 TBHDD, 4 GB RAM, DVD RW
    UPS-650 W, Multimedia Speaker, Keyboard, Mouse (with USB Optical)
    Mother Board-ASUS
13. Personal Computer — 2 SETS
    Intel Core i7, View Sonic LCD 22", 1 TBHDD,6 GB RAM, DVD RW
    UPS-650 W, Multimedia Speaker, Keyboard, Mouse (with USB Optical)
    Mother Board-ASUS
14. Fax Phone (Panasonic) — 3 NMB
15. Copier (Digital Copier A3 164), Bizhub 164 — 9 NMB
16. Scanner A4 (Canon LIDE-110) — 4 NMB
17. Printer (Canon LBP 6000) — 4 NMB
18. UPS-650 W (Power Three) — 2 NMB
19. Router — 12 NMB
20. (a) Server — 3 NMB
    Dell Power Etge R 910, 2 Exnon, Processor, 4U Rack
    (b) Window Server Software (USD 1000) — 1 NMB
21. Branded Computer, Dell Computer Studio XTS, Processor 417 — 10 NMB
22. (a) Client Computer 417, Memory 4 G, XGB, 1 GB — 15 NMB
    DVD, 19" LCD, UPS, Multimedia, Speaker, Keyboard & Mouse
    (b) Application Software — 1 LOT
23. On Line UPS 10 KVA — 3 NMB
24. Laptop, Toshiba Settlelite Pro R 850, Processor 415, 15" LCD — 7 NMB
25. 12 Ports Switch — 10 NMB
26. 24 Ports Switch — 3 NMB
27. 19" Rack — 2 NMB
28. Cat 5/6 Cable — 100 NMB
29. Cable Tester 2 Clip — 5 SETS
30. RJ-45 Clip — 200 NMB
31. Accessories — 1 LOT
32. Media Converter — 5 SETS
33. E.1 to Ethinet Connector — 2 SETS
34. Junk Label A9 Size (19 x 50 mm) — 1 NMB
    **(စာအုပ်များတွင် Bar Code Label ကပ်ရန်)**

၂။ အိတ်ဖွင့်တင်ဒါများကို ၂၄-၆-၂၀၁၃ ရက်မှ ၈-၇-၂၀၁၃ ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၈-၂၀၁၃ ရက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

## ရှင်လန်းချမ်းမြေ့ပါစေ

**ဒေါ်စန္ဒာ** (Executive Director, Myat Nan Yone Hotel)
(Myat Nan Yone Financial Services Co., Ltd.)

- တပည့်တွေအပေါ် မိခင်စိတ်အပြည့်အဝပေး၍ သားသမီးသဖွယ် စောင့်ရှောက်တတ်သော အစ်မ။
- တပည့်များအပေါ် ချိုသာသောအပြုံးနှင့် အမြဲတမ်း စိတ်ချမ်းသာမှုများကိုသာ ပေးတတ်သော အစ်မ။
- တပည့်များကို လူတော်လူကောင်းလေးများဖြစ်လာအောင် အမြဲသွန်သင်ဆုံးမ ပဲ့ကိုင်ပြုပြင်ပေးတတ်သော အစ်မ။

အစ်မရဲ့ ၂၅-၆-၂၀၁၃ ရက်မှာ ကျရောက်သော မွေးနေ့ မင်္ဂလာမှသည် နောင်နှစ်ပေါင်း (၁၂၀) တိုင်အောင် ဦးချိုမြင့် (MD - မြင့်မိသားစု ကုမ္ပဏီလီမိတက်၊ မြတ်နန်းယုံ ကုမ္ပဏီလီမိတက်)နှင့်အတူ ချမ်းမြေ့သာယာသော ဘဝခရီးလမ်းကို လျှောက်လှမ်းရင်း မြတ်နန်းယုံဟိုတယ်ကြီး ဆတက်ထမ်းပိုး တိုးတက်အောင် ဆက်လက်ဦးဆောင်နိုင်ပါရန်နှင့် ဘာသာ သာသနာအကျိုးများစွာကို ယခုထက်ပို၍ သယ်ပိုးထမ်းရွက် နိုင်ပါစေရန် ချစ်ခင်လေးစားစွာဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ချစ်တပည့်များ**
**မြတ်နန်းယုံမိသားစု(နေပြည်တော်)**
**ရန်ကုန်ရုံးချုပ်**

## Happy Birthday Aunty Sandar

တူ-တူမများအပေါ် သူငယ်ချင်းလို၊ အန်တီလို၊ အမေလို ပေါင်းသင်းတတ်တဲ့၊ လိုအပ်တာမှန်သမျှကို ပြည့်စုံအောင်ဖန်တီးပေးပြီး ဂရုစိုက်တတ်တဲ့၊ တူ-တူမတွေ ပြောစရာမလိုအောင် အရမ်းအလိုက်သိ အရမ်းချစ်တတ်တဲ့ အန်တီစန္ဒာရဲ့ ၂၅-၆-၂၀၁၃ ရက်မှာ ကျရောက်တဲ့မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် အန်တီ့ကိုသိပ်ချစ်တဲ့ ဦးလေး(ဦးချိုမြင့် MD မြင့်မိသားစု ကုမ္ပဏီလီမိတက်၊ မြတ်နန်းယုံကုမ္ပဏီလီမိတက်)နှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလျက်-

**ချစ်တူမများ - မေငြိမ်းသူ၊ ဝတ်ရည်အောင်၊ နန္ဒာလင်း၊ ကြည်ဖြူဇော်မိုး၊ ခင်ဖြူဇော်မိုး၊ ယဉ်မင်းအေး၊ မြတ်ဆုမွန်**
**တစ်ဦးတည်းသောချစ်တူလေး - ဝေယံရဲရင့်**

**Better Life**
ECSC Education & Career Supporting Centre
JLPT N1 to N5
တန်းခွဲသစ်များဖွင့်ပြီ
ဂျပန်နိုင်ငံနှင့်ထိုင်းနိုင်ငံတွင်ပညာသင်ကြားလိုသူများ၊
Scholarship ရလိုသူများအတွက် ဝန်ဆောင်မှုများပေးနေပါပြီ။
Better Life Education & Career Supporting Centre
No.410,411 4th Fl, La Pyayt Wun plaza, Dagon Tsp,Yangon. Tel: 01-382529

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၉-၅-၂၀၁၃ ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၀)ပါအများသိစေရန် ကြေညာခြင်းကြော်ငြာတွင် ဦးတင်စိန် ပိုင် ခေါင်းရင်းဘက်ခြမ်း မြေအလျား (၁၂ ၁/၂'× ၂၅')အား (၁၂ ၁/၂'×၅၀') ဟု ပြင်ဆင် ဖတ်ရှုပါရန်။

**သွေးသည်အသက်**

## ကြော်ငြာ


ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကက-၁၃/၀၉/၀၀၈

# ဂုဏ်ထူးဦးသိန်းနိုင်

## ကိုယ်ပိုင်အထက်တန်းကျောင်း

အတင်းပူဆာကြသဖြင့် ခက်ခက်ခဲခဲ စီစဉ်ဖွင့်လှစ်ပေးလိုက်ပါသည်။

- ဒသမတန်း နွေတက်အထူးတန်းခွဲတစ်ခွဲတည်းသာ။ **ဇူလိုင် (၁) ရက်ဖွင့်မည်**
- ဂုဏ်ထူးမြန်မာစာ စာစီစာကုံးအထူးတန်းခွဲ။ **ဇူလိုင် (၇) ရက် ဖွင့်မည်**

မှတ်ချက် – စည်းကမ်းလိုက်နာနိုင်သူ၊ ကြိုးစားသင်ယူလိုသူများသာ တက်ရောက်ပါရန်

ဂုဏ်ထူးမြန်မာစာ – အမှတ် (၁၈၈)၊ ဆိပ်ကမ်းသာလမ်း (လှစ္စလမ်းအလယ်)၊ ရန်ကုန်မြို့။
ကိုယ်ပိုင်အထက်တန်းကျောင်း – မြေအမှတ် (၂၈–A/B)၊ ကုန္တိတံအိမ်ရာ၊ Orange Supermarket ညာဖက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။ Ph : 553418, 375505, 570022, 09-5012611, 09-5024041



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၃ ပညာသင်နှစ် တောင်ငူတက္ကသိုလ်နှစ်လည်မဂ္ဂဇင်း ပုံနှိပ်ခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါအတွက် ၈-၇-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ တင်ဒါပုံစံများတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၅၄-၂၄၀၀၁၊ ၂၄၀၀၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နှစ်လည်မဂ္ဂဇင်းကော်မတီ၊ တောင်ငူတက္ကသိုလ်



ကလေးနာမည်ပေး

ကွန်ပျူတာပုရောဟိတ်

တိုစက္ကူဇာတာအားအပြည့်အစုံစစ်ဆေးပေးနိုင်
ဟောစာတမ်း(၃၄)မျက်နှာ/ကလေးနာမည်(၁၅၀)ကျော်
0931079394 095179128
၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်



ဖြန့်ချိရေးလုပ်ငန်းရှင်များအတွက်အထူးသင့်လျော်သော

မော်တော်ယာဉ်ခရီးသွားလမ်းမှတ်တမ်းစနစ်

**Vehicle Tracking System** (Real-Time/ Offline)

Complete with GPS + Map

MAPS

Available

GPS : Garmin, NAVA

အကျိုးကျေးဇူးထူးများ

- မိမိကားများဘယ်လမ်းသွားခဲ့လဲသိနိုင်မယ်။ ကားတစ်စီးချင်း၏ခရီးစဉ်ကို Analyse လုပ်လို့ရလို့ ဆီကုန်ကျမှုနှုန်းကို အတိအကျတွက်လို့ရမယ်။
- ကားလမ်းကြောင်းတွေ ထပ်နေတာ ပေါ်ပေါ် ထင်ထင်မြင်လာရမယ်။
- ကားတစ်စီး တစ်နေ့ ဘယ်လောက်ခရီးသွားသလဲ ဆိုတာကိုသူ့ရဲ့ Milage မီတာနဲ့ ပြန်တိုက်ကြည့်လို့ရမယ်။
- ဒီကား ဘယ်သွားရပ်နေလဲ သိရမယ်။
- Real-time System နဲ့ဆိုကားရောက်နေတဲ့နေရာကို sms နဲ့လည်းကောင်း Internet မှလည်းကောင်း မြေပုံပေါ်ချက်ချင်းကြည့်လို့ရမယ်။
- မြန်မာတစ်ပြည်လုံးဘယ်သွားသွားကြည့်လို့ရမယ်။



165, 35 St.(Middle), KTDA Tsp., Yangon. Tel: 20 40 20, 24 52 30, 20 42 00, 0950-30177, 700541 ,www.dpsmap.com
Email: admin@dpsmap.com

GPS ငှားရမ်းပေးသည်။ တစ်ရက် ၉၀၀၀/ကျပ်သာ



သာကေတမြို့နယ်၊ ရှုခင်းသာလမ်းမကြီး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝင်းအတွင်းရှိ

# HTET OO MARITIME TRAINING INSTITUTE

**Whole Package** စနစ်ဖြင့် မျက်စိစစ်၊ ဆေးစစ်ခြင်းများ၊ **BST**နှင့် **Pre-Sea** သင်တန်းများတက်ရောက်ခြင်း၊ **CDC / Passport** လျှောက်ထားခြင်းများကို (၅)လ အတွင်း ပြီးမြောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေပါပြီ။ သင်တန်းကာလ (၂)ခုအတွင်း **နေ့လယ်စာ** နှင့် **Coffee** ကို အခမဲ့ကျွေးမွေးမည်ဖြစ်ပါသည်။

**D.M.A**အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသော ဝါရင့်ရေယာဉ်မှူး ၊ အင်ဂျင်နီယာမှူး အရာရှိအရာခံနှင့် ဆရာများ ကိုယ်တိုင် ကြီးကြပ်လျက် -

၁။ **BST (4 Tickets)**
၂။ **Tanker Familiarization Course (T.F)(Oil, Chemical, Liquefied Gas)**
၃။ **Pre-sea Course (Deck)** ၄။ **Pre-sea Course (Engine)**

တို့ကို ဖွင့်လှစ်နေပြီဖြစ်သဖြင့် စာရင်းပေးသွင်းနိုင်ပါသည်။

**နောက်ဖွင့်မည်သင်တန်းသစ်**

၅။ **Deck Officer Class I & II (Mate & Master Combined )**

**သင်တန်းလက်စံဌာန**

(၁) သာကေတမြို့နယ်၊ ရှုခင်းသာလမ်းမကြီး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘော ဆိပ်ကမ်းဝင်း အတွင်းရှိ ထက်ဦးသင်္ဘောသားသင်တန်းကျောင်း
**Ph/Fax:01-544562,098553104,Email: htetoo.maritime@gmail.com**
(၂) အမှတ်-က/၁၆၈၊ ဒေါပုံသင်္ဘောကျင်းလမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်။
**Ph: 09 421154222**



ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၆-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၇) ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် မြေတိုင်းရပ်ကွက်အမှတ် (၁၂၀/၃၀၆) အစား (၁၂၈/၃၀၆)ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန် အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



☎:01-512443, 09-73017656

သန့်စင်ပြီး ပွဲတော်အုပ် အရောက်ပို့

ရွှေဘို ပေါ်ဆန်းမွှေး – Ks 38000
မုံရွာ ပေါ်ဆန်းမွှေး – Ks 33000
ဗျာဆုံ ပေါ်ဆန်းမွှေး – Ks 30000



# ဂုဏ်ထူးဦးသိန်းနိုင်

✦ စာစီစာကုံးအထူးတန်းခွဲသစ် ဖွင့်ပေးဦးမည်။ **ဇူလိုင် (၇) ရက်**
အတင်းပူဆာ၍ မဖြစ်မနေ ခက်ခက်ခဲခဲ စီစဉ်ပေးလိုက်ရသော

✦ ဒသမတန်း နွေတက်အထူးတန်းခွဲသစ်

စည်းကမ်းလိုက်နာနိုင်မှ တက်ပါ။

ဇူလိုင် (၁) ရက် ဖွင့်မည်

★ ဂုဏ်ထူးမြန်မာစာ – အမှတ် (၁၈၈)၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။
★ ဂုဏ်ထူးဦးသိန်းနိုင်ကျောင်း – အမှတ် (၂၈ / A-B)၊ ကုန္တိတံအိမ်ရာ (Orange Supermart) နှင့် ညာဖက်ကပ်လျက်။
ဖုန်း – ၃၇၅၅၀၅၊ ၅၅၃၄၁၈၊ ၅၇၀၀၂၂၊ ၀၉–၅၀၁၂၆၁၁၊ ၀၉–၅၀၂၄၀၄၁



ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၅၁၄၁၇ Honda C90 H Custom ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးလွင် ၉/မနတ(နိုင်)၀၀၅၈၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့



နန္ဒင်းလုံးဆေးလုံး ပျို့မေတို့အစဉ်သုံး၊ ဇေကမ္ဘာနန္ဒင်းလုံး၊

ကေမ္ဘာ

သွေးသားသန့်ရှင်းရောဂါကင်းအသားအရေစိုပြေဆေး

အမှတ်–၂၈၊ မြောက်ဖက်တန်း(အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။ ဖုန်း–၅၄၉၁၁၆

1010YR001475



# ☆ STYLE ☆

Design & Tailoring Training Centre
Dozo Fashion Technical School
ကျောင်းဆင်း Myanmar Young Designer ဆုရ
**မမေလွင်ဇေယျာ**

ကိုယ်တိုင်ခေတ်မီဂျပန်စင်တီမီတာနည်းဖြင့်စနစ်တကျ သင်ကြားပေးပါမည်၊ ညပိုင်းသင်တန်းရှိသည်။
သင်တန်းဖွင့်ရက် (6.7.2013)

သင်တန်းနေရာ-တိုက်(55)၊သီတာလမ်း၊ကျောက်မြောင်း၊ရန်ကုန်မြို့။
**09 73037491, 09 5096251**



ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဝိဇယပလာဇာ၊ အခန်းအမှတ် (၄၀၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြထွေး (TTA - ၀၅၁၃၃၅)ထံမှ စာချုပ်စာတမ်းဖြင့် အဆင့်ဆင့် ဝယ်ယူထားသူ ဦးမင်းညွှန့်ကျော်(ခ)ညွှန့်ဝင်း (၁၂/ဗဟန(နိုင်) ၀၁၆၇၀၆)၊ ဒေါ်မိုးသူဇာ (၁၂/ကမတ(နိုင်) ၀၀၀၃၇၄)က ပိုင်ရှင်အဖြစ်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ပြင်စာကျေးရွာအုပ်စု၊ အရှေ့လားသော် ဦးရွှင်၏ ဝါးပင်ချုပ်စပ်၊ အနောက်လားသော် ပေါက်တော ပြင်စာဟောင်းလမ်းခွ၊ တောင်လားသော် ကိုဝင်းနိုင်ချုပ်စပ်၊ မြောက်လားသော် လှည်းလမ်းမကြီးအထိစသည့် နယ်လေးရပ်အတွင်းရှိ (၁၀)ဧက ကျယ်ဝန်းသော ခြံမြေကွက်အား ဦးစိန်ထွန်း(ဘ)ဦးဘဂျမ်း MMO-၀၂၁၁၂၈ ထံမှ ဒေါ်နုဝေ (ဘ) ဦးတင်မောင် ၉/မရတ(နိုင်) ၀၈၄၁၃၉ က ၂၉-၁၂-၂၀၀၂ ရက်၌ လွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီး ယနေ့တိုင် လက်ရှိလုပ်ကိုင်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နုဝေ လက်ရှိပိုင်ဆိုင်သော အထက်ပါခြံမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရဘဲ ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းများအား မည်သူတစ်ဦးတစ်ယောက်ကမှ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နုဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးမင်းခိုင် LL.B** | **ဒေါ်ဥမ္မာမြင့် LL.B, D.B.L** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| အကွက် ၈၆၅၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ | (၈၈-၂၇/၃၈)၊ ၅၄×၅၅လမ်းကြား၊ (ဆ)ရပ်ကွက်၊ |
| ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ | ရတနာပုံမြို့သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ |
| ဖုန်း-၀၉-၄၄၄၀၃၄၉၉၉ | မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၁၀၂၁၀၇ |



**JAVA** Programming ကို အထူးပြု လေ့လာလိုသူများအတွက်...

## Software Solution with JAVA

- ဤသင်တန်းတွင် Java ၏ အဓိကကျသော Core Programming Techniques များသာမက Java ၏ Advanced Language များဖြစ်သော Generics, Annotations, Threading, Collection အစရှိသည်တို့ကို လေ့လာရမည်ဖြစ်သည်။
- သင်တန်း၏ရည်ရွယ်ချက်မှာ Programming နည်းစနစ်များကို သိရှိနားလည်ရုံသာမက လက်တွေ့လုပ်ငန်းခွင် အမှန်တကယ်ရှိနေသော ပြဿနာများကို အဖြေတစ်ခု (solution) ထွက်လာအောင် စဉ်းစားတွေးခေါ်စေ၍ မိမိတတ်သိ ထားသော နည်းပညာများကို အံဝင်ခွင်ကျ အသုံးချနိုင်စေရန် ဖြစ်သည်။

ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် ကျောင်းသား/သူများနှင့် ကွန်ပျူတာနည်းပညာကို လေ့လာနေသူများ နိုင်ငံခြားသွား ကျောင်းတက်ရန် ရည်ရွယ်နေသူများအတွက် အထူး အကျိုးရှိစေမည့် သင်တန်း ဖြစ်ပါသည်။

Gusto
QUALITY EDUCATION & SOLUTION

No.26, 14th Street (Lower Blk), Lanmadaw Township,Yangon.
Ph: 224496, 09 730 31 302.



## မသက်ဆိုင်ပါကြောင်း

ကျွန်မ၏ခင်ပွန်း စောဘာဆိုဂေး ၇/တငန(နိုင်)၀၀၂၂၀၆သည် ကျွန်မအား အမျိုးမျိုးစိတ်ဒုက္ခပေးပြီး စိတ်ဆင်းရဲအောင်ပြုလုပ်၍ လုံးဝခွင့်မလွှတ်နိုင်သော အပြုအမူများကို အကြိမ်ကြိမ်ပြုလုပ်ပါ၍ ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။

နော်ရီးမေဖော
အမှတ် (၄)ရပ်ကွက်၊ သံတောင်မြို့



**စာအုပ်စာပေ လူ့မိတ်ဆွေ**



ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 1012YR004967

# ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲခြင်း၊ သွေးသားမမှန်ခြင်း ဝေဒနာများအတွက်

မီးယပ်အကိုက်အခဲပျောက်

# မြကေရီ

အသားလုနပ်ျိဆေး (အမှတ်တံဆိပ်)

နှစ်ပေါင်းများစွာကတည်းကပင် နှစ်မြိုက်စွာ သုံးစွဲလျက်ရှိသော ဆေးဖြစ်ပါသည်။ လစဉ်လတိုင်းမှာ ဓမ္မတာလာစဉ် ခါးကိုက်၊ ဗိုက်အောင့်၊ မအီမသာစသည့် နာကျင်ကိုက်ခဲခြင်း ဝေဒနာများကို ယခုနာ ယခုသောက် ခဏလေးနှင့် သက်သာပျောက်ကင်းစေပါသည်။ ဆေးတောင့် (၃) တောင့် မှ (၅) တောင့်ထိသောက်ပါ။

တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၀၀၁ / ၀၁၁၂

## လူမှုရေးကြော်ငြာများ

# အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် မြေအလှူ ရေစက်သွန်းချအမျှပေးဝေရန် ဖိတ်ကြားခြင်း

အိန္ဒိယနိုင်ငံ၊ ကိုလ်ကတ္တားမြို့၊ ဗောဓိသုခပရဟိတမြန်မာကျောင်း၊ ဆရာတော် ဒေါက်တာ နန္ဒောဘာသ ဦးစီး၍ ဗုဒ္ဓဂယာ မြေမြတ်မဟာ၌ စတုရန်းပေ ၃၂၄၀၀ရှိသော မြေကြီးကို သာသနဝတ္တကမြေအဖြစ် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများမှ စေတနာရှင် ဒါယကာ၊ ဒါယိကာမအပေါင်းတို့၏ လှူဒါန်းငွေများဖြင့် ဝယ်ယူပြီးဖြစ်ပါသည်။ ၇-၁၂-၂၀၁၂ရက်(သောကြာနေ့)တွင် သာသနဝတ္တကမြေကြီးပေါ်၌ မြေသန့်မင်္ဂလာ အခမ်းအနားနှင့် မြေအလှူရေစက်ချပွဲ အခမ်းအနားကို ပြုလုပ်ပြီးစီး၍ အဆိုပါအခမ်းအနားတွင် ကမ္ဘာ့သာသနာပြု သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရမထေရ်မြတ်က ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှောက်တော်မူခဲ့ပါသည်။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ပြုလုပ်သော အဆိုပါရေစက်ချ မင်္ဂလာအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သော စေတနာရှင်တို့၏ လှူဒါန်းမှုအစုစုတို့ကို ဆရာတော် ဒေါက်တာ နန္ဒောဘာသကိုယ်တိုင် ရေစက်သွန်းချ အမျှအတန်းပေးဝေမည်ဖြစ်ပါသဖြင့် စေတနာရှင်သာသနာ့ မြေအလှူဒါယကာ၊ ဒါယိကာမများ ကိုယ်တိုင်ကိုယ်ကျ ဝမ်းမြောက်ဝမ်းသာ ရေစက်ချ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက် - ၃၀-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့)**
**အချိန် - မွန်းလွဲ ၂နာရီမှ ညနေ ၄ နာရီအထိ**
**နေရာ - ရခိုင်ပြည်နယ်ဓမ္မာရုံ၊အာဇာနည်လမ်း၊ အလယ်ပစ္စယာ အရှေ့ဘက်မုခ်အနီး၊ ဗဟန်း**
**ဆက်သွယ်ရန်။ ။ ဒေါ်သီတာ မဇ္ဈိမဂုဏ် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့။**
**ဖုန်း-၀၁-၂၉၆၄၄၆၊ ၀၁-၃၉၄၈၈၉၊ ၀၉-၅၀၁၃၅၂၂၊ ၀၉-၇၃၀၄၅၅၀၀**

# ဝိဇာတ(မွေးနေ့)မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ မင်္ဂလာသီရိမဟာ သတိပဋ္ဌာန် ကျောင်းတိုက်နှင့် (၄၆)ဌာနတို့၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင် အရှင်ဘုရားကြီး **ဘဒ္ဒန္တဉာဏစက္ကမထေရ်မြတ်၏ သက်တော် (၉၀)ပြည့် ဝိဇာတ(မွေးနေ့)**ပူဇော်ပွဲကြီးကို မန္တလေးတိုင်း ဒေသကြီး၊ တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ၊ အောင်စည်းခုံ ရှေးဟောင်းဘုရားအနီး၊ မင်္ဂလာဇေယျာ ကျောင်းတိုက်အတွင်းရှိ မင်္ဂလာဦးနှစ်ထပ်ကျောင်းတော်ကြီးတွင် **၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၇ရက်၊ (၃၀-၆-၂၀၁၃)ရက် တနင်္ဂနွေနေ့ နံနက် ၉း၀၀ မင်္ဂလာအခါသမယ**တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရဟန်း သံဃာတော်များ၊ ဓမ္မမိတ်ဆွေများနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေအပေါင်းတို့အား ရှိသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**မင်္ဂလာနေရာ - မင်္ဂလာဇေယျာကျောင်းတိုက်၊**
**တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ**
**အောင်စည်းခုံရှေးဟောင်းဘုရားအနီး၊**
**မန္တလေးမြို့၊ ရန်ကုန်-မန္တလေး အမြန်လမ်း**
**မိုင်တိုင်အမှတ် ၃၅၂**

**(ပါပါ ဦးကျော်သာမြ-မာမာဒေါ်သန္တာဖြူ)**
**မိသားစု**
**မဝေနှင့်မောင်နှမများ(အထည်ဆိုင်)**
**ယိုးဒယားအထည်မျိုးစုံဖြန့်ချိရေး**
**ရန်ကုန်မြို့၊ မန္တလေးမြို့**

# (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဗိုလ်ကြီးဇင်မင်းထွန်း (D.S.A -49)

**ကြည်း -၄၆၅၁၈**
**Bc. Sc, Mc. Sc. (Russia)**
**အသက် (၂၅)နှစ်**
**(၂၅-၆-၂၀၁၂) - (၂၅-၆-၂၀၁၃)**

သား ဖိုးလမင်း အဖေနဲ့ အမေ့ကို နောက်ဆုံးနှုတ်ဆက်တဲ့ပုံရိပ်ကို ဘယ်တော့မှ မေ့မရပါ သားရယ်။ ကချင်ပြည်နယ်တစ်နေရာ၊ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ခွဲခွာသွားတာ တစ်နှစ်ပြည့်သွားရာ မနေ့တစ်နေ့ကလိုပဲ ရင်ထဲခံစားရဆဲပါသားရယ်။ သားကိုရည်စူးပြီး ပြုပြုသမျှ ကုသိုလ်အစုစုကို ရောက်ရာဘုံဘဝက သာဓုခေါ်ပါသားရေ၊ အမျှ-အမျှ-အမျှ သာဓု-သာဓု-သာဓု။

**ဖေဖေ၊ မေမေ - ဦးအေးလွင်-ဒေါ်လှလှငွေး(သုံးခွ)**
**ကိုကြီး - ကိုနိုင်မင်းဦး-မစပါယ်အေး**
**ကိုလေး - ကိုလှိုင်ဇင်ဦး-မနွဲ့နွဲ့စိုး (ပေကြီး)**
**ညီလေး - ကိုကျော်မြင့်သိန်း-မဇင်မာလွင် (ဘားအံ-ထီလုံ)**
**တူလေးများ - မောင်ဇာနည်လင်း၊ မောင်အာကာလင်း၊ မောင်အောင်မင်းသန့်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး**
**ဒေါ်သိန်းတင် (ဓနီကုန်း)**
**အသက်(၉၄)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့် တို့၏ မိခင်ကြီး ဒေါ်သိန်းတင် အသက်(၉၄)နှစ်သည် ၂၁-၆-၂၀၁၃ရက် (သောကြာနေ့)နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။ **ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၆၂၈-၁/၂၊ မြေကွက်တည်နေရာအမှတ် ၆၂၈-၁/၂၊ ၆ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးကံညွန့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးကံညွန့် ကွယ်လွန်သဖြင့် ဒေါ်လှမြင့် ၁၂/ဥကတ(နိုင်)၀၅၉၇၅၈ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သိန်းတင် (ဓနီကုန်း)**
**အသက်(၉၄)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင်သည် ၂၁-၆-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။
**ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်ဇနီး ဒေါ်ဧကရီခိုင် မိသားစု**
**တနင်္သာရီတိုင်းဒေသကြီး**

## သွေးသည်အသက်

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သိန်းတင်**
**အသက်(၉၄)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင်သည် ၂၁-၆-၂၀၁၃ ရက် (သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**ဗိုလ်မှူးကြီးမြင့်သိန်း(ရေ)နှင့်ဇနီး ဒေါ်မေမေတင်**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကျင်နု(ပဲခူး)**
**အသက်(၉၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မြို့တွင်းအနောက်(ခ)ရပ်ကွက်၊ ၃၃ လမ်း၊ အမှတ် ၂၃၂ နေ (ဦးချစ်လှိုင်)၏ဇနီး၊ ဦးဗိုလ်စိန်-ဒေါ်သိဂီထွန်း၊ ဦးဗိုလ်ဆိုင်-ဒေါ်သန်းသန်းအေး၊ ဒေါက်တာ မြင့်ငွေး-ဒေါ်စန်းစန်းရွှေတို့၏မိခင်သည် ၁၈-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၂း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
**ဦးရွှေလှိုင်-ဒေါ်တင်အေး**
**ရွှေထီးပုံနှိပ်တိုက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကျင်နု(ပဲခူး)**
**အသက်(၉၈)နှစ်**

ဦးဗိုလ်ဆိုင်-ဒေါ်သန်းသန်းအေးတို့၏မိခင် ဒေါ်ကျင်နုသည် ၁၈-၆-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၂း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲ ရပါသည်။
**ဦးမြဟန်-ဒေါ်ခင်စပယ်ကြည် မိသားစု**
**Fortune International Limited.**

## ဒေါ်ခင်လှ (စာပေလောက စာအုပ်တိုက်နှင့် ပုံနှိပ်တိုက်)

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀မိုင်ကုန်း စာသင်ကျောင်းလမ်း၊ ခြံအမှတ် ၈၉၅(က)နေ (ဦးစိန်အုပ်-ဒေါ်ကြင်မြိုင်)တို့၏သမီး၊ (ဦးမြတ်ကြီး-ဒေါ်ကျင်မှို)တို့၏သမီးချွေးမ၊ (သခင် ခင်ညွန့်)၏ဇနီး၊ ဦးကိုလေး-ဒေါ်ခင်သန်းလှ(စာပေလောက-၂)၊ ဦးမောင်မောင်စိုး-ဒေါ်ခင်သန်းမြ၊ ဦးမျိုးညွန့်(စာပေလောက) - (မိုးမိုးအင်းလျား)ဒေါ်ခင်မိုးခိုင် (မြေပဒေသာ)၊ (ဗိုလ်မှူးထွန်းအောင်ကျော်)-ဒေါ်ခင်တင့်ဆွေ၊ ဒေါ်ခင်မြင့်ဝေ(စာပေလောက)၊ (ဦးတင့်လွင်ဦး)-ဒေါ်စန္ဒာညွန့်၊ ဒေါ်ချိုချိုအေး(စာပေလောက-၂)၊ ဦးအောင်မြတ်ကျော်-ဒေါ်သက်သက်အောင်၊ ဦးဆန်းငွေးဦး-ဒေါ်ပြုံးပြုံးစံ(စာပေလောက-၇)၊ ဦးဝင်းထွန်းဦး-ဒေါ်ဆယ်ဆယ်(သိင်္ဂီရွှေဝါပိုးထည်တိုက်)တို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ် ၁၂ယောက်၊ တီနှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၃၃လမ်း၊ NLD ရုံးချုပ်၊ ၁၀မိုင် ကုန်းမှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လှ (စာပေလောကစာအုပ်တိုက်နှင့် ပုံနှိပ်တိုက်)

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀မိုင်ကုန်း စာသင်ကျောင်းလမ်း၊ ခြံအမှတ် ၈၉၅(က)နေ (ဦးစိန်အုပ်-ဒေါ်ကြင်မြိုင်)တို့၏ သမီး၊(ဦးမြတ်ကြီး-ဒေါ်ကျင်မှို) တို့၏သမီးချွေးမ၊ (သခင် ခင်ညွန့်)၏ဇနီး၊(ဦးတင်အောင်စိုး)၊ (ဦးလွင်အောင်မိုး)၊ ဦးနေမျိုးညွန့်-ဒေါ်နန်းနှင်းမြတ်သွယ်(စာပေလောက-၅)၊ ဦးဇော်ဝင်းခိုင်-ဒေါ်သဇင်စိုး၊ ဦးထွန်းလင်းအောင်-ဒေါ်သူဇာစိုး၊ ဦးကိုကိုမြင့်-ဒေါ်သွယ်မျိုးညွန့်(အင်းလျားစာပေ)၊ ဦးဇော်မျိုးညွန့်(Parkway Hospitals Singapore) ဒေါ်စန်းသီတာမင်းမင်း(ခေတ္တ-စင်ကာပူ)၊ ကိုစည်သူကြည်ဝင်း-မဇွန်သင်းဆွေ(ခေတ္တ-အင်္ဂလန်)၊ ကိုစံလင်းမြင့်(UNDP)၊ ကိုဝေယံအောင်-မမိုးမြတ်သက်ထက်အောင်(ခေတ္တ-ဒူဘိုင်း)၊ မကေသရီဦး(Mu Rho Pte., Ltd.Singapore)၊ မောင်မြင့်မြတ်သူ(UNSW, Australia)၊ မောင်ရန်ပိုင်ဦး (Secondary Singapore)၊ မဖြူစင်မျိုးမြင့်(2nd Year EPP)၊ မဝင်းလဲ့ရွှေရည်၊ မပြုံးဝင့်တည်ကြည်(အမက-၃၊ ဗဟန်း)တို့၏ဘွားဘွား၊ မြစ် ၁၂ယောက်၊ တီနှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(၃၃လမ်း၊ NLDရုံးချုပ်၊ ၁၀မိုင်ကုန်းမှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) မြေး၊မြစ်၊တီများ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
**ဒေါ်သိန်းတင်(ဓနီကုန်း)**
**အသက်(၉၄)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင် အသက်(၉၄)နှစ်သည် ၂၁-၆-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။
**ဦးမြဟန်-ဒေါ်ခင်စပယ်ကြည် မိသားစု**
**Fortune International Limited.**

## ဦးဟိုစိန် (ထားဝယ်)

**အသက်(၆၅)နှစ်**

ထားဝယ်မြို့၊ ကည့်ုရပ်၊ အလယ်လမ်း၊ အမှတ် ၈၁နေ (ဦးအောင်ဝိုင်ဆင်-ဒေါ်ကြည်)တို့၏ သားငယ်၊(ဦးလှိုင်တင်-ဒေါ်ဟင်ကြည်)တို့၏သားသမက်၊ ဦးကြည်ဝင်း-(ဒေါ်အေးမြင့်)၊ ဦးကျော်ဦး-ဒေါ်စန်းစန်းလှိုင်တို့၏မောင်၊ (ဦးအောင်မြင့်)၊ဦးလူဖေဝင်း-(ဒေါ်လှမြင့်)၊ ဦးဘစိုး-ဒေါ်ခင်စိန်၊ ဦးမြင့်အောင်-ဒေါ်တင်တင်ကြွယ်၊ ဦးဝင်းတင်-ဒေါ်တင်တင်ထွေး၊ (ဒေါ်နီနီရှိန်)၊ ဦးဝင်းလွင်-ဒေါ်နီနီဝင်း၊ ဦးစိုးအောင်-ဒေါ်ချိုချိုသန့်၊ ဦးအောင်ခိုင်-ဒေါ်မာမာလွင်၊ ဦးအောင်စိုး-ဒေါ်အေးအေးသန့်တို့၏အစ်ကို၊ ကိုဗိုလ်မင်း-မမိုးမိုးမြတ်၊ ကိုညီညီစိုး၊ ကိုသောင်းထိုက်စိုး-မမေသူစိုး၊ ကိုထွန်းမြတ်စိုး-မခရေမွှန်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်အုန်းမြင့်၏ ခင်ပွန်းသည် ၂၂-၆-၂၀၁၃ရက်(စနေနေ့)ညနေ ၃း၁၅နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၂၆-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့ ကူးတို့တရုတ် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု

## အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း

**ဟာဂျီမဖိုင်နစ်ဘီ(ခ)ဒေါ်စန်းစန်းရီ (မော်လမြိုင်)**
**အသက်(၆၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၈၃၊ ပထမထပ်(ယာ)၊ အနော်ရထာလမ်း၊ ၇ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်နေ ဟာဂျီဒါဂူဒ်(ခ)ဦးမောင်အေး၊ ၂၈၄(A) ရုံ၊ ရေလုပ်ငန်းပစ္စည်း ရောင်းဝယ်ရေး၏ဇနီး၊ ဟာဂျီဦးချိုတူး-ဟာဂျီမဒေါ်ဆဖူရာတို့၏ညီမ၊ ဟာဂျီဦးအီစမိုင်ဟင်-ဒေါ်ဟာလီမာ၊ ဦးအဒူရဟင်-ဒေါ်ဂျမ်မာ၊ ဟာဂျီဦးမောင်မောင်-ဟာဂျီမဒေါ်သီတာမြင့်၊ ဦးနူးဒင်-ဒေါ်ချိုတီတို့၏အစ်မ၊ ဦးခင်ရွှေ-ဒေါ်ကလျာထွေး၊ ဟာဂျီဦးမောင်မောင်လွင်-ဟာဂျီမဒေါ်အေးအေး ပြုံး၊ ဟာဂျီဦးနေဝင်း-ဟာဂျီမဒေါ်ဥမ္မာ၊ ဟာဂျီဦးမောင်မောင်-ဟာဂျီမဒေါ်ရီရီလွင်၊ ဦးနေစိုး-ဒေါ်မိုးသီတာ၊ ဦးနေဦး-ဟာဂျီမဒေါ်မူမူမြင့်(အေရှနေပယ်)၊ ဒေါ်ချောစုအေးတို့၏မိခင်၊ မောင်အောင် ထက်ပိုင်-မမေနှင်းဖြူ(မူဆယ်)၊ မြေး၁၄ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည်၁၆-၆-၂၀၁၃ ရက် နံနက် ၁၀ နာရီတွင် အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဒါယကာကြီး ဦးစိုးဝင်း (မုံရွာ)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့နေ ဘဘတရုတ်ကြီး(ဦးစိုးဝင်း)သည် ၁၆-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွား သည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**မုံရွာမှမြေးများ**
**သူရစန္ဒာကို၊ ရဲရင့်အောင်၊ ကောင်းမြတ်အောင်၊**
**အံဇာစန္ဒာအောင်၊ ဖွဲ့မင်းအောင်၊ ဖြူသန့်ငြိမ်း**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းချိုမာဝတီ၏မိခင် အန်တီတင်(ဒေါ်စဝ်မြတင်) သည် ၁၇-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ သည့်အတွက် ချိုမာတို့မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲ ရပါကြောင်း။ **ဦးငွေးဝင်း-ဒေါ်မီမီအောင်မြင့်**
**သား-မောင်စိုးရဲထက်**

# ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းတင် (ဇီးကုန်း)

အသက်(၉၄)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင် အသက်(၉၄)နှစ်သည် ၂၁-၆-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိရောက်ပါစေကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီးဒေါ်ခင်သန့်စင် မိသားစု**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်သိန်းတင် (ဇီးကုန်း)

အသက်(၉၄)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏ မိခင်ကြီး ဒေါ်သိန်းတင် အသက်(၉၄)နှစ်သည် ၂၁-၆-၂၀၁၃ရက် (သောကြာနေ့)နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဇနီး ဒေါက်တာဒေါ်ခင်မာမာနှင့်**
**ပညာရေးဝန်ထမ်းများ (ပညာရေးဝန်ကြီးဌာန)**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်သိန်းတင် (ဇီးကုန်း)

အသက်(၉၄)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင် အသက်(၉၄)နှစ်သည် ၂၁-၆-၂၀၁၃ရက်(သောကြာနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Asia Express (Ygn), Co.,Ltd.
**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်သိန်းတင် (ဇီးကုန်း)

အသက်(၉၄)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင် အသက်(၉၄)နှစ်သည် ၂၁-၆-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်ဇော်-ဒေါ်ငွေးငွေးခိုင်**
**မက်စ်(မြန်မာ)ကုမ္ပဏီအုပ်စု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်သန်း (လျှပ်စစ်မော်တာပြုပြင်ရောင်းဝယ်ရေးလုပ်ငန်း)

ရွှေတိဂုံရောင်တော်ပွင့်အသင်း(ဒု-ဥက္ကဋ္ဌ)

အထက(၂)ဒဂုံ၊ မိဘဆရာအသင်းအမှုဆောင်ဟောင်း

အသက်(၇၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ဒေါ်ငြိမ်းရွာနေ(ဦးသိန်း-ဒေါ်တင်လှ)တို့၏တစ်ဦးတည်းသောသား၊ ဖျာပုံမြို့နယ်နေ (ဦးအေးမောင်-ဒေါ်စွန်)တို့၏သားသမက်၊ အမှတ် ၅၁၉၊ ၅၂၂၊ မေတ္တာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်လေးရီ၏ခင်ပွန်း၊ ဒေါ်ခင်လေးဝင်း၏အစ်ကို၊ ဦးငွေအောင်၊ ဦးကျော်သန်း၊ ဦးသိန်းဇော်၊ ဦးစောလွင်-ဒေါ်ရတနာသန်း၊ ဒေါ်ဇာဇာရတနာသန်း၊ ဒေါ်ပပရတနာသန်းတို့၏ဖခင်၊ မောင်ရန်နိုင်ငွေ၊ မယွန်းဝတီစောလွင်၊ မနှင်းလရောင်အိမ်တို့၏အဘိုးသည် ၂၄-၆-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၃း၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ မြို့နယ်တရားသူကြီး ဦးဆန်းထွန်း အသက်(၅၆)နှစ်သည် ၂၃-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တရားရေးဝန်ထမ်းအမှတ်စဉ်(၆)မှ သူငယ်ချင်းများ**

---

## Pi Far Meng

အသက်(၄၂)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ (Thau Khua) ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့၊ Pu Than Heng (Hei cia)-Pi Tum Ci တို့၏သမီး၊ Major Van Thio (စက်ရုံမှူး၊ ငြိမ်း)-Dr. Anna Sui Hluan (New zealand), Pi Renh Sui (မန္တလေးတိုင်း ထွေ/အုပ်)-Pu Than Hmung (ဒု-ခရိုင်ဥပဒေအရာရှိ၊ ငြိမ်း)၊ Pi Renh Thluai (ဒု-ဦးစီးမှူး၊ မြို့နယ်ပြည်တွင်းအခွန်ရုံး၊ ဟားခါးမြို့)-ဦးဗညားအေး (ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်ရုံး၊ နေပြည်တော်)၊ Pa Lal Bik-(Tlei Cia) တို့၏ညီမ၊ Pi Far Ki (အထက်တန်းပြ၊ အထက-၁၊ ဟားခါးမြို့)-ဦးမောင်မောင်မြင့်(Tlei Cia)၊ Pi Ngun Pum Cin-Pu Samual(ဟားခါးမြို့)၊ Pi Ngun Hlei Cuai (ဒု-ဦးစီးမှူး၊ မြို့နယ်ပြည်တွင်းအခွန်ရုံး၊ မော်လိုက်မြို့)-ဒုတိယရဲမှူးဗေယျာလင်း(ပန်းတင်အမြန်လမ်း၊ ရဲစခန်း)၊ Pu Dal Than Lian - Pi Van Sui Hnem (ဟားခါးမြို့)၊ Pa Ni Kung Lian (Malaysia) တို့၏အစ်မ၊ JYRKI ANT TONE (PROJECTMANAGER, M.Sc (TECH)၏ဇနီးသည် တိုက်-A၊ အခန်း ၅၀၄၊ပညာ့ဝတီအိမ်ရာ၊ ရန်ကင်းမြို့နယ်နေအိမ်၌ ၂၃-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း။(သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကိုကိုလတ်

(လ/ထဦးစီးမှူး)

ကုမ္ပဏီများဆိုင်ရာအခွန်ရုံး
ပြည်တွင်းအခွန်များဦးစီးဌာန

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ယုဇနဥယျာဉ်မြို့တော်၊ တိုက် ၈၊ အခန်း၃၀၁နေ(ဦးဝင်းလှိုင်)-ဒေါ်စန်းစန်းတို့၏သားလတ်၊ (ဦးတင်ရှိန်)-ဒေါ်သန်းသန်းတို့၏သားသမက်၊ ဦးကံဝင်း-ဒေါ်သီသီဦးတို့၏ညီ/မောင်၊ ဦးတင်ကိုကို၊ ဒေါ်အိ၊ ဦးအောင်အောင်လေး-ဒေါ်သီတာလှိုင်တို့၏အစ်ကို၊ ဒေါ်သီသီရှိန်၏ခင်ပွန်း၊ ဦးဖေသိန်းထွန်း၊ ဦးတင်ထွန်းဝင်းတို့၏ညီ၊ ဒေါ်အေးရီဝေ၊ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်ခင်ဖြူဝင်း၊ ဒေါ်စန်းစန်းမြင့်၊ဒေါ်စန်းစန်းဝင်းတို့၏မောင်၊ မောင်ပြည့်ကိုကို၊ မစုနှင်းလတ်၊ မောင်အေးကိုကိုမိုးတို့၏ဖခင်သည်၂၂-၆-၂၀၁၃ရက် (စနေနေ့)နံနက်၉း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၃ရက် (သောကြာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းတင်

အသက်(၉၄)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင် အသက်(၉၄)နှစ်သည် ၂၁-၆-၂၀၁၃ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဇနီး ဒေါ်သူဇာဝေနှင့်**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစုများ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းတင်

အသက်(၉၄)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင်သည် ၂၁-၆-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း မိသားစု**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

## ဒုတိယဗိုလ်မှူးကြီးရဲမြင့် (ငြိမ်း)

(ကြည်း-၃၆၄၃)၊နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊မော်ကွန်းဝင်(ပထမဆင့်)

အသက်(၈၉)နှစ်

အောင်လံမြို့နေ (ဦးချန်ထွန်း-ဒေါ်စိန်စိန်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၅၄(မြေညီထပ်)၊ ၅၂လမ်းနေ (ဒေါ်တင့်ဆွေ)၏ခင်ပွန်း၊ ဦးစိုးလှိုင်ကျော်-ဒေါ်ဆွေမာမြင့်၊ ဦးကျော်ကျော်မြင့်၊ ဒေါက်တာမောင်မောင်လေး-ဒေါ်ဆွေနီမြင့်၊ ဦးတင့်ဇော်(ဆန်နီ)-ဒေါ်ဆွေကြည်မြင့်၊ ဦးကျော်ရဲမြင့်-ဒေါ်ခင်လွင်မေတို့၏ဖခင်၊ ဒေါက်တာကျော်စံမောင်-ဒေါက်တာသိမ့်သိမ့်ဇော်၊ ကိုနီလေးဦး၊ ကိုဇော်ငြိမ်းဦး-မနိုင်နိုင်လေး၊ ဒေါက်တာနီနီနိုင်ထွန်း၊ မယုဒါလီထွန်း၊ မဆုသစ္စာကျော်တို့၏အဘိုး၊ ဂျူလီယားနား၊ လင်းလရောင်တို့၏ဘိုးဘိုးကြီးသည် ၂၄-၆-၂၀၁၃ရက် မွန်းလွဲ ၁း၃၉နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း) (ခ)အတာ (လယ်ဝေး)

ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကျဉ်းဦးစီးဌာန

(ကြည်း-၁၀၃၀၈)၊ O.T.S (31)၊ (မြို့မကျောင်းသားဟောင်း)

အသက်(၇၇)နှစ်

နေပြည်တော်၊ လယ်ဝေးမြို့နေ [ဦးအုန်းခင်-ဒေါ်မြရီ(ခ)ဒေါ်ရီ]တို့၏သားငယ်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်နေဝင်းလမ်းနေ(ဦးလှအောင်-ဒေါ်ခင်မြင့်)တို့၏သားသမက်၊ (ဒေါ်ညွန့်ညွန့်အောင်)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးဇွဲဝင်းမြင့်-ဒေါ်သီဂီလွင်၊ ဦးအောင်ဝင်းမြင့်၊ ဦးစိုးသက်ဦး-ဒေါ်ခင်သပြေဝင်းမြင့်၊ ဦးညဏ်လင်းငွေး-ဒေါ်မြမန္တျူဝင်းမြင့်တို့ဖခင်၊ မောင်ရဲထွဋ်အောင်၊ မခိုင်ဇင်သန့်၊ မောင်ဘုန်းသက်ပိုင်၊ မောင်မင်းသူရိန်ငွေးတို့၏အဘိုးသည် ၂၃-၆-၂၀၁၃ရက် နံနက် ၄း၁၄ နာရီတွင် အမှတ် ၄၄၉၊ အောင်မြေလမ်း၊(၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးသီးရွှေ (ပုလော)

အသင်းဝင်အမှတ်-၃၂၆၇

အသက်(၇၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ဟန်ရွှေ၏ခင်ပွန်းသည် ၂၃-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

---

## ဒေါ်ခင်မြင့် (ရမည်းသင်း)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗဟိုအမျိုးသမီးဆေးရုံကြီးဝင်း၊ ဆရာဝန်ရိပ်သာ (A)၊ အခန်း ၆ နေ ဦးမြတ်ထွန်း(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ဇနီး၊ ရမည်းသင်းမြို့နေ ဦးဝင်းမြင့်-ဒေါ်ခင်ဖြူမာ (ဒုဦးစီးမှူး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန)၊ တပ်ကြပ်အောင်မိုး(ရွှေစာရံ)-ဒေါ်ထားထားအိ(ထွေ/အုပ်)၊ ဦးဘုန်းနိုင်-ဒေါ်တင်တင်စိုး(ထွေ/အုပ်)၊ ရဲအုပ်နိုင်မိုး (ရန်ကုန်တိုင်းဒေသကြီး)-(ဒေါ်အေးအေးမြင့်)၊ ဒေါ်ချိုချိုမာ(A/E၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ရန်ကုန်)၊ ဗိုလ်မှူးအောင်စိုး-ဒေါ်ယဉ်ယဉ်ထွန်း (ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၃-၆-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးဝင်းမောင်ဦး(ငြိမ်း)

D.S.A (13)

ဘဏ္ဍာရေးမှူး
အဖြူရောင်နာရေးကူညီမှုအဖွဲ့

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၁၇၉၊ တုသီတာလမ်း၊ (က) ရပ်ကွက်နေ (ဦးဒေဝ-ဒေါ်တင်ကြည်) တို့၏သား၊ ဒေါ်ကေခေါန်ဂျာ၏ခင်ပွန်း၊ ဦးဇာနည်အောင်၊ ဒေါ်ရှင်ဂျာဦး(လ/ထကထိက၊ လှိုင်ကော်တက္ကသိုလ်)၊ ဦးအောင်စိုးမိုး(Assembler) - ဒေါ်ပန်းသာဦး(Assembler)တို့၏ဖခင်၊မစန္ဒကူးခင်၊ မောင်မောင်လေး၊ မကြယ်စင်စိုးမိုးတို့၏အဘိုး၊ ဦးတင်ဆွေ(အောင်ကျွန်းသာကုမ္ပဏီ)-ဒေါ်ခင်မာညို(Assembler)၊ ဒေါက်တာဦးမြင့်ဆန်း - ဒေါ်ခင်ခင်ဦး၊ ဦးဇော်မြင့်ဦး(ရုပ်ရှင်) - ဒေါ်သီတာဦး (အလပြ-၁၀၊ မြောက်ဥက္ကလာပ)တို့၏ အစ်ကိုကြီးသည် ၂၄-၆-၂၀၁၃ရက် မွန်းလွဲ ၁း၅၅နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၃ရက် ညနေ ၃း၃၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြောက်ဥက္ကလာမြို့နယ် နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးကြည်မောင် (ပုလော)

အသင်းဝင်အမှတ်-၂၂၇၁

အသက်(၆၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်တင်မြင့်၏ခင်ပွန်းသည် ၂၃-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့)ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၃ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသောင်းရွှေ

(သုခမိန်ဆေးလိပ်ခုံဖခင်ကြီး၊မြင်းခြံမြို့)

အသက်(၉၀)

မြင်းခြံမြို့၊အမှတ်(၄)ရပ်ကွက်၊အမှတ် ၂၃/ကနေ (ဒေါ်မြသောင်း)၏ခင်ပွန်း၊ ကိုသန်းဝင်းအောင်-မမြသန်းနွဲ့ (သုခမိန်ဆေးလိပ်ခုံ၊ ပဲခူးမြို့)၊ ကိုငွေးဝင်းသောင်း-မနီနီ (သုခမိန်ဆေးလိပ်ခုံ၊ မြင်းခြံမြို့)တို့၏ဖခင်၊မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ သုခမိန်ဆေးလိပ်ခုံ ၏ဖခင်ကြီးသည်၂၄-၆-၂၀၁၃ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၆-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ စက်တွင်းလမ်း၊အမှတ်၉၅ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားတစ်စု

---

## ဒေါ်ကြည်(ခ)ဒေါ်နွဲ့ကြည်

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊အမှတ်၄၁၊အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းနေ (ဦးအောင်သိန်း၊ ရုပ်ရှင်မျက်မှန်)၏ဇနီး၊ ဦးခင်မောင်သိန်း(မောင်ရွှေစွန်)-ဒေါ်ကြူကြူဆွေ၊ (ဦးဖြူဝင်း) - ဒေါ်မြင့်မြင့်သိန်း (ဆရာမ ကြာညိုသင်း)၊ (ဦးအေးသိန်း-ဒေါ်သီသီဝင်း)၊ (ဦးစိုးသိန်း)-ဒေါ်ခင်ဝါလှိုင်၊ ဦးရွှေရ-ဒေါ်နွဲ့နွဲ့သိန်း(ဆရာမ ရွှေယမင်းဦး)၊ (ဦးအောင်ကြည်သိန်း)၊ ဦးအောင်စိုး-ဒေါ်ခင်မာလာတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ် ၂၀တို့၏အဘွားသည် အမှတ် ၆၊ အင်းဝလမ်း၊ ကျောက်မြောင်းနေအိမ်၌ ၂၄-၆-၂၀၁၃ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အင်းဝလမ်း နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစုများ

---

## ဒေါ်သန်းသန်း

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၁ (ခုနစ်လွှာ)နေ (ဦးအေး-ဒေါ်ကြင်မှုံ)တို့၏သမီး၊ (ဦးညွန့်လှိုင်-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ (ဦးဆန်နီ၊ ပန်းဘဲတန်း တရားရုံး)၏ဇနီး၊ ဦးတင်မောင်သန်း(ရတနာကုန်သည်)-ဒေါ်ခင်နှင်းဝေ(အထက-၂၊ စမ်းချောင်း၊ ငြိမ်း)၊ ဦးသုဝဏ်၊ ဦးသန်းဝင်းအောင်-ဒေါ်လဲ့လဲ့ဝင်း၊ ဦးဝင်းမင်း (Inter Ocean Shipping) - ဒေါ်သီတာတို့၏မိခင်၊ မောင်ဇော်မျိုးထွန်း (ခေတ္တ-စင်ကာပူ)-မသင်းပျံ့အေး(ခေတ္တ-စင်ကာပူ)၊ မောင်သက်ထွန်းနောင် (ခေတ္တ-စင်ကာပူ)-မစန္ဒြာနှင်း(ခေတ္တ-စင်ကာပူ)၊ မဝင်းခန့်ငွေး(ခေတ္တ-စင်ကာပူ)၊ မဆုလဲ့ဝင်း၊ မောင်ဇာနည်ဝင်း၊ မနေနွယ်ဝင်းတို့၏အဘွားသည် ၂၃-၆-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ပန်းချီဆရာ စောခူရှီး

အသက်(၃၆)နှစ်

အင်းစိန်၊ မ ၁၉၊ တောင်သူကုန်းဟိုက်ပတ်နေ ဦးစောတင်ဝင်း-နော်သန်းစိန်တို့၏သား၊ ရန်ကုန်မြို့၊ ၃၆လမ်းနေ ဦးမင်းအောင် - ဒေါ်အေးရီတို့၏သားသမက်၊ ပန်းချီဆရာမ မဖြူဖြူမော်၏ခင်ပွန်းသည် ၂၃-၆-၂၀၁၃ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(၁၆၀၊ လေးလွှာ၊ ဦးချစ်မောင်လမ်း၊ ဈေးကွေ့၊ ဗဟန်းမှကားများ နံနက် ၉း၄၅နာရီနှင့် မ ၁၉၊ တောင်သူကုန်းဟိုက်ပတ်၊အင်းစိန်မှကားများနံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဇေသိက (ခရမ်း)

ဂန္ထဝါစက နာယကအဖွဲ့ဝင်

သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ အမှတ်(၆)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနေ (ခမည်းတော်ဦးဘခင်-မယ်တော်ဒေါ်စိန်တင်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ သဒ္ဓမ္မရံသီတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တဇေသိက မထေရ်သည် (၁၃၇၅ခုနှစ် နယုန်လဆန်း ၁၄ရက်) ၂၂-၆-၂၀၁၃ ရက် (စနေနေ့) ည ၁၀း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၃ရက်) ၂၆-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) စျာပနကျင်းပရေးကော်မတီ

တပည့်ဒါယကာ၊ ဒါယိကာမများ

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသောမန

သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာရပ်ကွက်၊ တမံဦး-တမံဦးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တသောမနသည် (၁၃၇၅ခုနှစ် နယုန်လပြည့်နေ့) ၂၃-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၃၀-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း။ တပည့်ဒါယကာ၊ ဒါယိကာမများ

---

## ဦးခိုင်ဝင့် (မုံရွာ)

အထက(၁)မုံရွာ (ငြိမ်း)

အသက်(၇၈)နှစ်

မုံရွာ၊ ရုံးကြီးရပ်၊ ဘူတာလမ်းနေ ဒေါ်အုန်းကြည် (အထက-၂၊ ငြိမ်း)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်-ဒေါ်မီမီခိုင်၊ (ကိုဇော်ခိုင်)တို့၏ဖခင်၊ ဒေါ်ခိုင်မြင့်ကြူ (မဟာစည်သာသနာ့ရိပ်သာ)၊ ဒေါ်ခိုင်လင့်(မန္တလေး)တို့၏ အစ်ကို၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၄-၆-၂၀၁၃ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၃ရက် နံနက် ၈း၃၀နာရီတွင်ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၁၃ရက် နံနက် ၇နာရီတွင် အမှတ် ၁၆၊ သာသနာ့ရိပ်သာလမ်း၊ မဟာစည်ရိပ်သာ၊ ဗဟန်းမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမင်းဆွေ

A.E, F.F-4, MTE

(လ/ထမန်နေဂျာ)

အင်/ယာ (မြန်မာ့သစ်လုပ်ငန်း)

သခင်ဖိုးလှကြီးစက်မှုသိပ္ပံ

ကျောင်းသားဟောင်း(ချောက်မြို့)

အသက်(၄၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်၊ကြအိုကျေးရွာနေ(ဦးလှဝမ်း)-ဒေါ်ကံစိန်တို့၏သားကြီး၊ မြန်မာ့သစ်လုပ်ငန်း၊ မြဝတီရိပ်သာ၊ တိုက် ၃၂/၁၈ နေ ဒေါ်မာမာချို (The Governor's Residence)၏ခင်ပွန်း၊ မသင်းနန္ဒီစိုး (VIII-B, အထက-၄၊ အလုံ)၏ဖခင်သည် ၂၃-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## မချို့နွယ်ဦး

နယ်စပ်ဦးစီး(ငြိမ်း)

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၁၃လမ်း၊ အမှတ် ၄၆၆ (ခ)နေ ဦးညွန့်ဖေ(ကုန်တိုက်-၁)၊ ဒေါ်ကြည်တို့၏သမီးကြီး၊ ဦးကျော်မိုးဦး-ဒေါ်ခင်ခင်ရှိန်၊ ဦးစိုးဝင်း-ဒေါ်သီသီလွင်၊ ဦးဆန်းလင်း-ဒေါ်သီတာလွင်၊ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဦး-ဒေါ်ခိုင်မာစိုး၊ ဦးနေလင်း-ဒေါ်မြသီတာဦးတို့၏အစ်မ၊ ဦးဝင်းနိုင်(ကူးသန်း/ဦးစီး)၏ဇနီး၊ မောင်အောင်ကောင်းမိုး၏မိခင်သည် ၂၄-၆-၂၀၁၃ရက် နံနက် ၆နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ပါမောက္ခဆရာကြီး

## ဦးထွန်းကြွယ် (ပွ္ပန်တန်ဆာ)

(ပညာရေးတက္ကသိုလ်)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ခွန်နီ ၁လမ်း၊ အမှတ် ၆၂နေ ဒေါ်စု၏ခင်ပွန်း၊ ဒေါ်လှလေး၏အစ်ကို၊ (ဦးမြင့်လွင်)-ဒေါ်အေးအေးကြိုင်၊ ဒေါ်ယဉ်ချို၊ (ဦးအောင်လင်း) - ဒေါ်ခင်မာရီတို့၏ဖခင်၊ မမြတ်ရီလင်း၊ မနန်းစိုးစိုးမင်း၊ မခိုင်သစ္စာ၊ မောင်မျိုးဇေလင်း-မစုမြတ်သက်၊ မောင်ရဲမင်းထွန်း၊ မောင်ပိုင်ဇေလင်းတို့၏အဘိုး၊ သွန်းနဒီဇေလင်း၏ဘိုးဘိုးကြီးသည် ၂၃-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၄၀နာရီတွင် ခွန်နီ ၁လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၆၂၊ ခွန်နီ ၁လမ်း၊ နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးလှဝင်း (ဂျူဒို)

(ကပ-၅၅၀၅)

(လ/ထ အကောက်ခွန်မှူး)

အကောက်ခွန်ဦးစီးဌာန

အသက်(၆၀)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ကြိုးကြာလမ်း၊ အမှတ် ၂၃၄/၂နေ (ဦးဘစိန်-ဒေါ်အေးကြည်)တို့၏သား၊ ဦးကျော်သန်း-(ဒေါ်မြခင်)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်းသည် ၂၄-၆-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## စောရဲလှ (Joel)

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ ဦးရွှေမောင်အိုလမ်းသွယ်၊ အမှတ် ၇နေ ကွယ်လွန်သူဦးသာလှ-ဒေါ်မဂ္ဂီမြင့်မြင့်သိန်းတို့၏ဒုတိယမြောက်သား၊ ဦးNoel မြင့်လှ၏ညီ၊ ဒေါ်စန်းစန်းလှ (Mabel)၊ ဒေါ်ထွေးထွေးလှ (Rachael)၊ ဒေါ်ငွေးငွေးလှ(Hazel)တို့၏အစ်ကိုသည် ၂၃-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက်၁၁း၄၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ခရစ်ယာန်ယုံကြည်သူတို့၏ နောက်ဆုံးပြုအပ်သောဝတ်ကိုဆောင်ရွက်ပြီး ယင်းနေ့ ၄င်း၏ဆန္ဒနှင့်အညီ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ခရိုအေးရှားသမ္မတနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၃ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဇိုရမ် မီလန်နိုဗစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ဆလိုဗေးနီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၃ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စ အာလန်ကာ ဘရာတူဆတ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ကလေးမြို့နယ်မှ နဂါးပွက်ရွှံ့မီးတောင် စိတ်ဝင်စားသူများပြားလာ

ကလေးမြို့နယ် အင်းဒင်ကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်အကွာ လယ်တောအတွင်းရှိသော နဂါးပွက်ရွှံ့မီးတောင်ကို တွေ့ရစဉ်။



ကလေး ဇွန် ၂၄

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မြစ်သာမြစ်၏အရှေ့ဘက်ကမ်း ရွှေပြည်သာရေနံမှော်သွားရာလမ်း၏ဝဲဘက် အင်းဒင်ကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်အကွာ ဦးစန်းအောင်၏ လယ်တောအတွင်းရှိသော နဂါးပွက်ရွှံ့မီးတောင်ကို စိတ်ဝင်စားသူများပြားလျက်ရှိကြောင်း သိရသည်။**

မီးတောင်ပုံစံငယ်လေးများကဲ့သို့ ရွှံ့ရည်ပျော်များ စီးဆင်းနေသော တောင်ပူစာလေးများ ထိပ်တွင် ငါးစက္ကန့်လျှင် တစ်ကြိမ်မျှ ရွှံ့ရည်များသည် ဗွက်ကနဲ၊ ဗွက်ကနဲ ပွက်ပွက်ထလာသည်။ ထိုဗွက်လန်နေသည့် အသံကို ပေ ၅၀၀ အတွင်း ကြားနေရသည်။ အဆိုပါ တောင်ပူစာလေးများ ငါးခုမကရှိသည်ကို တွေ့ရသည်။ ရွှံ့ရည်ပျော်တို့၏ အရောင်သည် စိမ်းပြာရောင်ရှိသည်။ ရွှံ့ရည်ပျော်တို့စီးဆင်းနေသော အနီးပတ်ဝန်းကျင် ၀ ဒသမ ၅ ဧကခန့်အတွင်း မည်သည့်အပင်မျှ မပေါက်ရောက်ကြောင်း တွေ့ရသည်။ လက်ရှိမြေပြင်မှ တောင်ပူစာထိပ်အထိ အမြင့်ပေ ကိုးပေခန့် ရှိမည်ဖြစ်သည်။

ရွှံ့မီးတောင်ငယ်များနှင့်ပတ်သက်၍ အင်းဒင်ကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ပြောပြရာတွင် "ကျွန်တော်တို့ငယ်ငယ်ကတည်းက ရှိခဲ့တဲ့ နဂါးပွက်ရွှံ့မီးတောင်တွေပါ။ ရွှံ့မီးတောင်ထိပ်ဝကို ကျဉ်းအောင်လုပ်ပြီး မီးရှူးတစ်ခုခုဖြင့် တွေ့ပေးလိုက်လျှင် မီးတောက်ပါတယ်။ Gas ငွေ့ထွက်ရှိကြောင်း ပြောသည်။

ကလေးမြို့နယ်မှ ရေနံတူးသူများသည် အဆိုပါ နဂါးပွက်နေရာ၏ အနောက်မြောက်ထောင့်တွင် ရေနံကို စမ်း၍တူးကြကြောင်း၊ ပထမအစတွင် တူး၍ရကြောင်း၊ တဖြည်းဖြည်းချင်း တူးသည့်နေရာ ရွှံ့ပျော်များဖြစ်လာကြောင်း၊ နောက်ဆုံးတွင် တူးသည့်တွင်းနေရာ တစ်လျှောက်တူးသည့်ကြိုးအဆုံးဝင်သွားကြောင်း၊ အထဲတွင် လိုဏ်ဂူဖြစ်နေသည်ဟု ထင်မြင်မိကြောင်း ရေနံတူးသူများ၏ ပြောပြချက်အရ သိရသည်။

ကလေးမြို့နယ်တွင် အဆိုပါ ရွှံ့မီးတောင်များကဲ့သို့ ရွှံ့ရည်ပျော်များ ထွက်ရှိနေသော နဂါးပွက်ရွှံ့မီးတောင်များကို စုံလာမြိုင်ကျေးရွာအနီးတွင်လည်း ရှိသေးကြောင်း သိရှိရသည်။

**သျှင်နေမင်း**

## ရွှေရတု ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများအား ဈေးပြိုင်စနစ်ဖြင့် စတင်ရောင်းချပေး

သတင်းစာမျက်နှာ ➤ ၉

# ဇွဲကပင်ကို သရေသာကစားနိုင်ခဲ့သည့် ဇေယျာရွှေမြေ

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်

မုံရွာ ဇွန် ၂၄

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၅) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မုံရွာကွင်း၌ ဇေယျာရွှေမြေနှင့် ဇွဲကပင်တို့ပွဲမှာ တစ်ဂိုးစီ သရေကျခဲ့သည်။

**သွင်းယူပေးခဲ့**

ဇွဲကပင်အသင်းမှာ အသင်းကြီးများနှင့်တွေ့လျှင် ခပ်မာမာကစားတတ်သည့် အစဉ်အလာအတိုင်း ယခုပွဲတွင်လည်း အိမ်ရှင်ဇေယျာရွှေမြေအသင်းကို ဖိအားပေးနိုင်ခဲ့ပြီး ၃၆ မိနစ်တွင် ဒူမော့မ်သွင်းယူသောဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဇေယျာရွှေမြေအတွက် ချေပဂိုးကို ၆၅ မိနစ်တွင် တိုက်စစ်မှူး ဆာဆာက သွင်းယူပေးခဲ့သည်။

သုဝဏ္ဏကွင်း၌ မကွေးနှင့် ရတနာပုံတို့ တစ်ဂိုးစီသရေဖြစ်ခဲ့ပြီး အောင်ဆန်းကွင်း၌ ရန်ကုန်ယူနိုက်တက်က ရခိုင်ယူနိုက်တက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ KBZ ကွင်း၌ ကမ္ဘောဇက မနောမြေကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ပဒုမ္မာကွင်း၌ ဟံသာဝတီနှင့် Southern တို့ ပွဲမှာ ဂိုးမရှိသရေဖြစ်ခဲ့သည်။

ဇေယျာရွှေမြေနှင့် ဇွဲကပင်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

# ကိုလိုရာဒိုမြစ်အထက် အမြင့်ပေ ၁၅၀၀ နေရာမှ ကြိုးတန်းလျှောက်အောင်မြင်ခဲ့သူ ပထမဆုံးလူသား

ဂရင်းကင်ညွန်အနီးရှိတောင်ကြားတစ်ခုကို ကြိုးတန်းသွယ်၍ ဖြတ်သန်းလမ်းလျှောက်ပြခဲ့သူ လူစွန့်စား နစ်ခ်ဝယ်လန်ဒါသည် ကိုလိုရာဒိုမြစ်ရေပြင်အထက် ပေ ၁၅၀၀ အမြင့်မှ ပထမဆုံးကြိုးတန်းလမ်းလျှောက်ပြနိုင်ခဲ့သူ လူသားတစ်ဦး ဖြစ်လာခဲ့သည်။ အောက်တွင် အသက်ကယ်ပိုက်ကွန်များ၊ ဆိုင်းကြိုးများ အသုံးမပြုဘဲ အမှားတစ်ချက်ကြုံခဲ့ရပါက သေပွဲဝင်ရမည်ဖြစ်ရာ ဝယ်လန်ဒါသည် ဟန်ချက်အထိန်း တုတ်တံတစ်ချောင်းကိုသာ သယ်ဆောင်အသုံးပြုပြီး တစ်ဖက်ကမ်းသို့ ၂၂ မိနစ်ဖြင့် အရောက်ကူးခဲ့သည်။

ဖြတ်ကူးနေချိန်တွင် လေပြင်းတိုက်ခတ်နေပြီး မျက်လုံးတွင်း ဖုန်မှုန့်များ ဝင်ရောက်ခြင်းနှင့် ကြုံခဲ့ရသော်ငြား ဝယ်လန်ဒါသည် ၎င်းကြိုးတန်းကို အန္တရာယ်ကင်းကင်းဖြင့် အောင်မြင်စွာ ဖြတ်သန်းခဲ့သည်။ သူသည် သူ၏မိခင်က အထူးချုပ်ပေးထားသော ရှူးဖိနပ်အား ဝတ်ဆင်ကာ ဖြတ်ကူးခြင်းဖြစ်သည်။ အဆုံးတစ်ဖက် ရောက်ခါနီးကြိုးတန်းပေါ်တွင် ဖွဖွလေးပြေးလိုက်သေးသည်။

ဝယ်လန်ဒါသည် ပြီးခဲ့သည့်နှစ်က ကမ္ဘာ့အကြီးဆုံး ရေတံခွန် နိုင်အာဂရာပေါ်မှ ကြိုးတန်းလျှောက်ပြခဲ့ရာ အရှည်ဆုံး ကြိုးတန်းလျှောက်မှုတစ်ခုအဖြစ် ဂင်းနက်မှတ်တမ်းဝင်ခဲ့သဖြင့် ဂင်းနက်မှတ်တမ်းခုနစ်ခုအထိ ပိုင်ဆိုင်ခဲ့ပြီး ဖြစ်သည်။

သူသည် သတ္တမမြောက်မျိုးဆက် မျိုးလိုက်ရိုးလိုက် အမြင့်ကြိုးတန်း လမ်းလျှောက်သူတစ်ဦးဖြစ်ပြီး ၎င်းတို့သည် ကျော်ကြားသော "Flying Wallendas"ဆပ်ကပ်မိသားစုအဖြစ် နာမည်ကြီးသည်။ ၎င်း၏အဘိုးဖြစ်သူ ကားလ်ဝယ်လန်ဒါသည် ၁၉၇၈ ခုနှစ်က ပွာတိုရီကိုတွင် ကြိုးတန်းလမ်းလျှောက်မှုတစ်ခု၌ ပြုတ်ကျသေဆုံးခဲ့သည်။ ဝယ်လန်ဒါ၏ နောက်ထပ် ရည်မှန်းထားရှိမှုမှာ နယူးယောက်မြို့ရှိ အင်ပါယာစတိတ် အဆောက်အအုံနှင့် Chrysler အဆောက်အအုံနှစ်ခုတို့ကြား ကြိုးတန်းလမ်းလျှောက်ရန်ဖြစ်သည်ဟု ဆိုသည်။

**ဘာသာပြန်-နေခြည်**

## ယနေ့ မာတိကာ


မလေးရှားတောင်ပိုင်းခရိုင်နှစ်ခု မီးခိုးမြူကြောင့် အရေးပေါ် အခြေအနေကြေညာ စာ-၄

စိတ်ကျဝေဒနာရှင် မိခင်များ၏ ကလေးငယ်များ စိတ်ပိုင်းဆိုင်ရာအတွက် နေ့ကလေး ထိန်းကျောင်း ထားရှိပေးသင့် စာ-၅

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ စာ-၈

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ စာ-၈

တရားမဝင်လမ်းကြောင်းကို ကာကွယ်တားဆီးနိုင်မှသာ စာ-၁၁

ဒေါ်လာဈေး တက်ရိပ်ပြလာ စာ-၁၂

ပွင့်လင်းမြင်သာစွာစီစဉ်ပေးမှုကြောင့် ဖုန်းမဲမပေါက်သော်လည်း စိတ်ချမ်းသာ စာ-၁၃

မီတာ ၂၀၀ အမြန်ဆုံး အပြေးသမား တိုင်စန်ဂေး စာ-၁၄

လင်းခေး-မိုင်းပန်-တာဆန်းလမ်းများ ဆက်သွယ်သွားလာမှု အဆင်ပြေ စာ-၁၇